www.burmeseclassic.com

မိုး : ၈၁၆ပ

မိုမို (ဆေးတက္ကသိုလ်)

# အုံ့မှုတ်ပဲ့ပျဉ်းနှစ်ကြောင်းရဲ့ပုံမြင်

BURMESE CLASSIC .com

design : bo bo htoon

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၅၅/၂၀၀၄ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၉၁/၂၀၀၄ (၄)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၀၄ ခုနှစ်၊ ဧမလ။

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

ပုံနှိပ်သူ

ဦးမြင့်သန်း (မြ-၀၄၉၀၂)

စံပယ်အော့ဖ်ဆက်

၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ


ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁)

အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊

ရန်ကုန်မြို့။

BURMESE CLASSIC .com

မိုမို ဆေးတက္ကသိုလ်



# ဆုံမှတ်မဲ့မျဉ်းနှစ်ကြောင်းရဲ့ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

"မောက်ပီရေ …နင်ဘာလုပ်နေလဲ"

အိပ်ရာထဲမှထ၊ အခန်းထဲမှထွက်လာသော ထမင်းစားခန်းဝအရောက် ထုံးစံအတိုင်း တစ်ခုခုလုပ်ရင်း အလုပ်ရှုပ်နေသော မိပေါက်ကိုအမြင်မှာ ဘာရယ်မဟုတ် Good morning ဟု နှုတ်ဆက်လိုက်သည့်သဘောပင် ဖြစ်သည်။

မိပေါက်က အဝတ်လျှော်စက်ထဲကို ဆပ်ပြာမှုန့်ဘူးဖွင့်ကာထည့်ရင်းမှ ဖျတ်ခနဲလှည့်ကြည့်လာရင်း …

"အဝတ်လျှော်ပြီလေ မမကြီးရဲ့၊ ထည့်စရာ အဝတ်ရှိသေးလား"

ဟု သူမအမေးကိုဖြေရင်း မေးခွန်းပါပြန်ထုတ်လာသည်။

"ရှိပါဘူးဟာ၊ မအတွက် ဘာဝယ်ထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဟင်းခါးလေ …မမကြီး၊ ညကပဲ မုန့်ဟင်းခါးစားမယ်ဆို"

"ဩော် …အေး ဟုတ်သားပဲ၊ ကြည်ပြာခရာ"

ပါကေးခင်းပေါ်စီးလာသည့် အိမ်တွင်းစီးကွင့်ထိုးအဝတ်ဖိနပ်လေးကို ထမင်းစားခန်းကြွေပြားဆီအရောက်မှာ ကတ္တီပါခင်း ကွင်းထိုးဖိနပ်လေးပြောင်းစီးရင်း မျက်စိရှေ့မှာ မမြင်သည့် ကြည်ပြာ့ကို မေးလိုက်မိသည်။

"အောက်ထပ်မှာ ဆိုင်သန့်ရှင်းရေးသွားလုပ်နေတယ် မမ"

ကြည်ပြာမကား သူမနှင့်အတူနေသော သူမ၏လက်စွဲတပည့်မလေးဖြစ်သည်။ ကိုယ်ပိုင်ဆိုင်ခွဲဖွင့်နိုင်လောက်အောင် အရည်အချင်းပြည့် ကျွမ်းကျင်နေပြီဖြစ်ပေမယ့် ရင်းနှီးလုပ်ကိုင်နိုင်သည့် ငွေကြေးမပြည့်စုံတာက တစ်ကြောင်း၊ သူမကိုလည်း ညီအစ်မရင်းတမျှ သံယောဇဉ်ရှိ နေပြီဖြစ်တာက တစ်ကြောင်းကြောင့် သူမနှင့်သာ အတူတကွ လုပ်ကိုင်နေခြင်းဖြစ်သည်။

အစကတော့ ကြည်ပြာသည် ဆိုင်အလုပ်ကို အိမ်မှသာ အတက်အဆင်းလုပ်ခြင်းဖြစ်၏။ လွန်ခဲ့သောသုံးလခန့်





ကတော့ အမေဖြစ်သူ ဆုံးပါးသွားခဲ့တာမို့ ပတွေးလုပ်သူနှင့် တစ်အိမ်တည်းအတူနေရန် မဖြစ်နိုင်တော့ရာ သူမက ကြည်ပြာ့ကို အိမ်မှာခေါ်ထားခြင်းဖြစ်သည်။

အိမ်မှာ အခမဲ့ခေါ်တင်ကျွေးထားသည့်အပြင် ပုံမှန်လခလည်း ပေးမြဲဖြစ်သော သူမအပေါ် ကြည်ပြာလေးကလည်း သိတတ်ရှာသည်ပင်။ အလုပ်ချိန်ပြင်ပ အိမ်မှာနေသည့်အခိုက် သူ့အလုပ်ကိုယ့်အလုပ် မခွဲခြား။

မိပေါက်နှင့် နှစ်ယောက် မခိုမကပ် ဝိုင်းကူလုပ်ကိုင်တတ်မြဲဖြစ်သည်။ အခုလည်း မိပေါက် မီးဖိုချောင်မှာ အလုပ်ရှုပ်နေခိုက် သူက အောက်ထပ်ဆိုင်သန့်ရှင်းရေးကို သွားလုပ်နေခြင်းဖြစ်သည်။

သူမက ရေချိုးသန့်စင်ပြီးနောက် ကိုယ့်အခန်းထဲ ပြန်ဝင်ခဲ့သည်။ သည်နေ့ ဆိုင်ပိတ်ရက်ဆိုပေမယ့် အနားယူ၍တော့မရ။ ထုံးစံအတိုင်း တစ်ပတ်တစ်ခါ ဆိုင်အတွက် လိုအပ်သမျှတွေ ဝယ်ခြမ်းဖို့ ဗိုလ်ချုပ်ဈေးသွားရမည်။

ဆိုင်အတွက်ရော ကိုယ့်အတွက်ရော လိုအပ်သည်တို့ကို Shopping ထွက်ရင်း တစ်ပတ်ထက်တစ်ပတ် တိုးတက်ပြောင်းလဲနေသောခေတ်၏ ဆင်ယင်ထုံးဖွဲ့မှုတို့ကိုပါ သွားရင်း



www.burmeseclassic.com

www.burmeseclassic.com



လာရင်း လှေလာရင်းဖြစ်သည်။

နောက်တစ်ခုကတော့ ယနေ့ အကယ်ဒမီမင်းသမီးတို့၏ ပင်တိုင်မိတ်ကပ်ဆရာတစ်ဆူဖြစ်နေသော သူမ၏ လက်ဦးဆရာထံသွား၍ တစ်ပတ်တစ်ခါ သင်တန်းသဘောမျိုး၊ ပညာယူတပည့်သွားလုပ်ရခြင်းပင်ဖြစ်သည်။

အတတ်ပညာတစ်ခုဆိုတာ ဘယ်တော့မှ ပြီးပြည့်စုံလုံလောက်သွားသည်ရယ်လို့ မရှိဘူးမဟုတ်လား။

ခရမ်းပြာက မျက်နှာသစ်ပြီးစ သဘာဝအလှနှင့် သူမမျက်နှာလေးကို မှန်ထဲတွင် စူးစိုက်ကြည့်မိသည်။

သူမ အသားရောင်က ဖြူနုစ်ဝင်းပကာ မျက်နှာကျက ဝိုင်းစပ်စပ်လေးမှာ မေးစေ့လေးက သွယ်ချွန်းသည်။ မျက်ခုံးက ပင်ကိုယ်က စင်ရော်တောင်ကိုမှ အနားသတ်ရိတ်သိမ်းထားတာမို့ စင်ရော်ငှက်ကလေး တောင်ပံဖြန့်ထားသည့်အလား ကော့ညွတ်ဝဲပျံနေသည်။

မျက်ဆံအနက်များသော မျက်ဝန်းတွေက ကျယ်ဝန်းကာ မျက်တောင်ရှည်တွေနှင့် လှပမဲမှောင်ပြီးသားမို့ အလှပြင်သည့်အခါ ထိုမျက်ဝန်းတွေကို Mascara သုံးရုံမှလွဲ၍ ပြုပြင်စရာမလိုပေ။





နှာတံကျစ်ကျစ်လေးက မျက်နှာနှင့် လိုက်ဖက်ရုံပေါ်လွင်သည်။ နှုတ်ခမ်းပါးများက သွေးရောင်လွှမ်းကာ အနားသတ်သေသေသပ်သပ်နှင့် ဖြစ်သည်။

ထိုနှုတ်ခမ်းနှစ်လွှာ၏ ဘယ်ဖက်အပေါ်ထောင့်မှာ မွေးရာပါ ထင်ရှားသည့် မှဲ့နက်လေးတစ်လုံးကတော့ ခရမ်းပြာ၏ အထူးခြားဆုံးသင်္ကေတပင် ဖြစ်တော့သည်။

ခရမ်းပြာက သူမ၏ဆံပင်များကို ဖြေချလိုက်သည်။ Loreal natural brown ဆိုးထားသည့် အညိုနုရောင်ဆံပင်များကို ပခုံးကျော်ရုံ Step ပုံစံထားပြီးဖြောင့်ထားသည်။

နဂိုဆံပင်အဖြောင့်စင်းကိုမှ ဆေးဖြင့်ထပ်ဖြောင့်ထားသေးရာ တောင့်မတ်ပြောင်စင်းသော ဆံပင်သားတို့က မျက်နှာဝန်းဝန်းလေးကို ပိုလို့နုနယ်နေစေတော့သည်။

အသက်သုံးဆယ်ကျော်လို့ သူမကို ဘယ်သူမှ မထင်ကြပါ။ အလွန်ဆုံးရှိလှမှ အသက်အစိတ်လောက်ဟုသာ ခန့်မှန်းကြ၏။

ခရမ်းပြာက မျက်နှာပြင်ပေါ် Oil control lotion လိမ်းပြီး Clinique ဝံဆိပ် City Stick မိတ်ကပ်တောင့်လေးကို လှည့်ထုတ်ကာ မျက်နှာအနှံ့တို့ကာတို့ကာ အစဉ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် လက်ချောင်းထိပ်လေးဖြင့် ကျွမ်းကျင်ညင်သာစွာ ညှိလိမ်းလိုက်သည်။

ပြီးနောက် အပေါ်မှ ပေါင်ဒါရိုက်လိုက်၏။ မျက်ခုံးကို ခဲတံအညိုရောင်ဖြင့် ဖြည့်ဆွဲပြီး မျက်တောင်ပေါ် Mascara အပြာနုတင်သည်။ သည်နေ့ မိုးပြာရောင်ဝတ်စုံ ဝတ်မည်ဟု စိတ်ကူးထားသည့်မဟုတ်လား။

နှုတ်ခမ်းကိုတော့ စားသောက်ပြီးမှ ဆိုးတော့မည်။ အင်္ကျီမဝတ်ခင် လည်ပင်း၊ လက်၊ ကျောနှင့် ခြေထောက် မကျန် Body Lotion ကို နှံ့အောင်လိမ်းသည်။

ပြီးမှ အဝတ်အစားဝတ်၏။ AK တံဆိပ်မိုးပြာရောင်လွှင်လွှင် လည်ထောင်ကိုယ်ကပ်လက်ပြတ်လေးကို မိုးပြာရောင်စကပ်လုံချည်ဖြင့် တွဲဝတ်လိုက်သည်။ တစ်ဆက်တည်း ရှားရှားပါးပါးဝယ်၍ရထားသော မိုးပြာရောင်လက်ကိုင် ပိုက်ဆံအိတ်လေးကိုပါ ပိုက်ဆံအိတ်တွေချည်း သီးသန့်ထားသော နံရံကပ်မှန်ဗီရိုထဲမှ ထုတ်ထားလိုက်သည်။

လက်ဝတ်လက်စားအဖြစ်တော့ ဘယ်ဘက်လက်မှာ ငွေရောင်လက်ပတ်နာရီအသေးလေးနှင့် တစ်လုံးတည်းစိန်လက်စွပ်တစ်ကွင်းဝတ်ကာ ညာဘက်လက်ပေါ်မှာတော့





နီလာအပျော့ဟန်းချိန်းနှင့် နီလာလက်စွပ်ဆင်တူကိုဝတ်ဆင်လိုက်လေသည်။

ပြီးလျှင်တော့ လက်ကိုင်အိတ် ဗီရိုနှင့်ကပ်လျက်မှာရှိသော ရေမွှေးဗီရိုငယ်လေးထဲမှ စိတ်နှင့်အထာကျရာ ရေမွှေးတစ်ပုလင်းကို ယူ၍ဆွတ်ဖြန်းလိုက်ပြီး မနက်စာစားဖို့အတွက် အခန်းထဲမှ ထွက်ခဲ့ကြောသည်။

သူမ ထမင်းစားခန်းထဲရောက်သွားသောအခါ အောက်ထပ်ဆိုင်ရှင်းလင်းပြီးရာမှ ပြန်ရောက်လာသော ကြည်ပြာ့ကိုပါ မနက်စာပြင်ဆင်လျက်သား တွေ့ရသည်။

"အားပါး … ငါ့မမကြီးက အပြတ်သားနားတယ်ကွာ၊ မိုးပြာရောင်နတ်သမီးလေး …ဟီးဟီး"

မိပေါက်က အဝတ်လျှော်စက်တစ်လုံးနှင့် အလုပ်ရှုပ်နေရာမှ သူမကိုတွေ့မြင်သွားကာ သူ့ထုံးစံအတိုင်း တလွှတ်ကလပ် အော်ဟစ်ရယ်မောချီးမွမ်းလာသည်။

"အေးတော့ …မမ မိုးပြာရောင်လေးနဲ့ တော်တော်လိုက်တယ်သိလား၊ အသားရောင်နဲ့ကို ဟပ်နေတာပဲ၊ ကြည်ပြာတို့များ ဝတ်လိုက်ရင်တော့ ကြည်ပြာကနေ မဲပြာဖြစ်သွားမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



အသားညိုသော ကြည်ပြာက ပြောသည်။

"ကဲ ...ကဲ မုန့်ဟင်းခါးစားကြ၊ အပြန်ကျရင်လည်း မုန့်ဝယ်လာခဲ့မယ်နော်"

"မမကြီး ...စကော့ဈေးက သီးစုံမုန့်စိမ်းပေါင်းဝယ်ခဲ့"

"ကြည်ပြာက ကျောက်ကျောရွှေရင်အေး"

"အေးပါ၊ ငါဝယ်စရာတွေများလို့ ခေါင်းတွေမူးပြီး မေ့မသွားဘူးဆိုရင်ပေါ့၊ သေချာတာကတော့ အိမ်အပြန်လမ်းထိပ်က မာလကာသီးပဲ"

"ရတယ် ...မမကြီးမမေ့အောင် ကြည်ပြာတို့ ဖုန်းဆက်ပြီး သတိပေးမယ်လေ"

"ဟုတ်ပါပြီ၊ ကဲ ...စားမယ်၊ ဗိုက်ဆာလှပြီ"

"ရပြီ မမကြီး ...ရပြီ၊ ဟင်းရည်ပူအောင်နွှေးနေလို့ပါ"

မိပေါက်က ဂက်စ်မီးဖိုပေါ်မှ ဟင်းရည်အိုးကို ချကာ ပန်းကန်ခေါက်ထဲပြောင်းထည့်ပြီး စားပွဲပေါ် ကမန်းကတန်းလာချသည်။ ကြည်ပြာက အငွေ့တထောင်းထောင်းနှင့် သောက်ချင်စဖွယ် မွှေးကြိုင်နေသော ကော်ဖီခွက်ကို





အားကျူးမခံ သူမရှေ့မှောက် အရောက်ပို့လာ၏။

"မမအကြိုက် ...ပူခါးလေး"

ကော်ဖီဆိုလျှင် ပူကြွက်ကာ ခါးသက်နေမှ ကြိုက်သော သူမအတွက် ကြည်ပြာက ပင်တိုင်အဖျော်ဆရာဖြစ်သည်။

"ဟဲ့ ...နင်တို့လည်း ဝင်စားကြတော့လေ၊ ငါတစ်ယောက်တည်း ပျင်းခြောက်ခြောက်ကြီး"

"စားမယ်မမ၊ မောက်ပိ ...လာလေကွာ၊ အဲဒါတွေထားခဲ့ဦး"

"လာပါပြီ၊ ဒီမှာရေညှစ်ထားခဲ့ပြီးရင် ပြီးပြီ"

သုံးယောက်သား မနက်စာအတူစားကြသည်။

'မောက်ပိ'ဟု သူမက ချစ်စနိုးနှင့် ပြောင်းပြန်လှန်ခေါ်သော မိပေါက်မှာ သူမ၏သူငယ်ချင်းမှတစ်ဆင့် ခေါ်ယူပေးလာသော အညာဘက် ကျေးရွာတစ်ရွာမှ မိဘမဲ့တစ်ကောင်ကြွက်မလေးဖြစ်သည်။

အသားမဲကြုတ်ကြုတ်၊ မျက်လုံးပြူးပြူး၊ ဆံပင်ကောက်ကောက်နှင့် အရုပ်ဆိုးမလေးဖြစ်ပေမယ့် အတွင်းစိတ်နှလုံးကတော့ လှပဖြူစင်သူလေးဖြစ်ကြောင်း မြင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ချင်းမှာပင် သူမ အကဲခတ်နိုင်ခဲ့သည်။

ထင်သည့်အတိုင်း မိပေါက်သည် အမှန်တကယ် လိမ္မာသိတတ်လှသည်။ မသိသည် မတတ်သည်များကို ကျိုးနွံစွာ လေ့လာသင်ယူရင်း ခြောက်လအတွင်းမှာ အိမ်တွင်းကိစ္စ လှည့်ကြည့်စရာမလိုသော သွေးသားရင်းချာတမျှ ယုံကြည်စိတ်ချရသည့် အိမ်သားတစ်ဦးဖြစ်လာခဲ့သည်။

အနီးအနားမှာ ဆွေမျိုးရင်းချာဟူ၍လည်း မရှိရာ မိပေါက်သည် သူမ၏အားကိုးအဖော်ပြုရာ အဖော်မွန်ကောင်းတစ်ယောက်လည်း ဖြစ်လို့နေတော့သည်။

ဆိုင်ဖွင့်ရက်ဆိုလျှင် ဆိုင်ဖွင့်ချိန် ဆယ်နာရီမတိုင်ခင် မိပေါက်က သူ့အိမ်ပေါ်မှအလုပ်တွေကို သိမ်းကျုံးလုပ်၏။ ပြီးသည်နှင့် သူ့အတွက်ပါ သီးသန့်ချုပ်ထားပေးသည့် ယူနီဖောင်းလေးဝတ်၍ အောက်ဆိုင်အလုပ်တွေ ဝိုင်းဝန်းကူညီသေး၏။

သူမ သင်ကြားပြသပေးတာကတစ်ကြောင်း၊ အတော့မြင်အတတ်သင် ပညာယူကာ ခေါင်းလျှော်၊ ဒရိုင်ယာမှုတ်၊ ဖြောင့်စက်ကူဆွဲ စသော အပရိကအလုပ်လေးတွေတော့ မိပေါက်လုပ်တတ်နေပါပြီ။





စားသောက်ပြီးသောအခါ မိပေါက်က ပန်းကန်ဆေးသိမ်းဆည်းရင်း ကျန်ရစ်ခိုက် ကြည်ပြာက သူမကိုကူညီဖို့ သူမနောက်မှ လိုက်လာသည်။

သူမက အခန်းထဲပြန်ဝင်ကာ နှုတ်ခမ်းနီဆိုးသည်။

"ကြည်ပြာရေ …ညက ငါတို့ရေးထားတဲ့ စာရင်းစာရွက် ထည့်ပါဦး၊ ပြီးတော့ ဖုန်းဘက်ထရီအသစ်လဲပေးပါဦး၊ အဟောင်းကို အားသွင်းထားဦးနော်"

"ဟုတ်…မမ"

ကြည်ပြာက ဖုန်းဘက်ထရီအသစ်လဲ ယူလာပေးသောအခါ လက်ကိုင်အိတ်နှင့် ဖုန်းကိုယူပြီး အခန်းပြင် ထွက်ခဲ့သည်။ ကြည်ပြာက အလိုက်သိစွာပင် ဖိနပ်ဗီရိုထဲမှ မိုးပြာရောင်ဖိနပ်အမြင့်ကို အဆင်သင့်ထုတ်ပေးရင်း တစ်လက်စတည်း ဖိနပ်စင်အပေါ်နံရံမှာ တန်းစီချိတ်ဆွဲထားသော သော့တွေအနက်မှ ကားသော့ကိုယူကာပေး သည်။

သူမ ချွတ်လဲလိုက်သော အိမ်တွင်းစီးအဝတ် ဖိနပ်လေးကို ဖိနပ်ဗီရိုနားမှာပင်ရှိသည့် မတ်တပ်စင်လေးမှာယူ၍ စွပ်တင်ထားပေးလိုက်ပြီး အိမ်တံခါးကို သော့ဖွင့်နှင့်သည်။

သူမ အိမ်ထဲမှထွက်လာချိန်မှာ ကြည်ပြာက အိမ်



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို အတွင်းလော့ခ်နှိပ်ကာ ပိတ်ခဲ့ပြီး သူမနောက်မှ ဆင်းလိုက်လာလေ၏။

အောက်ထပ်မှ သူမကားအထုတ်ကို ကူညီဖို့ရာ ဖြစ်သည်။

ပေအစိတ်၊ ပေခြောက်ဆယ် မြေညီထပ်နှင့် ပထမထပ်နှစ်ခန်းကိုဝယ်ကာ အောက်ထပ်မှာ ဆိုင်ဖွင့်ထားပြီး အပေါ်ထပ်ကိုတော့ လူနေဖို့ သီးသန့်ထားသည်။ ကားကို နေ့လယ်ခင်းတော့ အပြင်မှာထုတ်ထားပြီး ညဘက် ဆိုင်သိမ်းချိန်ကျမှ ဆိုင်ထဲသို့ ထည့်သိမ်းထားတာ ဖြစ်၏။

"မမ … ဖြစ်ရဲ့လား၊ ကြည်ပြာပါ လိုက်ခဲ့ရဦးမလား၊ အပြန်ကျရင်တော့ နောက်ကဘဲတွေပါလာမှာ မြင်ယောင်သေးတယ်နော်"

နေကာမျက်မှန်အနက်လေး ထုတ်တပ်ကာ မောင်းထွက်ဖို့ပြင်ဆဲ ကြည်ပြာက အနားကပ်ကာ ပြုံးစစနောက်လာပြန်သည်။

"ပါလာတော့လည်း ငါတို့ ဘဲကင်လုပ်စားကြတာပေါ့ဟယ်၊ ကောင်းကောင်းနေကြနော်၊ သွားပြီ၊ ဘိုင့်…"

ကြည်ပြာ့ကို လက်ပြနှုတ်ဆက်ရင်း ခရမ်းပြာက





ဆပ်ပါဆလွန်းအဖြူလေးကို လျှောခနဲနေအောင် မောင်းထွက်ခဲ့ပါတော့သည်။

မှန်တင် Air con ဖွင့်၍ ကားကို ခပ်မှန်မှန် မောင်းလာခဲ့ရင်း ဘယ်ကိုအရင်သွားရမည်ကို စဉ်းစားလာခဲ့သည်။ မနက်ကိုးနာရီသာရှိသေးသည်မို့ စကော့ဈေးသွားဖို့ အဆင်မပြေသေး။

ဆရာ့ဆီအရင်သွားလျှင် ကောင်းမည်။ ပြီးမှ စကော့ဈေးဝင်၍ ဆိုင်အတွက်လိုအပ်သည်များဝယ်ခြမ်း၍ ကိုယ့်အတွက်လည်း လိုတာကြည့်။ ပြီးမှ ပုလဲစင်တာမှ သူငယ်ချင်းဆီသွားမည်။

အလှပြင်ဆိုင်နှင့်ကပ်လျက် မြေညီထပ်ကိုဝယ်၍ ဖက်ရှင်အင်္ကျီချုပ်ဆိုင်ဖွင့်ဖို့ စိတ်ကူးကို အကောင်အထည်ဖော်ဖို့ရာ သူငယ်ချင်းက ကျွမ်းကျင်သော စက်သမားတစ်ယောက်နှင့် တွေ့ဆုံပေးဖို့ ချိန်းထားလေသည်။

ဖက်ရှင်ဒီဇိုင်နာကတော့ သူမပေါ့။ အရင်ဆုံး ကိုယ်တီထွင်သည့် အင်္ကျီဒီဇိုင်းတွေကိုချုပ်ပြီး ဆိုင်မှာ တင်ပြထားမည်။ အလှပြင်ဆိုင်ကိုလာသော သူမ၏မိတ်များသည် သူမကိုအားကျစံထားကြသူများ ဖြစ်ရာ သူမ ထပ်မံတိုးချဲ့သော



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းမှာ သူမ၏ နောက်ထပ်ဖောက်သည်များ ဖြစ်လာကြဦးမှာမလွဲ။

အရေးကြီးတာက ကိုယ့်ဘက်က အကောင်းဆုံးပေးဆပ်နိုင်ဖို့ဖြစ်သည်။ ထို့အတွက် စိတ်တိုင်းအကျဆုံး စက်သမားတစ်ယောက်ကိုရဖို့လိုသည်။ အချုပ်အလုပ် ကျွမ်းကျင်သူက သုံးယောက်လောက်ပေါ့။

အိမ်ရှင်နှင့်လည်း အခန်းငွေချေဖို့ကိစ္စ စကားပြောရမည်။

သူမက ရုတ်တရက်သတိရကာ မီးပွိုင့်မှာ မီးနီမိနေခိုက် ခေါက်ဖုံးလေးကိုဖွင့်ပြီး အိမ်ကို ဖုန်းခေါ်လိုက်သည်။

"ကြည်ပြာလား ... မမမှာဖို့ မေ့သွားလို့၊ အိမ်ရှင်ဖုန်းဆက်ခဲ့ရင် မမဟာန်းဖုန်းနံပါတ် ပေးလိုက်နော်၊ တော်ကြာမပေးမိမှာစိုးလို့၊ အိုခေနော် ... အဲဒါမမှာခဲ့ရလို့"

"ဟုတ် ... ဟုတ်၊ နေဦး မမ၊ မောက်ပိက မေ့နေတယ်၊ ညနေစာ ဘာချက်ထားရမလဲဆိုတာ မမေးလိုက်ရလို့တဲ့"

သူမက တစ်ချက်စဉ်းစားလိုက်ကာ ...





"အင်း ... မောက်ပိကိုပြောလိုက်၊ ပုစွန်ထုပ်ဝယ်ထားတာကို မီးဖုတ်ထားလို့၊ ကြက်သွန် ငရုတ်သီးစိမ်းပါးပါးလှီးပြီး သံပရာရည်နဲ့သုပ်စားမယ်၊ ကန်စွန်းရွက်ကို ငရုတ်သီးစိမ်းလေးအုပ်ပြီး စိမ်းစိမ်းကျွတ်ကျွတ်လေးကြော်မယ်၊ ပြီးတော့ ယိုးဒယားဟင်းချို ချဉ်စပ်လေးချက်ဟာ၊ အဲဒါစားချင်တယ်လို့နော်"

"မမ ဒီနေ့ သင်တန်းရှိတယ်မဟုတ်လား"

"ရှိတယ်၊ သင်တန်းပြီးမှပဲ ပြန်လာတော့မယ်၊ ငါးနာရီလောက်မှ ရောက်မှာပေါ့၊ ဒါပဲနော်"

သူမက ဖုန်းခေါက်လေးကို ပြန်ပိတ်လိုက်သည်။ ညနေလေးနာရီမှာ ကိုယ်ကာယအလှသင်တန်းသွားဖို့ ရှိပါသေးသည်။ ပြည့်ဖြိုးကျစ်လစ်တောင့်တင်းသော ခန္ဓာကိုယ်အလှကို ပိုင်ဆိုင်ထားပေမယ့် ရှိပြီးသားအလှကို မပျက်မယွင်း ထိန်းသိမ်းထားဖို့ လိုသည်မဟုတ်လား။

ကိုယ်တိုင်ကလည်း အလှအပမက်မောသလို ကိုယ်လုပ်နေရသော လုပ်ငန်းကိုကလည်း သူတစ်ပါးကို လှပအောင် ဖန်တီးပြုပြင်ပေးရသော အလုပ်မို့ ကိုယ်တိုင်က စံပြလှပအချိုးကျနေဖို့ လိုသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ သူများက အားကျယုံကြည်ကိုးစားကြမှာ မဟုတ်လား။

မီးပွိုင့်မှထွက်လာခိုက် ကားတစ်စီးက ရှေ့မှလည်း ကျော်မတက်ဘဲ ဘေးချင်းယှဉ်မောင်းကာ သူမကို သိသိသာသာကြီးပင် လှည့်ကြည့်ရှုစမ်းလာသည်။

မျက်လုံးစူးရှ၊ နှုတ်ခမ်းပြဲတီတီနှင့် သူမ ငဲ့ကြည့်မိတာမြင်လျှင် 'သိပ်လှတာပဲ၊ ဘယ်သွားမလို့လဲ' ဟု မှန်ထဲမှနေ၍ ပါးစပ်သရမ်းလာပြန်သည်။ အပြင်ထွက်တိုင်း ကြုံနေကျမြင်ကွင်းများပဲမို့ သူမက ပင့်သက်ချကာ လီဗာကိုဖိနင်းရင်း ရှေ့မှကျော်တက်မောင်းထွက်လာခဲ့သည်။

အိမ်မှ ကြည်ပြာနှင့်မိပေါက်တို့ မြင်လျှင်တော့

"ဒါကြောင့်ပြောတာပေါ့၊ မမမှာ လူရှိသေရှင်ရှိသေ ဘော်ဒီဂတ်တစ်ယောက်တော့ လိုနေပါပြီလို့"

ဟု ပြောနေကျစကားကိုပဲ မအောင်မြင်မှန်းသိလျက် ထပ်ပြောကြလိမ့်ဦးမည်။ ထိုအခါမှာ သူမက…

"မလိုပါဘူးကွယ်၊ခရမ်းပြာဘဝမှာ ဘယ်ယောကျ်ားမှ မလိုပါဘူး၊ ခရမ်းပြာက ကိုယ့်ဘဝကိုယ် ကောင်းကောင်း Guide လုပ်နိုင်တဲ့မိန်းမပါ"





ဟု နှုတ်ခမ်းလေးစေ့ကာ မာန်တင်း၍ပြောရင်း အခါများစွာကအတိုင်း 'ခေါင့်' ကို တိတ်တဆိတ်သွား သတိရနေဖြစ်လိမ့်မည်။

"အလို"

အတွေးတစ်ဖက်ဖြင့် မောင်းနှင်လာရာမှ မိမိရှေ့မှ တုံ့နှေးနှေးမောင်းနေသော ကားနံပါတ်ကိုအမြင်မှာ အသံလေးခုန်ထွက်အောင်ပင် ထိတ်လန့်တကြားဖြစ်သွားရသည်။

ခေါင့်ကားလေးပါလား။ မောင်းသူသည် ခေါင်မဟုတ်မှန်းသိသည့်တိုင် ခေါင်များဖြစ်နေမလားဟူသော အတွေးဖြင့် သို့တည်းမဟုတ် ခေါင် ထိုင်ခဲ့ဖူးသောနေရာလေးကို အလွမ်းပြေကြည့်ချင်စွာဖြင့် လှမ်းကြည့်လိုက်မိသေးသည်။

မောင်းသူက အဘိုးကြီးတစ်ယောက်သာဖြစ်သည်။ ကျော်တက်၍ရသည့်တိုင် ကျော်မတက်ဖြစ်ဘဲ လမ်းကြိုသည်အထိ တောက်လျှောက်မှာ ခေါင့်ကားဟောင်းလေး နောက်က လိုက်မောင်းကြည့်နေမိသည်။

ဆယ်နှစ်တိုင်တိုင်ကြာခဲ့ပြီ။ သည်ကားနံပါတ်ဟောင်းလေးကို မှတ်မိနေဆဲ။ နောက်ပြီး အလွတ်ရနေဆဲ တယ်လီ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်လေးတစ်ခုလည်း ရှိသေးသည်။ ပြီးတော့ မမေ့လျော့နိုင်သည့် အိမ်လိပ်စာတစ်ခု။

ခေါင်တစ်ယောက် ဘယ်များရောက်နေပါလိမ့်။ ဘာတွေများ ဖြစ်ပျက်ပြောင်းလဲနေခဲ့ပါလိမ့်။

သည်နေ့အဖို့ ခေါင့်ကို သတိရတမ်းတစိတ်သည် ခါတိုင်းနေ့များထက် ပိုမိုရမည်မှာ သေချာနေတော့သည်။

x x x



ဆိုင်ခန်းထောင့်မှာရှိသော တံခါးတစ်ပေါက် ရေခဲသေတ္တာလေးပေါ်မှ တယ်လီဖုန်းသံမြည်လာချိန်မှာ ခရမ်းပြာက ရေခဲသေတ္တာထဲမှ ကော်ဖီအေးယူသောက်ချိန်နှင့် တိုက်ဆိုင်နေတာမို့ ကိုယ်တိုင်ပဲ ကောက်ယူနားထောင်လိုက်ပါသည်။

"ဟဲလို ...ခရမ်းပြာကပါရှင်"

"မခရမ်းပြာနဲ့များ ပြောလို့ရမလားရှင်"

တစ်ဘက်မှ မိန်းမငယ်လေးတစ်ယောက် ဖြစ်သည်။ အသံလေးက အထူးတလည် သိမ်မွေ့နူးညံ့လှတာ သတိပြုမိသည်။

"ခရမ်းပြာ ပြောနေတာပါ"

"ဪ ...မ၊ ခေးနာမည်က ဂုဏ်မြင့်သူပါ၊ မီးကို



www.burmeseclassic.com

www.burmeseclassic.com



မခိုင်က မရဲ့ဇစ်စစ်တင်းကဒ်လေးပေးလို့၊ မခိုင်ကိုသိလား ဟင်၊ ရွှေတောင်ကြားကပဲလေ"

"ဪ … ဟုတ်ပါပြီ၊ သိပါတယ်"

သူမထံမှာ ဆံပင်ကောက်နေကျ ဖောက်သည်တစ်ဦး ဖြစ်သည်။

"ဟုတ် …မခိုင်ကပြောတယ်၊ မက သိပ်တော်တာပဲတဲ့၊ အဲဒါကြောင့် မဆိုင်ကို ခေး လာချင်လို့ပါ၊ မ ရှိတယ်မဟုတ်လားဟင်"

"ရှိပါတယ်၊ လာခဲ့ပါနော်၊ ညီမလေးက ဘာ လုပ်မှာလဲမသိဘူး"

"ခေးက ဆံပင်ဖြောင့်ချင်တာပါ"

"ဪ … ဟုတ်ပြီ၊ ခြောက်နာရီလောက်တော့ ကြာမယ်နော် ညီမလေး"

"ဟုတ် …မ၊ ရပါတယ်"

"အိုကေလေ …ဒါဆိုရင် ဆယ်နှစ်နာရီထက် နောက်မကျအောင်လာခဲ့နော်"

"ခေး ခုပဲလာနေပြီမ၊ Thank you"

ကောင်မလေးက ဖုန်းပိတ်သွားသည်။ သူ့ဆိုင်မှာ





မိတ်ဟောင်းတွေကတစ်ဆင့် လက်ဆင့်ကမ်းသော ဖောက်သည် အသစ်တွေက မကြာခဏရောက်လာနေကျပဲဖြစ်သည်။

အစဉ်မပြတ် ကြိုးစားအားထုတ်နေခြင်းနှင့် အရည်အသွေးကို ထိန်းသိမ်းထားနိုင်ခြင်း၏ ရလဒ်ပဲဟု သူမ ယုံကြည်သည်။ အလုပ်ကောင်းလျှင် ကံကောင်းမှည် ဟူသော ဆောင်ပုဒ်သည် သူမဘဝ၏ လက်စွဲလမ်းပြပဲ မဟုတ်လား။

တနင်္လာနေ့မို့ တစ်ခြားနေ့တွေလို ဆိုင်မှာ လူမကျလှချေ။ လူမကျဆိုသည်မှာ ဆိုင်ရှေ့ခြမ်း ဧည့်ခန်းလေးထဲမှာ အလှည့်ကျကို ထိုင်စောင့်နေရသူတွေနှင့် ပြည့်မနေတာကို ဆိုလိုသည်။

တနင်္လာနေ့ လူအရှင်းကိုပင် တမင်ရွေး၍လာကြသော အယူအစွဲမရှိသူတွေလည်းရှိလေရာ သူမနှင့် ညီမငယ်ငါးယောက်တို့ အအားမနေရအောင်တော့ လူစည်နေသည်ပင်။

ခဏကြာလျှင်တော့ ဆိုင်တွင်းမှသာမြင်နိုင်ပြီး အပြင်မှ မမြင်နိုင်သည့် ဆိုင်ရှေ့မှန်တံခါးချပ်အပြင်ဘက်မှာ ထိုးရပ်လာသော SUZUKI WAGON အနီလေးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။

ထိုအထဲမှ မိန်းကလေးငယ်လေးတစ်ယောက် ဆင်း လာကာ ဆိုင်ထဲသို့ ဝင်လာသည်။ မြင်လိုက်သည်နှင့်ပင် စောစောက ဖုန်းဆက်ထားသော သူလေးဖြစ်မည်မှန်း သိ လိုက်နိုင်သည်။

လှိုင်းတွန့်လေးတွေပါသော ပခုံးကျော်ကျော် ဆံပင်ကို တစ်ဖက်တစ်ချက်ချထားလျက် ရယ်ဒီမိတ် ပိတ်ဖောက်ဇာ လက်ကြိုးတစ်လုံးအဖြူလေးကို ဒူးဆစ်မှာ တစ်ဖက်တစ်ချက် အခွဲလေးပါသော စကပ်အနီကွက်လေးနှင့် တွဲဝတ်ထား သည်။

လက်ကိုင်အိတ်အနီလေးကို ပခုံးမှာလွယ်ပြီး ဆိုင် ထဲသို့ လှမ်းဝင်လာသော သူ့သွင်ပြင်ဟန်သည် ဖက်ရှင်ရှိုး ဇင်မြင့် ဆီမှ မော်ဒယ်မလေးနှင့် တူနေတော့သည်။

မျက်နှာလေးက သွယ်လျလျ ဘိုဆန်ဆန်ချောချော လေးမှာ နှုတ်ခမ်းနီ မရဲတရဲလေးသာ ဆိုးထားဟန်ကလည်း မခို့တရို့နှင့် ချစ်စဖွယ်။

ခရမ်းပြာသည် မြင်မြင်ချင်းပင် ဝှက်မြင့်သူဆိုသော ချစ်စဖွယ်နာမည်လေးနှင့် ချောမောနုမျစ်လှသည့် ကောင်မ





လေးကို သဘောကျသွားမိလေတော့သည်။

သူကလေးက သူ့ကို ဝိုင်းဝန်းကြည့်ရှုနေကြသော လူတွေထဲ အလှပြုပြင်နေသူတွေမှအပ ခရမ်းပြာရောင် တူညီ ဝတ်စုံလေးတွေ ဝတ်ဆင်ထားသည့် ဆိုင်ဝန်ထမ်းတွေကြား ထဲမှာ အနီရောင်ရဲရဲဝတ်စုံဖြင့် ထင်ရှားနေသော သူမဆီသို့ တန်းတန်းမတ်မတ်လျှောက်လာကာ ...

"မခရမ်းပြာလားဟင်"

"ဟုတ်ပါတယ်၊ စောစောက ဖုန်းဆက်ထားတဲ့ ညီမလေးထင်တယ်"

"ဟုတ်ကဲ့၊ မ,က ငယ်ငယ်လေးရှိသေးတယ်နော်၊ ချေလည်းအရမ်းချောတာပဲ၊ မခိုင်က မကို အရမ်းမွမ်းတာ"

"Thank you၊ ညီမ ခေါင်းလျှော်လာလား"

"ဟင့်အင်း ... မ၊ ဒီမှာပဲ တစ်ခါတည်းလျှော်ပြီး လုပ်တာ ကောင်းမယ်ထင်လို့"

"ဒါဆို လျှော်လိုက်ရအောင်နော်၊ ဒီဘက်ကိုလာ ညီမ"

သူမက ခေးကို ခေါင်းလျှော်ခံဖို့နေရာကို ညွှန် ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာရေ ...ဒီညီမကိုလျှော်မယ်"

ငါးယောက်ထဲမှာ အားလပ်နေသော စန္ဒာ့ကို လှမ်းပြောလိုက်ပြီး ခေါင်းလျှော်ပြီးသွားသော ညှပ်ခေါင်းတစ်ခေါင်းဆီသို့ ကူးခဲ့သည်။ တစ်ဆက်တည်း လက်အားသွားသော ကြည်ပြာကို ဖြောင့်ခေါင်းအတွက် ဖြောင့်ဆေးစပ်ခိုင်းလိုက်၏။

"ကြည်ပြာမ ... ဖြောင့်ခေါင်းအတွက် ဆေးယူခဲ့မယ်"

ဆံပင်ညှပ်နေရင်းမှလည်း အာရုံကို ဖြန့်ဝေထားရသည်။ ကတ်စတန်မာတစ်ယောက်ကို တပည့်တစ်ယောက်စီက တာဝန်ယူထားသည်ဆိုပေမယ့် ကတ်စတန်မာအားလုံး၏တာဝန်က သူ့တာဝန်သာ ဖြစ်သည်မဟုတ်လား။

"မောက်ပီရေ ... အန်တီကြီးကို ပျော့ဆေးများများသုံးပေးမယ်နော်"

"အသေးလေး ...အလယ်တစ်ချက်ကို ဂေါ်ပြားခံပေး၊ တအားကြီးပြားကပ်သွားမှာစိုးလို့"

တစ်ယောက်ညှပ်ပြီးသွားသောအခါ ဒရိုင်ရာဆွဲဖို့ကို သင်တန်းသူတစ်ယောက်နှင့် လွှဲပစ်ခဲ့ပြီးနောက် ညှပ်ခေါင်း





တစ်ခေါင်းဆီ ကူးခဲ့သည်။ သည်တစ်ယောက်ကတော့ ခေါင်းလျှော်ဟာကလွဲ၍ သူကိုယ်တိုင် အစအဆုံး လုပ်ပေးမှ ကျေနပ်မည့်သူဖြစ်သော သူငယ်ချင်းအရင်းကြီးဖြစ်သည်။

ပေါက်တတ်ကရလည်း ပြောတတ်သေးရာ သူလာလျှင် တဝါးဝါးတဟားဟားနှင့် အားလုံးရယ်ရမောရမြဲမို့ တပည့်မလေးတွေက သူလာလျှင်ပျော်ကြသည်။

အသက်သုံးဆယ်ကျော်ရုံနှင့် ထွက်လာသမျှ ဆံပင်အားလုံး အဖြူရောင်တွေချည်းဖြစ်တော့ရာ မကြာခဏ ဆေးလာဆိုးနေရသူပဲဖြစ်သည်။

ကျောင်းတုန်းက ဆိုဒ်တူကိုက်တူဖြစ်ပေမယ့် အိမ်ထောင်ကျပြီး ကလေးတစ်ယောက် မွေးပြီးနောက်ပိုင်း တစ်သားမွေး တစ်သွေးဝကာ ပုံပျက်ပန်းပျက် ဖြစ်နေသူလည်းဖြစ်၏။

"ကျုပ် ရှင့်ဆီတောင် ဖုန်းဆက်လိုက်သေးတယ်၊ ဒီနေ့ လာဖြစ်လားလို့၊ ရှင်ထွက်သွားပြီတဲ့၊ ကလေးလေး တစ်ယောက်နဲ့တွေ့တယ်၊ ရှင့်သားလေးလား"

"ဟုတ်ပါဘူးဟယ်၊ ကျုပ်သားက ဖုန်းမှမထူးတတ်သေးတာ၊ ကလေးလေးလည်း မဟုတ်ပါဘူး၊ ဆယ်သုံးနှစ်



www.burmeseclassic.com

www.burmeseclassic.com



သမီးလောက်ရှိနေပြီ၊ ကျုပ် တောကခေါ်ထားတဲ့ ကောင်မလေးပါ၊ လူကလည်း ကျုပ်လောက်ရှိတယ်၊ စကားပြောရင် အဲဒီလိုပဲ မနဲ့လေးသံလေးနဲ့၊ တစ်ခုတော့ ကောင်းတယ်ဟ၊ အလှူခံလာရင် လူကြီးမရှိဘူးလို့ ပြောခိုင်းလို့ရတယ်''

အေမှိစကားကြောင့် သူမတို့အားလုံး ရယ်မောမိကြသည်။

''လူမရှိတော့လည်း မဖြစ်ဘူးဟ၊ ဒါကြောင့် ဈေးများမနေအားဘူး၊ ရတာပဲယူထားရတယ်၊ ဟိုတစ်လောကဆို ငါတစ်ယောက်တည်း ဂျင်ဂျင်ကိုလည်လို့၊ မနက်ကတည်းက မီးဖိုချောင်ဝင်လိုက်တာဟာ ညကိုးနာရီမှပဲ ထွက်ရတော့တယ်၊ တစ်နေ့တစ်နေ့ ချက်လိုက်ပြုတ်လိုက် စားလိုက်ကြ၊ စားပြီးတာတွေကို ပြန်ဆေးကြောရနဲ့ပဲ သံသရာလည်နေတာ၊ အဲဒီ စားတဲ့သောက်တဲ့အလုပ်ကြီးက တော်တော်ကို အလုပ်ရှုပ်တာ၊ ပန်းကန်တွေဆေးရတာ လက်မှာဝဲတောင်ပေါက်တယ်၊ ပန်းကန်နဲ့မစားဘဲ ဖက်နဲ့တောင် ပြောင်းစားရမလား စိတ်ကူးမိပါတယ်ဆို''

ပြောလိုက်လျှင် အားရပါးရနှင့် တစ်တာစ်ခွခွကြီးမို့ အေမှိပြောစကားကို သူမတို့တတွေ သဘောကျစွာ ရယ်





မောမိကြပြန်သည်။

''တကယ်ပါဟယ် ...အိမ်သာတက်မှ အိမ်သာမဆေးရတာသတိရ၊ ရေချိုးတော့မှ ရေချိုးခန်းမတိုက်ရသေးတာသတိရ၊ လေ့ကားကဆင်းမှ လေ့ကားတံမြက်စည်းမလှည်းရသေးတာ သတိရနဲ့၊ အို ... ချာလပတ်ကို လည်နေတာပဲ၊ ဒီကြားထဲ ကလေးကိစ္စကတစ်ဖက်''

''ဒါတောင် ရှင်မပိန်ဘူးနော်''

''ပိန်ဆေးရှိတယ်သိလား အေမှိ၊ သေချာပေါက်ပိန်စေရမယ်''

ကြည်ပြာက လှမ်းပြောသည်။

''ဘာလဲ၊ လုပ်စမ်းပါဦး''

''မအေမှိယောက်ျားကိုသာ နောက်မိန်းမယူခိုင်းလိုက်၊ မအေမှိ သေချာပေါက်ပိန်သွားစေရမယ်''

''မလုပ်ပါနဲ့ဟယ်၊ ဒီနည်းနဲ့တော့ မပိန်ပါရစေနဲ့၊ ဒါလင်ကလည်း ဒါမျိုးဘယ်တော့မှ လုပ်မှာမဟုတ်ပါဘူး''

''ဝါး''

အားလုံးက ရင်းနှီးနောက်ပြောင်နေကျဖြစ်သော သူတို့ဖောက်သည် မမဝဝလှလှကြီးကို ဝိုင်းလှောင်ပြော



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောလိုက်ကြသည်။

"အခုလူရပြီမဟုတ်လား၊ ရှင် ကျုပ်နဲ့ သင်တန်း လိုက်ခဲ့ပေတော့၊ ဒီလကုန်မှာ သင်တန်းအသစ်တစ်ခုထပ် စမှာ၊ အတော်ပဲ"

"မဖြစ်သေးပါဘူး ခရမ်းပြာရှယ်၊ ကောင်မလေးနဲ့က အိမ်မှာ စိတ်ချရတာမဟုတ်ဘူး"

"လုပ်ပြီ၊ ရှင်ကတော့လေ၊ ဘယ်တော့မှ စိတ်ရိုး မရှိဘူး၊ အဲဒီလို ပျင်းနေတာနဲ့ပဲ ဒီအဝသံသရာထဲက ရုန်း ထွက်နိုင်မှာမဟုတ်ဘူး၊ ဝတယ်ဆိုတာ ဘာအတွက်မှ မကောင်းဘူး အေးမီရဲ့၊ အလှအပအတွက်တင်မဟုတ်ဘူး ကျန်းမာရေးအတွက်လည်း မကောင်းဘူး၊ ဘယ်သူ့အတွက်မှ မစဉ်းစားနဲ့၊ ကိုယ့်အတွက် ကိုယ်အရင်စဉ်းစား၊ ပိန်ပြီး လှသွားခြင်းအားဖြင့် ရှင် ကျန်းမာမယ်၊ အသက်ရှည်မယ်၊ ငါလှနေပါလားဆိုတဲ့အသိနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချ မှုတွေရှိလာမယ်၊ proud ဖြစ်နေမယ်၊ First person အဖြစ် အဲဒီအကျိုးကျေးဇူးတွေကို အရင်ဆုံး ခံစားရမယ်၊ ပြီးတော့မှ Second person ဖြစ်တဲ့ ရှင့်ယောကျ်ားတို့၊ ရှင့်ပတ်ဝန်းကျင် က လူတွေအတွက်ဖြစ်မှာ၊ ကျုပ်ပြောတာ ရှင့်ယောကျ်ား





အတွက် ရှင်လှရမှာ မဟုတ်ဘူးနော်၊ ကိုယ့်ကိုယ်ကိုအတွက် ရှင်လှရမှာ၊ အသက်ငယ်ငယ်လေး ရှိပါသေးတယ်ဟာ၊ မိန်းမ တစ်ယောက်အတွက် လှလှပပနေသွားရမယ့်အချိန်တွေကို ဘာလောက်စိပ္ပပွကြီးတစ်ထည်အောက်မှာ ဖြုန်းတီးမပစ် စမ်းပါနဲ့၊ ကိုယ့်ရုပ်ရည်လေးက လှပြီးသားဟာကို၊ ငွေကြေး လည်း တတ်နိုင်တယ်၊ ရှင့်မှာ ခဝင်းရဲနေတာ အချိန်နဲ့ ဝီရိယပဲ၊ အိုခေ ..."

သူမက စကားအရှည်ကြီးကို အဆုံးသတ်လိုက် သောအခါ အေမီ့မျက်နှာပေါ်မှာ လန်းဆန်းသော အရိပ် အယောင်အသစ်တစ်မျိုးကို မြင်လိုက်ရသည်။

"ရှင့်ကို ကျုပ် အကြံတစ်ခုပေးချင်တယ်သိလား၊ ရှင် ကိုယ်ကာယအလှသင်တန်းတစ်ခုပါ ထွဲဖွင့်သင့်တယ်၊ အဲဒါဆိုရင် ခုလိုပဲ အောင်မြင်ဦးမှာပဲ၊ ရှင့်တော်ကီနဲ့ကင် ဆံပင်ညှပ်ဆိုင်ကိုလာတဲ့လူတွေအားလုံး ရှင့်သင်တန်းသား တွေဖြစ်သွားမှာ သေချာတယ်"

"အေး ...ကျုပ်လည်း အဲဒီစိတ်ကူးရှိတယ်၊ အလှ အပနဲ့သက်ဆိုင်တဲ့ လုပ်ငန်းတွေအားလုံး ကျုပ်လုပ်ချင်တဲ့ ဆန္ဒရှိတယ်၊ ဒါ နောက်စီမံကိန်းတစ်ခုပေါ့ဟာ၊ လောလော



www.burmeseclassic.com

www.burmeseclassic.com



ဆည်တော့ ကျုပ် ဆရာမဖြစ်သေးပါဘူး၊ ဘယ်လိုလဲ မိန်းမ၊ စကားမလွှဲပါနဲ့၊ တက်မှာလား … မတက်ဘူးလားပြော"

"တက်မှာ၊ အရမ်းကို တက်ကြွသွားပြီ၊ အိမ်ရောက်ရင် ဒါလင့်ကိုပြောလိုက်ဦးမယ်"

"သူက မလွှတ်ဘူးဆိုရင်ကော"

"ကိုယ့်ကားကိုယ်မောင်းနေတာပဲ၊ သူမလွှတ်လည်း အစ်မဘာသာအစ်မ ခိုးထွက်ခဲ့ပေါ့ မအေမီရဲ့၊ တစ်နေ့တစ်နာရီပဲ ကြာမှာကို"

စန္ဒာက လှမ်းအကြံဉာဏ်ပေးနေသည်။

"အေးပါ၊ ဟုတ်ပြီ၊ ဟုတ်ပြီ"

"နောက်ကျမှ အစ်မဒါလင်ကြီးက အေမီရေ သွားသွားလို့ အတင်းတွန်းလွှတ်နေပါဦးမယ်"

သူမတို့ စကားကောင်းနေခိုက်မှာပဲ အေမီ၏ ဟန်းဖုန်းလေးမှ တီးလုံးသံလေးထွက်လာသည်။ အေမီက ကမန်းကတန်းကောက်ကိုင်၏။ ဖုန်းကိုမဖွင့်ခင် …

"ဒါဒါ့ဆီက"

ဟု ရှုတ်နောက်နောက် ခပ်တိုးတိုး အသိပေးသေး၏။ သုံးလေးခွန်း ပြောပြီးသွားသောအခါ ဖုန်းပြန်ပိတ်လိုက်





သည်။

"ဘာတဲ့လဲ"

"ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲတဲ့"

"သူ့မိန်းမကို စိတ်မချလို့ ချက်ကင်လုပ်နေတယ်ပေါ့လေ"

သူမက ရယ်ဟဟ စမိသည်။

"မအေမီ …အဲဒါ အကောင်းဆက်တာမဟုတ်ဘူးသိလား၊ အစ်မ ဘယ်ရောက်နေလဲလို့ လှမ်းcheck တာ၊ အစ်မနဲ့ တည့်တည့်တိုးနေမှာစိုးလို့၊ ရှောင်တိမ်းသွားရအောင်လို့ ရေဒါထောက်တာ၊ ဟီ …ဟီ"

"ဟင် …ကြည့်စမ်း၊ ရက်စက်လိုက်တာ၊ တော်ပြီ နောက်တစ်ခါလာရင် ကြည်ပြာ့အတွက် မုန့်ထည့်မပေးခဲ့တော့ဘူး၊ သွားတော့မယ်"

ကြည်ပြာ့အရွှန်းကို အားလုံးက ဝိုင်းရယ်မောလိုက်ကြသည့်အခိုက်မှာပဲ အေမီက ဝမ်းပန်းတနည်း ရေရွတ်ရင်း ကြည်ပြာ့ကို ဟန်ဆောင်စိတ်ဆိုးဟန်ပြုကာ ပြန်ဖို့ပြင်လေသည်။

"မအေမီ …နောက်တာနော်၊ အဲဒီလိုမစိမ်းကား



www.burmeseclassic.com

www.burmeseclassic.com



နဲ့"

"တော်ပြီဟာ၊ စိတ်နာသွားပြီ"

"နေပါဦး … သူငယ်ချင်းရဲ့၊ ရခိုင်မုန့်တီစားသွားပါဦး၊ ဒီနေ့ ကြည်ပြာက သူ့မွေးနေ့မို့ ကျုပ်တို့တစ်ဆိုင်လုံးကို မုန့်တီချက်ကျွေးတယ်လေ၊ မောက်ပိရေ စားလို့ရပြီလား"

"ရပြီလေ … မမကြီး၊ အနောက်မှာ အဆင်သင့်ပဲ"

"မစားတော့ဘူး၊ ကြည်ပြာကျွေးတာဆိုလို့"

"မအေမီနော်၊ များက ကျီစားတာကို"

"အလကားပြောတာ၊ ကျုပ် တကယ်မစားတော့ဘူး၊ မနက်ထွက်လာကတည်းကမှ သွေးပေါင်ကျဆေး သောက်ခဲ့ရတာ၊ ပရက်ရှာတက်နေလို့၊ သွားတော့မယ်၊ ဟက်ပီးဘက်ဒေး ကြည်ပြာ၊ Thank you ခရမ်းပြာ၊ အားလုံးပဲ သွားပြီ၊ ကလေးသွားပြန်ကြိုရဦးမှာမို့လို့"

ဆိုင်ထဲမှ ရေးကြီးသုတ်ပြာ ထွက်သွားသော အေမီကို အားလုံးတညီတညွတ်တည်း ပြန်နှုတ်ဆက်လိုက်ကြသည်။ သူမ သူငယ်ချင်းဆိုပေမယ့် ပျော်ရွှင်ခင်မင်တတ်သော အေမီကို တစ်ဆိုင်လုံးမှ ရင်းနှီးစွာဖြင့် သည်လိုပဲ ချစ်စနိုး ခေါ်နောက်





နေကျဖြစ်သည်။

အေမီကိစ္စ ပြီးသွားပြီမို့ ဆိုင်အတွင်းမှာ အရေးကြီးကတ်စတန်မာဆို၍ 'ခေး'ဆိုသူလေးသာ ကျန်တော့ရာ ခရမ်းပြာက သူရှိရာသို့ လျှောက်လာခဲ့ပါသည်။

ကြည်ပြာက ဖြောင့်ဆေးထည့်ထားပေးပြီးဖြစ်ရာ သည်အတိုင်း အချိန်အခိုက်အတန့် စောင့်ဆိုင်းနေရချိန် ဖြစ်၏။

သူမ အနားရောက်လာသောအခါ သူမလေးက မော့ကြည့်ကာ ပြုံးပြသည်။

"မတို့ဆိုင်က ပျော်စရာကြီးနော်၊ အမြဲတမ်း အဲလိုပဲလားဟင်"

"ဟုတ်တယ်၊ အထူးသဖြင့် ခုနလိုပျော်တတ်တဲ့ သူငယ်ချင်းတွေလာရင်ပေါ့၊ မဟုတ်လည်း အချင်းချင်း နောက်ပြောင်နေကြတာပါပဲ၊ ဆိုင်မှာ အားလုံးက ညီအစ်မတွေလိုပဲလေ"

"ဟုတ်မယ်နော်၊ ကြည့်ရတာ ပျော်စရာကြီး၊ ခေးတောင် ပူးပေါင်းချင်လာပြီ"

ငအေးများသုတ်လိမ်းကာ ဆံပင်အားလုံး နောက်အပြောင်သိမ်းထားသည်မို့ သူမ၏ မျက်နှာနုမျစ်ချောမွေ့မှု



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်းလင်းစွာ တွေ့မြင်နေရသည်။

စိတ်နှလုံးဖြူစင်ရိုးရှင်းသူလေးမှန်းလည်း ကြည်လင်နေသော ထိုမျက်နှာလေးကပင် ဖော်ပြနေ၏။

“မခိုင်နဲ့က ခင်လို့လားဟင်”

သူမက ကတ်စတန်မာတစ်ယောက်အပေါ် ရင်းနှီးဖော်ရွေမှုကိုပြသည့်အနေဖြင့် မေးမြန်းကြည့်လိုက်ပါသည်။

“ဟုတ်တယ်၊ ခြချင်းတပ်လျှက်၊ ဟိုဘက်အိမ်ဒီဘက်အိမ်နေတာလေ၊ အဲဒီတော့ ခင်နေတာ”

“ဟုတ်လား၊ ပြီးခဲ့တဲ့တစ်ပတ်ကတောင် သူလာသွားသေးတယ်၊ အကောက်တွေကို ပြန်လာညှပ်သွားတာ၊ သူ့အမျိုးသားက အကောက်တွေ မကြိုက်လို့ဆိုလား”

“ဟုတ်တယ် … ဟုတ်တယ်၊ မခိုင်ပြောတယ်၊ ခေးကလေ တစ်ခါမှ ဆံပင်ညှပ်ဆိုင်မသွားဖူးဘူးသိလား”

“ဟုတ်တယ်”

“ဆံပင်ကလည်း မွေးကတည်းက အရှည်တညီတည်းထားတာဆိုတော့ တိတာလောက်တော့ အိမ်မှာပဲ မေမေ့ကို တိခိုင်းလိုက်တယ်၊ သူငယ်ချင်းတွေနဲ့တော့ လိုက်သွားဖူးတာပေါ့၊ ခုလည်း ဆိုင်သွားဖို့ကို မခိုင်ကိုအရင်မေးရတာ၊





ခေးက ဆိုင်တိုင်းမသွားချင်ဘူး၊ တစ်ချို့ဆိုင်တွေသွားရတာ အေးစက်စက်နဲ့ တောင့်တောင့်တင်းတင်းကြီး၊ နွေးနွေးထွေးထွေးမရှိဘူး၊ ဘာလုပ်မလဲမေးပြီး ပြောတာကို လုပ်ပေးလိုက်တာပဲ၊ ခေးက ကိုယ်လိုချင်တာလေးပြောပြီး သူကလည်း အကြံဉာဏ်ပေးပြီး ဆွေးနွေးလို့ရတာမျိုးလေး ဖြစ်စေချင်တာ၊ ခေးက ပြောပြတော့ မခိုင်က ဒီကိုသာသွားဆိုပြီး လွှတ်လိုက်တာ၊ ခေး စိတ်ချမ်းသာစေရမယ်တဲ့”

ကောင်မလေး၏အထာကို ခရမ်းပြာ သဘောပေါက်သွားသည်။ သူ သဘောကျသည်မှာလည်း သည်လိုမျိုး ကတ်စတန်မာပဲဖြစ်သည်။

အရင်အလှပြင်ဆိုင်မဖွင့်ခင်က ကိုယ့်မှာလည်း ဒီလို ခံစားချက်မျိုး ရှိခဲ့သည်။ ကိုယ့်ဆိုင်ကျလျှင် သည်လို အားနည်းချက်တွေကို ပယ်ဖျက်ပစ်ရမည်ဟု ဆုံးဖြတ်တာဖြစ်သည်။

“မက ဒီအလုပ်ကို စီးပွားရေးအတွက်ထက် ဝါသနာပါလို့ကို လုပ်တာလေ၊ မ ငယ်ငယ်ကတည်းက အလှပြင်ရတာ၊ အဝတ်အစားကို ဒီဇိုင်းထွင်ဝတ်ရတာတွေကို ဝါသနာပါတာ၊ မြူတီပါလာကိုတော့ အရင်ဖွင့်ဖြစ်တာပေါ့၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခန်းမှာလည်း အင်္ကျီချုပ်ဆိုင်ပါ တွဲဖွင့်လိုက်ပြီလေ၊ ပိတ်စတွေပါ တစ်ခါတည်းရနိုင်တယ်၊ စက်ဆရာကလည်း မ,စိတ်ကြိုက်ပဲ၊ အခု မဝတ်ထားတာ မရဲ့ဒီဇိုင်းကို ချုပ်ထားတာလေ၊ ညီမလေးသဘောကျရင် ဝင်အပ်သွားလို့ရတယ်နော်"

သူမလေးက ခရမ်းပြာကိုယ်ပေါ်မှ မြန်မာဖြစ်တန်ဖိုးကြီးပိတ်စကို ချုပ်ထားသည့် ဝတ်စုံအား အရောင်တောက်သော မျက်လုံးလေးများဖြင့် စိတ်ဝင်တစားကြည့်သည်။

"ခေး စောစောကတည်းကကြည့်နေတာ၊ မ ဝတ်ထားတာ အရမ်းကြည့်လို့ကောင်းတာပဲလို့၊ ဘယ်မှာချုပ်လဲလို့ မေးမလို့၊ အိုကေပဲ …အပြန်ကျရင် ဟိုဖက်ဝင်ကြည့်ဦးမယ်၊ ခေးလည်း အဲဒီလိုမြန်မာဖြစ်ဝတ်စုံလေးတွေ အများကြီးချုပ်ဖို့ရှိတယ်၊ ခေး တစ်ခါမှတော့ မဝတ်ဖူးဘူးသိလား၊ ခုမှ စဝတ်ရမှာ"

"မကတော့ ကြိုက်တယ်၊ ကိုယ့်ပြည်တွင်းဖြစ်အထည်ကိုပဲ ချုပ်ဝတ်တတ်ရင် နိုင်ငံခြားဒီဇိုင်းတွေ မမီပါဘူး၊ ပြီးတော့ မြန်မာမလေးတွေနဲ့လည်း ပိုလိုက်တယ်လေ၊ ပြီးရင် လက်ကိုင်အိတ်လေးတွေပါ ဆင်တူချုပ်ကိုင်၊ လှမှလှ"





သူမက အနားမှာချထားသော အင်္ကျီလုံချည်နှင့် ဝမ်းဆက်လက်ကိုင်အိတ် လုံးလုံးလေးကို ကောက်ကိုင်ပြသောအခါ နှစ်သက်သဘောကျခြင်းဖြင့် ခေး မျက်လုံးလေးတွေ ဝင်းဝင်းတောက်နေတော့သည်။

"အိုခေ … အပြန်ကျရင် ခေး ချုပ်သွားမယ်၊ မ လို လှရမယ်လို့တော့ အာမခံရမယ်နော်"

"အမယ် … ခေးကတောင် ပိုလှဦးမှာ၊ မြင့်မြင့်သွယ်သွယ်လေးနဲ့မို့"

ခေးက မျက်လုံးလေးတွေ မှေးဝင်သွားအောင်ပြုံးရင်း သဘောကျသွားပါသည်။

ဆေးနှင့်ထားဖို့အချိန် စေ့သွားပြီမို့ ခေးကို ခေါင်းလျှော်စေသည်။ ခေါင်းလျှော်ပြီး ဒရိုင်ရာမှုတ်၍ ဖြောင့်စက်နှင့်ဆွဲချိန်မှာ သူမကိုယ်တိုင် လုပ်ပေးလိုက်၏။

"တချို့ … ဖြောင့်တဲ့လူတွေကပြောတယ်၊ ဆံပင်တွေ အဆုပ်လိုက်ပြတ်ထွက်ကုန်တယ်ဆို၊ ဘချို့က ဆံပင်တွေ အရမ်းကျွတ်တယ်တဲ့၊ ဟုတ်လားဟင်"

သူမက အသာအယာပြုံးရင်း …

"မ,ဆီမှာတော့ အဲဒါမျိုးတွေ လုံးဝမဖြစ်စေရဘူး



www.burmeseclassic.com

www.burmeseclassic.com



အာမခံတယ်၊ မက ဂျပန်ဆေးသုံးတာ၊ သိပ်ကောင်းတယ်၊ ဈေးပေါပေါသုံးပြီး နာမည်ပျက်မခံဘူး၊ မဆိုင်မှာ သုံးမယ့် ဆေးကို မကိုယ်တိုင် စမ်းသုံးပြီးမှ တင်တာလေ၊ ဒီမှာလေ မ ဆံပင်၊ ဖြောင့်ထားတာ တစ်လပဲရှိသေးတယ်"

"အရမ်းလှတာပဲနော်၊ စင်းပြောင်ပြီး ဖြောင့်တောင့်နေတာပဲ၊ ခေးက အဲဒါမျိုးလေးလိုချင်တာ၊ ခေးရော ဖြစ်ပါ့မလားဟင်"

"ပြီးတော့ကြည့်လေ"

"မ,ကိုကြည့်ရတာ စိတ်ချပါတယ်၊ မြင်လိုက်တာနဲ့ကို မအလုပ်မှာ မကျွမ်းကျင်မှန်း ခေးသိတယ်၊ အဲဒီလို ကိုယ်လုပ်တဲ့အလုပ်တစ်ခုအပေါ်မှာ စိတ်ဝင်တစားနဲ့ တက်တက်ကြွကြွရှိတဲ့သူမျိုး ခေး အရမ်းသဘောကျတာပဲ"

"ကျေးဇူးတင်ပါတယ်"

"မ ဆံပင်က နဂိုဖြောင့်လား"

"ဟုတ်တယ်၊ နဂိုဖြောင့်ပဲ၊ ဒါပေမယ့် ဆေးနဲ့မဖြောင့်ခင်က ဆံပင်က သိမ်သံလိုပဲ၊ ဆေးနဲ့ဖြောင့်လိုက်ပြီးမှ ဆံပင်က ပိုကြွပြီးလှလာတာ"

"ခေးက နဂိုဖြောင့်မဟုတ်တော့ မ,လိုလှပါ့မလား"





"လှမှာပါ၊ ခေးဆံပင်က ဝေ့ဖ်လေးတွေပါပေမယ့် ဆံသားက နူးညံ့ပါတယ်၊ တကယ်တော့ ဒီဆံပင်ကောက်လေးနဲ့လည်း လှသားပဲ၊ ဘာဖြစ်လို့ ဖြောင့်ချင်ရတာလဲ"

သူမအမေးကို ခေးက မဖြေဘဲ အနည်းငယ်ရှက်ရွံ့ဟန်ဖြင့် မျက်လွှာလေးချကာ ပြုံးနေပြီးမှ ...

"မ,ကို မြင်မြင်ချင်း အစ်မတစ်ယောက်လိုခင်သွားလို့ ပြောပြမယ်နော်၊ ခေးရဲ့ကိုကိုက ဆံပင်ဖြောင့်တာကို ကြိုက်တယ်ဆိုလို့မရ"

"ကိုကို ...ကိုကိုဆိုတာက အစ်ကိုရင်းတော့ မဟုတ်တန်ရာဘူး မဟုတ်လား"

ခေးက လက်ကလေးကိုက်ကာ ...

"အဟီး ...ဟုတ်တယ်၊ ဘင်္ဂလားအစ်ကို"

"သြော် ...ဒီလိုလား၊ သူကသွားဖြောင့်ခိုင်းတာလား"

"ဟင့်အင်း၊ သူကမပြောပါဘူး၊ သူ ဆံပင်အဖြောင့်ကြိုက်တယ်ဆိုတာ ဒီလိုပဲ ခေးသိတာ၊ ဒါကြောင့်မို့ ..."

လက်စသတ်တော့ ကောင်မလေးက ချစ်သူနှင့်ပွဲလားဟု သူ နှမြောတသစွာ သဘောပေါက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ … ဒီခေတ်လူငယ်လေးတွေများတော့ ဘယ်နေရာ ကြည့်ကြည့် အတွဲလေးတွေနဲ့ပဲမဟုတ်လား။

သူမလေးက ဒီလောက်ပြည့်စုံချောမောနေတာ သူ့ကို ချစ်သူတွေဝိုင်းဝိုင်းလည်နေမှာပဲ။ ချစ်သူခင်သူတွေ ဝိုင်းရံနေပြီဆိုကတည်းက မိန်းကလေးသဘာဝ ထိုစည်းဝိုင်းထဲက ရုန်းထွက်နိုင်ဖို့မှ မလွယ်တော့ဘဲ။

သူ့ရဲ့ ဖြူစင်ရိုးသားသော မျက်နှာနုနုလေးကို ကြည့်ပြီး သူ့ချစ်သူကိုကိုဆိုတာကရော တည်တည်ကြည်ကြည်ထဲကမှ ဟုတ်ပါ့မလားဟု မဆီမဆိုင် ပူပင်လိုက်မိသေးသည်။

"မျက်နှာလေးကြည့်တော့ နို့နံ့တောင်မစင်သေးတဲ့ပုံလေးနဲ့၊ ရည်းစားရှိနေပြီပေါ့လေ"

သူမက ကိုယ့်ညီမလေးအလား တရင်းတနှီးပြောမိသည်တွင် ခေးက ရှက်စနိုးရယ်ကာ …

"အာ … မကလည်း၊ မရှိသေးပါဘူး၊ ခုမှ ထားမလို့ကြံစည်တုန်းပါ"

"ကြံစည်မယ်သာပြောတယ် သူ့အကြိုက်လိုက်ဖို့က လုပ်နေပြီ"

"ဒီလို မရှဲ့၊ ကိုကိုက … အဲ အဲဒီတစ်ယောက်က





ဆိုပါတော့နော်၊ ခေးနဲ့ လူကြီးချင်းပြောဆိုထားကြတာပါ၊ ခေးမိဘတွေနဲ့ ကိုကို့မိဘတွေက သိပ်ရင်းနှီးကြတာလေ၊ တစ်မြို့တည်းသား ငယ်သူငယ်ချင်းတွေ၊ မိဘချင်းရင်းနှီးပေမယ့် ခေးတို့က အသက်ကွာတော့ ခပ်စိမ်းစိမ်းပါပဲ၊ ကိုကို တက္ကသိုလ်ကျောင်းသားဘဝမှာ ခေးက ခြောက်တန်းလောက်လားရှိဦးမှာဆိုတော့ ကိုကိုကလည်း ခေးကို ဖုတ်လေတဲ့ငပိရှိတယ်လို့တောင် ထင်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ခေးကတော့ ကိုကို့ကို အဲဒီအရွယ်ကတည်းက စိတ်ဝင်စားခဲ့ရတာ၊ နောက်တော့ ကိုကို နိုင်ငံခြားထွက်သွားတယ်၊ ပိုဝေးသွားတာပေါ့၊ လွန်ခဲ့တဲ့သုံးလလောက်ကတော့ ခေးအဖေ ရုတ်တရက်ဆုံးသွားခဲ့တယ်၊ အမေနဲ့ခေးပဲကျန်ခဲ့တော့ ငယ်သူငယ်ချင်းကို စောင့်ရှောက်ရမယ်ဆိုပြီး ကိုကို့မိဘတွေက ကိုကိုနဲ့ခေးကို ပေးစားဖို့စီစဉ်ကြတာ၊ ခေးဘက်ကတော့ ငြင်းစရာမရှိဘူးပေါ့၊ ကိုကိုကလည်း သူ့မိဘတွေသဘောပါပဲလို့ ပြောတယ်တဲ့၊ အခု ကိုကိုပြန်ရောက်နေပြီလေ၊ ခေးတို့ကိစ္စကို အမြန်ဆုံးစီစဉ်ပြီး ကိုကိုက အရင်ပြန်မှာ၊ ခေးက နောက်မှ လိုက်သွားဖို့စီစဉ်ရမှာ"

ခေး စကားကောင်းနေဆဲ သူ့ဟန်းဖုန်းလေးမြည်သံ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကောင်လေးတစ်ယောက် ခက်ဟန့်ရှိသည်။ ဝေးအာ လိမ်ပြောနေ၏။

"ငါ Blazon မှာ ဈေးဝယ်နေတယ်၊ ကြာမှာ၊ လိုက်ချင်လည်းလိုက်ခဲ့ပေါ့၊ တွေ့မတွေ့တော့ အာမမခံနိုင်ဘူးနော်၊ အိုခေ ..."

ဖုန်းပိတ်ပြီးသောအခါ သူမတို့ကို သူညာလိုက်ပြီဆိုသောသဘောနှင့် ရှတ်နောက်နောက် ပခုံးတွန့်ပြပါသည်။

"သူတို့ကို အမှန်အတိုင်းပြောလို့မဖြစ်ဘူး၊ ဒီပုံအတိုင်း ခေးကို ဆိုင်ထဲက ဆွဲထုတ်သွားလိမ့်မယ်၊ သူတို့က ခေးဆံပင်ကို သိပ်ကြိုက်ကြတာ"

ဖြူစင်ပွင့်လင်းပြီး ချစ်စရာကောင်းသော ကလေးမလေးပါပင်။ သူ့ငယ်ချစ် ကိုကိုဆိုတာသည် မဟာကံထူးရှင်ကြီးတစ်ပါးပင်ဖြစ်သည်။

ထိုအချိန်မှာပဲ မောက်ပီက အငွေ့တထောင်းထောင်းထနေသော ရခိုင်မုန့်တီယန်းကန်တွေကို ဗန်းကြီးတစ်ခုနှင့် ထည့်ယူလာတာမို့ အားလုံး မောက်ပီဆီ အာရုံရောက်သွားကြသည်။

"ဒီအတိုင်းခေါ်နေရင် တော်တော်နဲ့ လာစားကြမှာ





မဟုတ်လို့"

"အေးလေ ... ဟုတ်ပါရဲ့၊ ကျေးဇူး မောက်ပီရေ၊ ဒီမှာ စကားကောင်းနေကြတာနဲ့၊ မောက်ပီ အိမ်ရှေ့စားပွဲပေါ်မှာတင်ထားလိုက်၊ ကဲ ... ကြည်ပြာတို့ စန္ဒာတို့ လူရှင်းတုန်း သွားစားထားကြ၊ လာ ... ညီမလေးပါ စားရမယ်နော်"

"ခေး လား"

"အင်းလေ၊ မုန့်တီကြိုက်တယ်မဟုတ်လား"

"အဟင်း ... ကြိုက်တယ်၊ ဒါပေမယ့် အားနာစရာကြီး"

"အားမနာနဲ့၊ မတို့ဆိုင်က ဒီလိုပဲ၊ လူရှင်းတဲ့ရက်ဆို ဒီလိုပဲ တစ်ခုခုလုပ်စားနေကျ၊ လာတဲ့ဖောက်သည်တွေလည်းကျွေးပဲ၊ လာ ညီမ၊ ဟိုမှာထိုင်စားရအောင်"

"ဟုတ် ...မ၊ Thank you"

ခေးက သွက်လက်စွာ ထလိုက်လာ၍ မုန့်တီကို ဟန်မဆောင်တမ်းစားလေသည်။

"ဟိတ် ... နင်တို့ဆိုင်မှာစားတာတော့ ဟုတ်ပြီ၊ ဟင်းရည်တွေတော့ ဖိတ်မကျစေနဲ့နော်၊ ငါ့အခန်း ငပိစော်နံလိမ့်မယ်၊ မောက်ပီ ... ညီမ၊ အဲကွန်းရှေ့ကို အဲဖရက်ရှ်နာ



www.burmeseclassic.com

www.burmeseclassic.com



လေး ဖြန်းပါဦး”

“ဟုတ် … မမကြီး”

ရခိုင်မလေးစစ်စစ်ဖြစ်သော ကြည်ပြာလက်ရာ ရခိုင်မုန့်တီကား အရသာရှိလှသည်မို့ အားလုံး ခေါင်းမဖော်တမ်းစားမိကြသည်။

ဆံပင်ဖြောင့်ပြီးသောအခါ ခေးက တစ်ဖက်ခန်းအပ်ချုပ်ဆိုင်သို့ကူး၍ ဝတ်စုံငါးစုံ အော်ဒါမှာသွားသည်။

“ခေး ဒါမျိုးတစ်ခါမှတော့ မဝတ်ဖူးဘူး၊ ဒါပေမယ့် ကိုကိုက မြန်မာဆန်ဆန်သသောကျတယ်ဆိုလို့”

“ပိတ်စက မြန်မာဆန်ပေမယ့် ဝတ်စုံဒီဇိုင်းလေးတွေက ဆန်းပါတယ်၊ စကပ်ပုံစံမျိုး အခွဲလေးတွေနဲ့ လှသလိုချုပ်ပေးမှာပဲ၊ လုံးဝ လူကြီးမဆန်စေရဘူး”

ဆိုင်မှာချုပ်၍တင်ထားသော သူမ၏ ဝတ်စုံဒီဇိုင်းများကို ကြည့်ကာ ခေး သဘောအကျကြီး ကျနေသည်။

သူမကို နှုတ်ဆက်ပြီးပြန်သွားသောအခါ ခေးက မကြာမကြာ လာခဲ့ဦးမည်ဖြစ်ကြောင်း ကတိပေးသွားသေး၏။

ကားနီနီလေးကို ကိုယ်တိုင်ကျောကျောလေးမောင်းသွားသော ခေးကိုကြည့်ပြီး အားကျကြည်နူးစိတ်လေး





ဖြစ်ကျန်ခဲ့သည်။ နောက်ထပ် ဆယ်နှစ်လောက်များ ဘဝကိုနောက်ပြန်ဆုတ်လို့ရရင် ဘယ်လောက်ကောင်းလိုက်မလဲ။

မိန်းကလေးတစ်ယောက်ရဲ့ အပျိုရွယ်ဆုံးနှင့် အပြစ်ကင်း အတောက်ပဆုံးအရွယ်လေး။

ဘဝဟာ စာမျက်နှာတွေလို အသစ်ရေးလို့ရ၊ အစားထိုးဖျောက်ဖျက်ပစ်လို့လည်း ရမယ်ဆိုရင် ဆယ်နှစ်တာလောက်က အတိတ်စာမျက်နှာတွေကို ဆုတ်ဖြဲလွှင့်ပစ်လိုက်ချင်ပါရဲ့။

ဘဝကို ခေးတို့လို အရွယ်လေးက ပြန်စလိုက်ချင်သည်။

ခေးကားလေး ထွက်သွားသည်ကို မျက်စိတစ်ဆုံးငေးမောရင်း အတွေးရေလျှင်ကျော နစ်မျောနေမိသော ခရမ်းပြာသည် အနောက်ဘက်ဆီမှ ဖုန်းမြည်သံလေးတစ်ခုကြောင့် အတွေးရပ်ကာ အသံလာရာသို့ လှည့်ကြည့်လိုက်မိသည်။

ဟောတော် … ခေးရဲ့ဖုန်းလေး ကျန်ခဲ့ပြီ။ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ကြောင်ကြည့်နေမိပြီးမှ ဖုန်းဆီသို့လျှောက်သွားကာ ချီတုံချတုံဖြင့် ကောက်ယူလိုက်မိသည်။

သူများဖုန်းကို မကိုင်ချင်ပေမယ့် ခေး မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆိုလျှင် ဖုန်းကျန်ခဲ့သည့်အကြောင်း ပြောနိုင်တာပဲဟုတွေးကာ ဖုန်းခလုပ်အစိမ်းလေးကို နှိပ်လိုက်သည်။

"ဟဲလို"

"ဂုဏ်မြင့်သူလား မသိဘူး"

ခေး၏နာမည်ရှည်ကို သတိထားရှေ့တက်ကာ မေးလာသံက ယောကျ်ားတစ်ယောက်ဖြစ်သည်။

"မဟုတ်ပါဘူးရှင့်၊ ဂုဏ်မြင့်သူက သူ့ဖုန်းကို ကျွန်မတို့ဆိုင်မှာ မေ့ထားခဲ့ပါတယ်၊ ခုလေးတင်ပြန်သွားပါတယ်၊ နောက်မှ ပြန်ဆက်ကြည့်လိုက်ပါလား"

"ဩော် ... ဒီလိုလား၊ ဟုတ်ကဲ့၊ ကောင်းပါပြီ၊ ကျေးဇူးပဲနော်၊ နောက်မှပဲ ကျွန်တော် ထပ်ဆက်လိုက်ပါတော့မယ်"

ရုတ်တရက် သူ့ဘက်မှဖုန်းမချသလို သူမကလည်း ဖုန်းကိုဆက်၍ နားမှာကပ်ထားမိနေသည်။ ခဏနေမှ သူ ဖုန်းချသွား၏။ သည်တော့မှ သူမလည်း ခေါက်ဖုန်းလေးကို ပြန်ပိတ်လိုက်သည်။

ပြီးတော့ ငြိမ်သက်တွေဝေစွာဖြင့် နေရာမှာ မရွေ့မလျား ရပ်နေမိသည်။ ဖုန်းထဲမှအသံကား သူမ၏ စိတ်နှလုံး





ကို ထုံထိုင်းမှိုင်းဝေစေခဲ့ပြီဖြစ်သည်။

ခေါင်းအသံနဲ့ တူလှချည်လားကွယ်။

×××



www.burmeseclassic.com

www.burmeseclassic.com

"မမကြီး ဘာဖြစ်နေတာလဲဟင်၊ နေမကောင်းဘူးလား"

တီဗီဖန်သားပြင်ဆီမှ ဖက်ရှင်ရှိုးကို ငေးကြည့်ရင်း နှစ်ယောက်ထိုင်ဆိုဖာပေါ် နွမ်းနွမ်းလျလျ လှဲလျောင်းနေမိသော သူမကို ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ပန်းကန်လာချသော မောက်ပီက မေးလာလေသည်။

"ဟုတ်တယ်၊ ကြည်ပြာလည်းကြည့်နေတာ၊ ညနေထမင်းစားကတည်းက မမကြည့်ရတာ တစ်မျိုးဖြစ်နေတာ၊ ကြည်ပြာ့မုန့်တီတွေစားပြီး သွေးများတိုးနေပြီလား"

"မကြည်ပြာကလည်း မမကြီးမှာ သွေးတိုးမရှိပါဘူး"





နှစ်ယောက်သား အငြင်းပွားနေကြပြန်သည်။ သူမက လှဲနေရာမှ ထထိုင်ကာ ခရမ်းပြာရောင် အသည်းပုံဖက်အုံးလေးကို ရင်ခွင်ထဲပိုက်ရင်း ...

"ငါ့ပုံကြီးက အဲဒီလောက်တောင် သိသာနေပြီလားဟင်"

သူမစကားကြောင့် နှစ်ယောက်သား မျက်လုံးလေးတွေပြူးကာ သူမမျက်နှာကို ကြည့်ကြသည်။

"မမကြီး တစ်ခုခုဖြစ်နေလို့လား"

"ဘာဖြစ်ထားလို့လဲဟင်"

"မသိဘူးဟာ၊ ငါ့စိတ်တွေ လေးနေသလိုပဲ၊ စိတ်လွတ်လက်လွတ် တစ်နေရာရာမှာ သွားနေပစ်လိုက်ချင်တယ်"

"ဟုတ်တယ်၊ ကြည်ပြာလည်း ဒီလိုပဲ၊ ရာသီဥတုကြီးကလည်း သီတင်းကျွတ်အနံ့အသက်တွေ ရလာတော့ တစ်ခုခုကို လွမ်းသလိုလို၊ တစ်နေရာရာကို ခရီးထွက်ချင်သလိုလို၊ ဟီဟိ"

"မကြည်ပြာကလည်း"

မီပေါက်က ကြည်ပြာကို လှမ်းဟန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး … ဟုတ်တယ်၊ ငါတို့ တစ်နေရာရာကို ခရီးထွက်ကြရင် ကောင်းမယ်၊ ရန်ကုန်နဲ့ သိပ်ဝေးဝေးလံလံကြီးလည်းမဟုတ်၊ အေးအေးလူလူလည်း အပန်းဖြေလို့ရတဲ့ နေရာ၊ ပြီးတော့ ငါကိုယ်တိုင် ကားမောင်းသွားလို့လည်း အဆင်ပြေတဲ့နေရာမျိုး၊ မောက်ပီ စဉ်းစားစမ်း"

မီပေါက်က သူ့မျက်လုံးပြူးပြူးတွေကို ဟိုဟိုဒီဒီရွေ့လျားကာ …

"ချောင်းသာ"

"ရက်စ်၊ ဒီလိုကျ မောက်ပီလေးက တော်သွားပြန်ရော၊ မ … မကောင်းဘူးလား"

"ကောင်းပါတယ်၊ ချောင်းသာလမ်းက ငါမောင်းဖူးတဲ့လမ်းလည်းဖြစ်တယ်၊ ဒါပေမယ့် တစ်နှစ်တစ်ခါက် ရောက်နေတာ နင်တို့မရှိဘူးလားဟယ်"

"မရှိး …မရှိး၊ လုံးဝမရှိးပဲ၊ နော် …မောက်ပီ၊ ဒီရာသီ၊ ဒီအငွေ့အသက်လေးရလာရင်ကို နေရာဟောင်းလေးကို သတိရလာတာ၊ မီးပုံပွဲလုပ်မယ်၊ မီးရှူးယန်းဖောက်မယ်၊ ပုစွန်တွေ ကင်စားမယ်၊ ကျန်တဲ့ သိုက်ချင်တဲ့လူတွေလည်း ခေါ်ရအောင်နော် မမ၊ ကိုယ့်စရိတ်နဲ့ကိုယ်လို့"





"ဟယ် …မပြောပါနဲ့"

သူမက ကြည်ပြာကို ခပ်ဟန့်ဟန့်လေးဆိုလိုက်သည်။

"အကုန်လုံးတော့ ကားဘယ်ဆန့်ပါ့မလဲ၊ အားလုံး ငါးယောက်လောက်က အသားကုန်ပဲ"

"သူတို့မှာလည်း သူတို့အစီအစဉ်နဲ့သူတို့ ရှိမှာပါတယ်၊ နင်တို့ခေါ်တိုင်းလည်း မလိုက်နိုင်ပါဘူး၊ နင်တို့သာ ငါခေါ်မှသွားရမှာ၊ သနားစရာလေးတွေ"

"ဟုတ်တယ်၊ အသေးလေးကလည်း ဆိုင်ပိတ်တယ် ဆိုတာနဲ့ သူ့ဘဲနဲ့သူ လျှောက်လိမ့်မှာ၊ သီရိကိုလည်း သူ့ကိုကိုကြီးက လွှတ်ပါလိမ့်မယ်အားကြီး၊ မွန်မွန့်ကိုတော့ အိမ်ကထည့်မှာမဟုတ်ဘူး၊ စန္ဒာတစ်ယောက်ပဲ သေချာတယ်"

"ကောင်းပါတယ်၊ အဲဒီတော့လည်း ချောင်ချောင်ချိချိနဲ့ ပိုလို့တောင်စိမ်ရှိသေး၊ မကြီး …ဦးထွဋ်ကို မခေါ်တော့ဘူးလား"

မီပေါက်က နောက်ဆုံးအမေးကို မရဲတရဲဟန်နှင့် ခေါင်းဒလးပုကာ မေးသည်။ သူမျှော်လင့်ထားသလိုပင် သူမက ဒိုင်းခနဲနေအောင် မျက်စောင်းတစ်စင်း ပစ်သွင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ခေါ်ရမှာလဲ၊ ခေါ်ရအောင် သူက ငါ့ရည်းစားမှမဟုတ်တာ၊ ကိုယ့်ဘာသာကိုယ် အေးအေးလူလူ အပန်းဖြေချင်ပါတယ်ဆိုမှ"

"ဒါပေမယ့် မသွားတယ်ဆိုတာသိရင်တော့ လိုက်လာမှာသေချာတယ်နော်"

"နင်တို့ နှုတ်လုံပါစေနော်၊ ယောင်ပြီးများပြောမိလို့ကတော့ ဘယ်မှမသွားရတော့ဘူးမှတ်"

"ဝကျိုးသောက်"

ကြည်ပြာက တရုပ်ကားတွေထဲကလို သိပါတယ်ဟု အာမခံသည်။

"ဝါးကျည်တောက်လုပ်မနေနဲ့၊ ဒီနေ့ ဘယ်နေ့ရှိပြီလဲ၊ ငါ့ကို ပြက္ခဒိန်နဲ့ ဖုန်းယူလာပေးကြ၊ address book လေးပါယူခဲ့၊ ဟိုတယ်ကို ဘွတ်ကင်လှမ်းလုပ်ထားရမှာ၊ မဟုတ်လို့ကတော့ သောင်ပြင်မှာတဲထိုးပြီး အိပ်ရမယ်"

"ဟေး"

နှစ်ယောက်သား အလုအယက်ပြေးကာ သူမခိုင်းသည်များကို သွားယူကြသည်။

သူမတို့ဆိုင်မှ ညီအစ်မတွေကား နှစ်တိုင်းတစ်နေရာ





မဟုတ်တစ်နေရာတော့ ခရီးထွက်နေကြမြဲဖြစ်သည်။

မနှစ်ကတော့ ချောင်းသာပဲရောက်ဖြစ်သည်။ အရင်နှစ်တွေကတော့ ပုဂံ၊ ပြင်ဦးလွင်၊ တောင်ကြီး၊ ပြည် စသဖြင့် စုံလှပြီဖြစ်သည်။

ထိုအစီအစဉ်များကို များသောအားဖြင့် ပျော်ပွဲရွှင်ပွဲတွေများသော သီတင်းကျွတ်၊ တန်ဆောင်တိုင် ရက်တွေမှာ အကောင်အထည်ဖော်ဖြစ်ကြ၏။

တစ်နှစ်က တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို ရောက်ဖြစ်သည်။ တစ်နေ့တည်းနှင့်ရောက်နိုင်သော သက်သောင့်သက်သာ လမ်းခရီးမျိုးလောက်တော့ သူမကိုယ်တိုင်သာ မောင်းချသွားလိုက်ပြီး ဝေးဝေးလံလံ နေရာမျိုးကိုတော့ Town Ace လိုကားမျိုးကို စင်းလုံးငှား၍ သွားလေ့ရှိသည်။

ထိုအခါမျိုးတွေမှာ ကားစင်းလုံးငှားကုမ္ပဏီ ဖွင့်ထားသော ကိုထွင်းက တာဝန်ယူကာ ကူညီလေ့ရှိသည်။

ကိုထွင်းနှင့် စဆုံဖြစ်တာကလည်း ခရီးထွက်ဖို့ ကားငှားကြရင်းနှင့်ပဲ မဟုတ်လား။

ကိုထွင်းက သူမကို ပရိုပို့စ်လုပ်ထားသူလည်းဖြစ်သည်။ မနှစ်က ချောင်းသာခရီးမှာပင် သူမတို့နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်း လိုက်ပါခဲ့သေးသည်။

သည်နှစ်ခရီးတော့ ဘာကြောင့်မှန်းမသိ။ ကိုထွန်းကို သူမ မခေါ်ချင်။ သူမဘာသာ တစ်ကိုယ်တည်း စိတ်လွတ်လက်လွတ် သွားချင်နေသည်။ ဒါကြောင့်မို့ အသိမပေးဖို့ ဆုံးဖြတ်မိခြင်းဖြစ်၏။

စင်စစ်တော့ တစ်နှစ်တာ၏ ဆောင်းအငွေ့အသက်လေးတွေ ရလာပြီဆိုလျှင် ခေါင်နှင့်ပတ်သက်သော အတိတ်ကာလများက သူမရင်ထဲသို့ မှန်မှန်ကြီး ဆွတ်ပျံ့နိုဝင်လာတတ်ကြမြဲမဟုတ်လား။

×××



သူမတို့မှန်းသလိုပင် ခရီးထွက်မည့်အစီအစဉ်ကို ပြောပြသောအခါ အဒေါ်အပျိုကြီးတွေ၏ ချုပ်ချယ်ဖိနှိပ်မှုအောက်မှာနေရသည့်တိုင် သူထင်တာသူလုပ်မြဲမို့ အိမ်မှ ဘယ်တော့မှ အခွင့်အရေးမရတတ်သော အသေးလေးက အမြဲမလိုက်ဖြစ်သည့်အတိုင်း မလိုက်ဖြစ်။

သီရိကတော့ ဆိုင်ပိတ်မည်မို့ ဟေးခနဲထအော်ကာ သူ့ရည်းစားဆီ ဖုန်းပြေးဆက်သည်။ သူကား ချစ်သူနှင့်သာ အချိန်ဖြုန်းချင်သူ။

မွန်မွန်လေးကတော့ ကျန်းမာရေးချူချာသူမို့ အိမ်ကမထည့်။ စန္ဒာကတော့ နောက်ဆံငင်စရာ ချစ်သူရည်းစားလည်းမရှိကာ အိမ်မှမိဘတွေကလည်း သူမနှင့်ဆို စိတ်ချလက်ချထည့်မြဲဖြစ်သော အလုပ်ပြုပြင်သူပေမယ့် ပျော်ကျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို ကျားကျားလျားလျား ရှိလှသော စန္ဒာ တစ်ယောက်သာ လိုက်ဖြစ်လေသည်။

ခရီးမထွက်ခင် တစ်ရက်ကပင် ဆိုင်ကိုပိတ်ကာ ပြင်ဆင်စရာရှိသည်တွေကို ပြင်ဆင်ကြ၏။

ကားကို အပ်နေကျဝပ်ရှော့မှာသိုးကာ အသေးစိတ်စစ်ဆေးခိုင်းရသည်။ လိုအပ်သည့်စားစရာ သောက်စရာ အသုံးအဆောင်တွေကို ဈေးထွက်ဝယ်ကြ၏။

ခရီးထွက်နေကျဖြစ်သည်မို့ ပြင်ဆင်ရသည်မှာ ဘာမှအခက်အခဲမရှိ။

သည်လိုနှင့် ခရီးထွက်မည့်နေ့သို့ရောက်လာသည်။

ပစ္စည်းတွေကို ညကပင် ကားပေါ်တင်ထားကြပြီး စောစောအိပ်ရာဝင်ကာ အိပ်ရေးဝဝအိပ်၍ မနက်ငါးနာရီလောက်မှ စထွက်ခဲ့ကြသည်။

မိန်းကလေးတွေချည်း သွားမည့်လမ်းဖြစ်၍ ညဘက်သွား၍မဖြစ်။ လမ်းခရီးမှာ လန်းလန်းဆန်းဆန်းလည်း ရှိစေရန် အိပ်ရေးဝဖို့လည်းလိုသည်လေ။

မနက်ခင်း၏ အေးမြလန်းဆန်းသော လေထုကို ထိုးဖောက်၍ ရန်ကုန်မြို့မှ အဝေးပြေးလမ်းမကြီးအတိုင်း ကား





ကို တစ်ရှိန်ထိုးမောင်းနှင်လာခဲ့သောအချိန်မှာဖတော့ သူမ၏စိတ်များက ဘယ်တုန်းကမှနှင့်မတူအောင် လန်းဆန်းကြည်လင်အေးချမ်းနေရတော့သည်။

စင်စစ် ဟိုင်းဝေးကားမောင်းရခြင်းသည်, သူမ၏စိတ်အပန်းဖြေရာ အနှစ်သက်ဆုံး နည်းလမ်းတစ်ခုပဲမဟုတ်လား။

ကားထဲမှာ ကြည်ပြာတို့ ထည့်ဖွင့်ထားကြသော ခေတ်လူငယ်လေးတွေ၏ Hip Hop သီချင်းသံက မြိုင်ဆိုင်လျက်ရှိသည်။ တပည့်မသုံးယောက်ကား သီချင်းများလိုက်ဆိုကာ ပျော်ရွှင်မြူးတူးနေကြသည်။

"မောက်ပိရေ …Tool box ပါတယ်နော်"

သီချင်းသံကို ကျော်၍ အသံကိုမြှင့်ကာ မေးလိုက်သည်။

"ပါတယ် မကြီး၊ ပေါက် သေချာထည့်တယ်"

"စပယ်ယာဝီးလ်ရော"

"ပါတယ်"

"စန္ဒာ … ညီး ကားဘီးကူလဲတတ်ပါတယ်နော်"

စန္ဒာက ပေါ့ပါးစွာ ခေါင်းတစ်ချက်ညိတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"တတ်တာပေါ့ မရဲ့၊ စိတ်ချ၊ အဲဒီတစ်ခုတော့ ပိုင်ပါတယ်"

"အေး ... မလည်း ဒီတစ်ခုပဲလုပ်တတ်တာ၊ ဒီထက်ပိုရင်တော့ ကိုထွဋ်ပဲ ဖုန်းဆက်ဒုက္ခပေးကြတာပေါ့"

"မကလည်းဗျာ၊ ကျွန်တော့်ကိုထွဋ်ကြီးကို ဒီထက် မပိုတော့ဘူးလား"

"မပိုတော့ဘူးပေါ့၊ လိုနေရင် စန္ဒာသာ စိုက်ပေး လိုက်တော့"

"ဟာ ... ဒါဆို ဟာ့လ်ဖ်ရှယ်ယာ ဖြစ်နေမှာပေါ့"

"ရတယ်၊ မ,မယူဘူး၊ စန္ဒာ့ပဲပေးမှာ"

"ဟေး ...သောတာပဲ၊ ပျော်စရာကြီး"

အားလုံး ပျော်ရွှင်တက်ကြွနေကြပါသည်။ သူတို့ လေးတွေလည်း တစ်နှစ်လုံး ဆိုင်ထဲတစ်ကုပ်ကုပ် အလုပ် လုပ်နေရသမျှ စိတ်လက်အပန်းဖြေပါစေတော့။

သူ့ကိုမပြောဘဲ ခရီးထွက်လာကြတာ သိလျှင် ကိုထွဋ် ဘယ်လောက်စိတ်ဆိုးမည်မသိ။ သို့သော်လည်း မတတ်နိုင်ပါ။ ကိုထွဋ်သည် အားကိုးချစ်ခင်လောက်စရာ ယောကျ်ားကောင်းတစ်ယောက်ဟု သိသော်လည်း လက်တွဲ





ဖော်တစ်ယောက်အဖြစ်တော့ စဉ်းစား၍ မရသေးတာ အမှန်ပင်။

အထူးသဖြင့် ခေါင့်ကိုသတိရတာမ်းတစိတ်တို့ဖြင့် မွန်းကျပ်နေသော အခုလိုအချိန်မျိုးမှာ သူမအနား ယောကျ်ား ဖော်တစ်ယောက် ရှိမနေစေချင်ပါပေ။

ဗိုလ်မြတ်ထွန်းတံတားကျော်သောအခါ စား သောက်ဆိုင်မှာ ဝင်၍ မနက်စာစားကြသည်။

ခဏသာနားပြီး ဆက်ထွက်ကြ၏။

"ရလားမ၊ ကျွန်တော်တစ်လှည့် မောင်းရမလား"

စန္ဒာကား သူ့အိမ်မှ မာဇဒါဂျစ်နှင့်' Town Ace ကြီးတွေ မောင်းနေကျဖြစ်ကာ ကားမောင်းကျွမ်းကျင်သူ တစ်ဦးပဲဖြစ်သည်။ သို့သော် ဟိုင်းဝေးအတွေ့အကြုံတော့ မရှိလှသေး။

"ရတယ်၊ ပုသိမ်မြို့ထဲကျမှမောင်း"

သုံးယောက်သား သီချင်းတွေလိုက်ဆိုကာ ပါလာ သောမုန့်တွေကို အဆက်မပြတ်စားရင်း၊ တစ်ယောက်နှင့် တစ်ယောက် အော်ဟစ်နောက်ပြောင်ရင်း ဆူညံပျော်ရွှင်စွာ လိုက်ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ...ဘဝမှာ ဘာအမှားအယွင်း အစွန်းအထင်းမှ မရှိကြသေးသည့် အဖြူစင်အပြစ်ကင်းဆုံး အရွယ်လေးတွေ။

သူတို့အရွယ်တုန်းကတော့ သူမလည်း သူတို့လေးတွေလိုပင် ပျော်ရွှင်လွတ်လပ်နေခဲ့ဖူးပါသည်။

အချစ်ဆိုတာကို မြည်းစမ်းမမိခင်အချိန်အထိပေါ့။

ပိုပြီးသေချာအောင် ပြောရလျှင် ခေါင်နှင့်မဆုံစည်းခင်ကာလအထိပေါ့လေ။

လမ်းတွေကလည်း ဖြောင့်ဖြူးကာ ကားအသွားအလာလည်း ရှင်းနေသဖြင့် မောင်းကောင်းကောင်းနှင့်မောင်းလာလိုက်သည်မှာ သုံးနာရီခွဲသာကြာပြီး ပုသိမ်မြို့ထဲသို့ ဝင်လာခဲ့တော့သည်။

ထမင်းစားချိန်လည်းမဟုတ်၊ ဗိုက်လည်း မဆာကြသေးသဖြင့် ချောင်းသာကို တန်းဆင်းဖို့ ဆုံးဖြတ်လိုက်ကြသည်။ အပြန်မှသာ ပုသိမ်ဘုရားတွေ ဝင်ဖူးတော့မည်။

ဇက်ဆိပ်မှာ စောင့်ရသည်က ခဏကြာသည်။ တစ်ဖက်ကမ်းရောက်သောအခါ တောင်ခြေအထိတော့ ခပ်မြန်မြန်မောင်းလာခဲ့ပြီး တောင်အတက်မှာတော့ သတိ





ထား မောင်းရသည်။

ချောင်းသာရွာသို့အဝင် ပင်လယ်ကမ်းခြေကြီးကို လှမ်းမြင်ရလျှင်တော့ ကလေးမသုံးယောက် လက်ခုပ်လက်ဝါးတွေတီးကာ ဝမ်းသာအားရ အော်ဟစ်မြူးတူးသွားကြလေတော့၏။

×××



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ရောက်သည်နှင့် အထုပ်အပိုးတွေချပြီး ဟိုတယ်စားသောက်ဆိုင်မှာပင် ထမင်းထွက်စားကြသည်။

ထမင်းစားပြီးချိန်က နေကျဲကျဲတောက်ပူနေချိန်ဖြစ်ရာ ရေထဲဆင်း၍မဖြစ်သေးဘဲ ဗိုက်လေးလေးနှင့် အခန်းပြန်ပြီး တစ်ရေးအိပ်ကြသည်။

နှစ်ယောက်အိပ်ခုတင်ကြီးတစ်လုံးနှင့် တစ်ယောက်အိပ်ခုတင်တစ်လုံးပါသော အခန်းဖြစ်ရာ စန္ဒာတို့ သုံးယောက်က နှစ်ယောက်အိပ်ခုတင်ကို ဇာန်လန့်ဖြတ်၍ သုံးယောက်အိပ်ကြပြီး သူမကိုတော့ တစ်ဖက်ခုတင်မှာ တစ်ယောက်တည်း လွတ်လပ်စွာအိပ်စေသည်။

မနက်အစောကြီးထကာ တစ်လမ်းလုံး ကားမောင်းလာခဲ့ရသည်မို့ စိတ်က မပင်ပန်းသည့်တိုင် လူက ပင်ပန်း





နေပြီဖြစ်ရာ သူမကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတော့သည်။

မိပေါက်နှင့်စန္ဒာက ဂျင်းပဲန်အတိုလေးတွေနှင့်။ အသားလေးလည်းညိုကာ ကိုယ်ဟန်သွယ်သွယ်နှင့် လှတပတရှိသော ကြည်ပြာကတော့ Swimming Sute အပြာရောင်လေးနှင့်။

"ဟယ် ...နင်တို့ ဘယ်အချိန်ကတည်းက နိုးနေကြတာလဲ"

သူမက အခန်းတံခါးဖွင့်ကာ ထွက်လာရင်း တအံ့တဩမေးမိလျှင် သုံးယောက်သား ဝမ်းသာရွှင်ပျ 'ဟေး' ခနဲ သအော်ကာ သူမဆီ ပြေးလာကြသည်။

"လုပ် ... လုပ်၊ မကြီး မြန်မြန်လုပ်ပါ၊ ပေါက်တို့ စောင့်နေတာ ကြာလှပြီ၊ ရေထဲ ဆင်းရအောင်"

"မ ... လုပ်၊ ဟိုမှာ သူများတွေ ရေကူးနေကြပြီ၊ အောသွားမရဘဲ နေလိမ့်မယ်"

"ဟယ် ... ဒါက ရေထဲ ဆင်းမှာမှ မဟုတ်ပဲ၊ နင်တို့ဘာသာ သွားကြလေ"

"မဆင်းပေမယ့် မ ပါလိုက်မှပေါ့၊ ခါတိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘဲကလေးတွေ မွေးထားတဲ့ ကြက်မကြီးလို ကမ်းပေါ်က ထိုင်ကြည့်နေပေါ့ မ ရဲ့"

"သြော် …. ငါက ကြက်မကြီးပေါ့လေ"

သူမက ခါးထောက်ရင်း ရန်တွေ့ဟန် ပြုသော အခါ ကြည်ပြာက သူမကို လက်နှစ်ဖက်ဖြင့် ပွေ့ဖက်ရင်း တဟိဟိ ရယ်ကာ …

"မဟုတ်ပါဘူး မ ,ရယ်၊ သဘောပြောပြတာပါ၊ ကဲ … အဝတ်လဲပါ လှလှပြင်ပါ"

ပြောပြောဆိုဆို သူမကို အခန်းထဲ ပြန်ဆွဲခေါ်လာ တာမို့ သူမမှာ အခန်းထဲ ပြန်ရောက်လာရသည်။

"မ … ဘာဝတ်မှာလဲ၊ အနော် ထုတ်ထားလိုက် မယ်"

စန္ဒာက အင်္ကျီအဝတ်အစားထုတ်ပေးဖို့ ပြင်သည်။ ကြည်ပြာနှင့် မိပေါက်က သူမ ပြင်ဆင်တတ်သော အလှပြင် ပစ္စည်းများကို မှန်တင်ခုံပေါ် အစီအရီ အဆင်သင့် တင်ထား ပေးကြ၏။

အလုပ်ခန်းထဲမှာ အလုပ်စည်းကမ်းအတိုင်း တိတိ ကျကျ ဆက်ဆံသလောက် အလုပ်ခွင်ပြင်ပမှာတော့ သူတို့





လေးတွေကို ညီမရင်းချာလို သူငယ်ချင်းလို တရင်းတနှီး ဆက်ဆံလေ့ရှိပါသည်။

သူမ၏ စည်းကမ်းကြီးခြင်းနှင့် သဘောကောင်းခြင်း ကို သီးခြားခွဲခြမ်းနားလည်ထားသည်ဖြစ်ရာ ဘယ်လောက်ပဲ လွတ်လပ်ပျော်ရွှင်စရာ ဖြစ်စေ သူတို့လေးတွေ သူမ စကား ကိုတော့ နားထောင်ကြသည်ပင်။

ခုလည်း … သူမ မပါဘဲ ရေထဲမဆင်းရဟု ပညတ်ထားလေရာ တစ်ပိုင်းသေအောင် ရေဆော့ချင်နေသည့် ကြားမှ သူမကိုလည်း မနှိုးရဲဘဲ ဘန်ဂလိုရှေ့မှလည်း တစ် ဖဝါးမှ မရွေ့ရဲကြပေ။

သူမက တပည့်မလေးတွေ၏ နာခံတတ်မှုကို ချီးကျူး အမှတ်ပေးမိသည်နှင့်အမျှ သနားလည်း သနားသွား မိသည်။

"ကဲပါ … ငါက ရေထဲဆင်းမယ့်သူ မဟုတ်တော့ ရေအပြီးချိုးပြီး ညနေအတွက် တစ်ခါတည်း ပြင်ဆင် အဝတ် အစားလဲရမှာ၊ ငါ့ကိုစောင့်နေရင် နှင်တို့ ကြာနေလိမ့်မယ်၊ သွားနှင့်ကြ၊ ဒီဘန်ဂလိုတည့်တည့်နေရာမှာပဲနေ၊ အဝေးကြီး မသွားရဘူးနော်၊ စံကြီး … မင်း တာဝန်ယူလား"



www.burmeseclassic.com

www.burmeseclassic.com



“အိုခေ .... ယူတယ် မ၊ ဟိုနှစ်ကောင် ကြားတယ်နော်၊ ငါ့စကား နားထောင်ရမယ်”

“ကဲ ... သွားကြ”

နှစ်ယောက်သား စန္ဒာ့နောက်မှ ခပ်ကုပ်ကုပ် လိုက်သွားကြသည်။ ကြည်ပြာက လက်သီးနှင့် ထုဟန်ပြ၍ မိပေါက်က လျှာထုတ်ပြသည်ကို ရှေ့မှ ဦးဆောင်ကာ ခပ်မော့မော့ ထွက်သွားသော စံကြီးက မမြင်ပေ။

သူတို့သုံးယောက် ရေထဲဆင်းသွားသည်ကို စောင့်ကြည့်နေပြီးမှ အခန်းထဲပြန်ဝင်၊ တံခါးပိတ်၍ ရေချိုးခန်းထဲ ဝင်ခဲ့သည်။

ချောင်းသာသွားပြီး ရေထဲမဆင်းဆိုသော သူမကို လူတိုင်းက အံ့သြကြသည်။

အသားမည်းပြီး အလုပ်ပျက်မှာကို စိတ်ပျက်တာရယ်၊ နဂို ရေကြောက်တတ်တာရယ် ပေါင်းပြီး ဘယ်တော့မှ ရေထဲမဆင်းဖြစ်။ ငယ်ငယ်က တစ်ခါ ရေနစ်ဖူးသောကြောင့်လည်း ရေနှင့်ရင်းနှီးဖို့ကို လုံးဝ မစဉ်းစားဖြစ်တော့တာလည်း ဖြစ်သည်။

ဒါဆိုလျှင် ဘာကြောင့် ချောင်းသာ လာသေးလဲ





ဆိုလျှင်တော့ ဖြေရှင်းစရာ အကြောင်းအရာတွေက အများကြီး ရှိနေသည်။

အလုပ်တာဝန်အားလုံး မေ့ထားကာ စိတ်လွတ် လက်လွတ် အေးအေးချမ်းချမ်း အနားယူ အပန်းဖြေနိုင်သော နေရာ ဖြစ်သည်။

ရေထဲ မဆင်းရဲသည့်တိုင် ပင်လယ်ကမ်းခြေ၊ ပင်လယ်လေနှင့် လှိုင်းလေးတွေကိုတော့ ချစ်ပြန်သည်။

သူမ နှစ်သက်သော ပင်လယ်စာတွေကို တစ်ဝကြီး စားနိုင်၏။ နောက်ဆုံးတစ်ခုကတော့ ပင်လယ်သရဲ တပည့်မလေးတွေ သူမမှာ ရှိနေခြင်းပင်။

ရေချိုးရင်းနှင့် ခေါင်းပါ လျှော်ပစ်လိုက်သည်။ လေနှင့် နေလောင်ခံ Skin Care တွေကို အဓိကထားလိမ်းပြီး အလှပြင်ပြီးသွားသောအခါ Body Fit ရယ်ဒီမိတ် ရှပ်အင်္ကျီပွပွနှင့် အနက်ရောင်မှာ ဘော်ငွေရောင်လေးတွေ လက်လက်ထနေသော ဘောင်းဘီရှည်ကိုဝတ်ကာ ဟိုက်ဟီးလ်အနက်လေးစီးပြီး ကင်မရာ၊ ဘီး၊ မှန်၊ နှုတ်ခမ်းနီ၊ တစ်သျှူး စသဖြင့် စုံလင်အောင်ထည့်ထားသည့် အဖြူနှင့်အနက်ကြား ပခုံးလွယ် အိတ်ကြီးကြီးကို လွယ်ကာ ဘန်ဂလိုကိုသော့ပိတ်



www.burmeseclassic.com

www.burmeseclassic.com



၍ သောင်ခြေသို့ ထွက်လာခဲ့တော့သည်။

ကမ်းခြေပေါ်မှာ နေရောင်ကား တောက်ပဆဲပေမယ့် အပူရှိန်မရှိလှတော့။ ကမ်းခြေတစ်လျှောက် ရေပြာပြာထဲမှာတော့ လှိုင်းစီးရေစိမ်သူတွေနှင့် ဖွေးဖွေးလှုပ်စည်ကားလျက်ရှိသည်။

ကလေးမသုံးယောက်ကား သူမစကားကို နာခံစွာ ဘန်ဂလိုနှင့်တည့်တည့် ရေစပ်ထဲမှာပဲရှိနေကြသည်။

သူတို့ရှိရာသို့ လျှောက်သွားလိုက်ပြီးနောက် သုံးယောက်သား ရေဆော့နေကြသည့်ပုံကို ဓါတ်ပုံရိုက်ပေးလိုက်သည်။

"အဝေးကြီးမသွားကြနဲ့နော်၊ မ ဟိုးနေရိပ်ထဲမှာ ထိုင်နေမယ်"

သူတို့ကြားလောက်အောင်မှာခဲ့ပြီး ဘန်ဂလိုဝရန်တာမှ ပလတ်စတစ်ထိုင်ခုံတစ်လုံးသွားယူကာ အုန်းပင်ရိပ်အောက်မှာထိုင်ပြီး မှန်ပြောင်းတစ်လက်ဖြင့် ချောင်းသာကမ်းခြေရှုခင်းကို ငေးမောကြည့်ရှုနေလိုက်သည်။

ထိုအရသာကို သူမ နှစ်သက်လှသည်လေ။

စန္ဒာတို့သုံးယောက်ဆီ အရင်ဆုံး ချိန်ရွယ်ကြည့်မိ





သည်။ လှိုင်းလုံးကြီးတစ်လုံး လိမ့်အလာမှာ ကျန်နှစ်ယောက်က အလိုက်သင့်စီးပါသွားနိုင်သော်လည်း မိပေါက်ကား ရေထဲမှောက်ထိုးကြီးလဲကျကာ ကျောပေါ်မှ တီရှပ်ကြီးက လှန်တက်သွားသည်။

ခဏနေမှ ငူးငူးဝါးဝါးနှင့် မိပေါက် ပြန်ပေါ်လာ၏။ သူ့ဖြစ်ပုံကိုကြည့်ကာ စန္ဒာနှင့်ကြည်ပြာက ဗိုက်နှိပ်၍ မညာမတာရယ်မောနေကြသည်။

မိပေါက်က သူမနှင့်ပြန်တိုင်မည့်အကြောင်း မကျေမနပ်ပြောနေပုံရသည်။

"ဟား ... ဟား ရယ်ရတယ်ကွာ"

သူမက အနီးကပ်မြင်ရသည့်အလား အသံထွက်ကာပင် ရယ်မောမိသည်။ ထိုမြင်ကွင်းဆီ အာရုံရောက်နေမိတာမို့ ပတ်ဝန်းကျင်ကို သတိမထားလိုက်မိ။

"ဒီမှာခင်ဗျ၊ Excuse me"

ပထမအသံကို မကြားလိုက်ဘဲ နောက်တစ်သံကျမှ ကြားလိုက်သလိုလိုရှိတာကြောင့် နံဘေးမှအသံလာရာဆီသို့ မှန်ပြောင်းကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိပါသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်လုံး ကိုယ်မယုံချင်သလို နောက်တစ်ကြိမ် မျက်တောင်မခတ် စူးစိုက်ကြည့်မိသဲ လက်ထဲမှမှန်ပြောင်း လေးက သဲမြေပေါ်သို့ လွတ်ကျသွားခဲ့ရသည်။

"ခရမ်းပြာ"

သေချာပြီပေါ့။ ခေါင်မှ ခေါင်ပါပဲ။ တစ်ချိန်က ခရမ်းပြာရဲ့ အဲ့ဖွယ်ခေါင်။

ခေါင်က သူယူလာသောခုံကိုချကာ သူမအနားမှာ ဝင်ထိုင်ချလိုက်စဉ် အထိန်းအချုပ်မဲ့သော အတိုင်းအဆမဲ့ တုန် လှုပ်ခြင်းတို့ဖြင့် လဲပြိုသွားမှာစိုးရိမ်စွာ သူမက ထိုင်ခုံလက် ရန်းကို လက်နှစ်ဖက်လုံးဖြင့် တင်းတင်းဆုပ်ကိုင်ထားလိုက် ရသည်။

ဘုရားရေ ...။ ခေါင်နှင့်ပတ်သက်သော ဘုန်းလှုပ် ခြင်းတွေက ခုချိန်တိုင်အောင် နည်းနည်းမှမပြောင်းလဲ မရင့် ကျက်နိုင်သေးပါလား။

"ခေါင် ... ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ ဟင်၊ ပြာ ...အိပ်မက်များ မက်နေတာလား"

ခေါင်က ပြုံးသည်။ တစ်စက်မှ အပြောင်းအလဲမရှိ သည့်အပြုံး။





တစ်ဖက်သား၏ မျက်လုံးတွေထဲ ထဲထဲဝင်ဝင်စိုက် ကြည့်ပြီး ချိုမြစွာ ပြုံးတတ်သည့်အပြုံး။ အကြိမ်တိုင်းမှာ ခုခံနိုင်စွမ်းကင်းမဲ့စွာ အရည်ပျော်ကျွန်းသွားရမြဲအပြုံး။

"ခေါင် သိပ်ဝမ်းသာတာပဲ၊ ပြန်ရောက်လာတည်းက ပြာ ... အဲ ခရမ်းပြာကို တွေ့ချင်နေတာ၊ လိပ်စာတွေ ဖုန်းနံပါတ်တွေကလည်း အသစ်ဖြစ်ကုန်ပြီလေ၊ ခရမ်းပြာက လည်း ခေါင့်ကို အဆက်အသွယ်ဖြတ်ထားခဲ့တယ်မဟုတ် လား"

ခေါင့်မျက်ဝန်းမှာ ဆွေးရိပ်သန်းသွားခိုက် သူမက မျက်လွှာချပစ်လိုက်မိသည်။

ခွင့်လွှတ်ပါ ခေါင်ရယ်။

"ဒါနဲ့ ...ဒီကို ဘယ်သူနဲ့လာလဲ"

ခေါင်က ဟိုဟိုဒီဒီဝေ့ဝဲကြည့်ရင်းမှ ဆိုသည်။ ခေါင့် သဘောကို နားလည်နေသူမို့ သူမနှင့်အတူ ယောကျ်ားလေး အဖော်တစ်ဦးဦး ပါမပါကို ဆိုလိုမှန်း တန်းခနဲသိနိုင်လိုက် သည်။

"ဆိုင်က တပည့်မလေးသုံးယောက်နဲ့ပါ၊ သူတို့လေး တွေကို တစ်နှစ်တစ်ခါတော့ trip တစ်ခုခုပို့ပေးနေကျမို့လေ၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုးမှာ ရေစိမ်နေကြတယ်၊ ပြာကတော့ သိတယ်မို့လား ရေကြောက်တဲ့သူဆိုတော့လေ"

ခေါင်က သူမ ညွှန်ပြရာကို လှမ်းကြည့်ရင်း မျက်နှာ ကြည်လင်သွားသည်။

"ခရမ်းပြာတို့ လေးယောက်ထဲလား"

သူမက မျက်လွှာလေးဝင့်ကာ ခေါင်းညိတ်ပြသည်။

"ဘယ်သူမောင်းလဲ၊ ခရမ်းပြာပဲလား"

"အင်းပေါ့"

ခေါင်က အံ့သြဟန်ဖြင့် ပခုံးတွန့်ပြသည်။

"ဖြစ်ပါ့မလား ခရမ်းပြာရယ်၊ ပင်ပန်းမှာပေါ့၊ ချောင်းသာဒီဇက်က တောင်တက်တောင်ဆင်းလမ်းတွေကာ မိန်းကလေးမောင်းဖို့ မသင့်တော်ပါဘူး"

သူမက စာစာဂဂထက် တည်ငြိမ်မှုတည်ဆောက် နိုင်ပြီဖြစ်ရာ ညင်းညင်းသွဲ့သွဲ့ ရယ်မောလိုက်မိရင်း ...

"ခေါင်ကလည်း ...ချောင်းသာလမ်းလောက်က တော့ ပြာ မျက်စိမှိတ်ပြီးတောင် မောင်းနိုင်တယ်၊ တော်ရုံ တန်ရုံခရီးလောက်တော့ ပြာ ကိုယ့်ကားနဲ့ကိုယ် မောင်းသွား နေကျပဲခေါင်ရဲ့၊ တခြားသူတွေတော့မသိဘူး၊ ပြာအတွက်





တော့ ကားမောင်းရတာ စိတ်အပန်းဖြေနည်းတစ်မျိုးပဲ"

ခေါင်က သူမကို အံ့သြသောမျက်လုံးများဖြင့် ငြိမ် သက်စွာ ငေးကြည့်နေလေသည်။

ပျောက်ဆုံးနေခဲ့သော အရာဝတ္ထုတစ်ခုကို တစိမ့်စိမ့် အချိန်ယူကာ စူးစိုက်စောင့်ကြည့်နေပုံမျိုးဖြစ်သည်။

"ခေါင်ကော ...ဒီကို ဘယ်သူတွေနဲ့လာလဲ၊ မြန်မာ ပြည်ကိုရော ဘယ်တုန်းကပြန်ရောက်တာလဲ"

သူမမေးမှ ခေါင်က သူမမျက်နှာပေါ်မှ နက်ရှိုင်း တွယ်ညိနေသော သူ့အကြည့်တွေကို ဖယ်သည်။

"ခေါင် ပြန်ရောက်နေတာ နှစ်ပတ်လောက်ရှိပြီ"

"နှစ်ပတ်"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"ဟင့်အင်း၊ ဘာမှမဖြစ်ပါဘူး"

သူမက ငြင်းကွယ်လိုက်မိသည်။ တိုက်ဆိုင်လိုက်တာ ကွယ်။ သူမလည်း ခေါင့်ကို ထူးထူးခြားခြား သတိရအောက် မေ့နေမိတာ နှစ်ပတ်လောက်ရှိနေပြီမဟုတ်လား။

ခရီးတစ်ခု ထပြေးထွက်လာရအောင်ပင် သည်တစ် လောမှာ သူမစိတ်တွေ ခေါင့်ကို တမ်းတစိတ်ဖြင့် ကယောက်



www.burmeseclassic.com

www.burmeseclassic.com



ကယက် မတည်ငြိမ်ဖြစ်နေခဲ့ရတာ။

ဒါတွေ ခေါင့်ကိုပြောပြဖို့ မသင့်ဟော်ဘူးယင်ပါရဲ့။

"ဒီကိုလာတာတော့ သူငယ်ချင်းတွေနဲ့ပဲ၊ သူတို့လည်း သီတင်းကျွတ် ချောင်းသာဆင်းကြဖို့ စီစဉ်ထားတာနဲ့ ခေါင်လည်း လိုက်လာတာ၊ တိုက်ဆိုင်တယ်နော်၊ လိုက်ရှာရင်တောင် တွေ့ချင်မှတွေ့မှာ"

အဲဒါ စိတ်ချင်းဆက်သွယ်နေတာလေ ခေါင်ရဲ့။ ခေါင် ဒီမှာရှိမယ်ဆိုတာ ပြာ့စိတ်က အလိုလိုသိနေလို့ပေါ့။

ခေါင် … ပြာ့အနား ပြန်ရောက်လာပြီဆိုတာနဲ့ စိတ်ညို့ခံရတဲ့ လူတစ်ယောက်လို ပြာမနေနိုင်မထိုင်နိုင် ဖြစ်နေရတော့တာ။

သူမက အသံမဲ့သောစကားများကို ခေါင့်မျက်နှာကို ငေးကြည့်ရင်းမှ ဆိုမိသည်။

"သူငယ်ချင်းတစ်ယောက်ကတော့ ပြောတယ်၊ ဗြူတီဆလွန်း ဖွင့်ထားတယ်လို့ ကြားတယ်တဲ့၊ တစ်ယောက်ကလည်း စကော့ဈေးထဲမှာ တစ်ခါတလေ တွေ့တယ်လို့ ပြောတယ်၊ ခရမ်းပြာက သိပ်အောင်မြင်နေပြီဆို"

သူမက ရယ်မောလိုက်မိကာ …





"အတိုင်းအတာတစ်ခုအထိပေါ့ ခေါင်ရယ်၊ မောင်လေးဘို့ သင်္ဘောတင်ပေးလိုက်နိုင်ပြီ၊ ညီမလေးကိုလည်း စင်္ကာပူပို့ပေးလိုက်နိုင်ပြီ၊ သူတို့ခြေထောက်ပေါ် သူတို့ အသီးသီးရပ်နိုင်သွားကြပြီ၊ ပြာ့ဘဝက သူများတွေထက် အောင်မြင်နိုင်ဖို့ လိုတယ်လေ"

ထိုအဆုံးသတ်စကားလုံးများကို ခရမ်းပြာက ကိုယ့်ခံစားချက်နှင့်ကိုယ် နှုတ်ခမ်းလေးစေ့ကာ ပြောမိသည်။ ခေါင်ကား နားလည်မှုပြည့်ဝသော မျက်လုံးများဖြင့် သူမကို ငေးစိုက်ကြည့်နေလေသည်။

"ဒါနဲ့ ခေါင်ရော ဟိုမှာအဆင်ပြေတယ်မဟုတ်လား၊ ဒီကို ခဏအလည်ပြန်လာတာပဲပေါ့"

"အင်း …အလည်ပဲဆိုပါတော့၊ ဟိုမှာက အဆင်ပြေပါတယ်၊ မရောက်တာလည်းကြာပြီ၊ အဖေအမေကို ပြန်ကြည့်ရင်း မြန်မာပြည်ကြီးကိုလည်းလွမ်းလို့၊ သူငယ်ချင်းတွေနဲ့လည်း တွေ့ချင်လို့၊ ပြီးတော့ …"

ထိုနေရာမှာ ခေါင်က စကားကိုရပ်နားထားကာ သူမကို လှမ်းကြည့်ပြီး …

"ခရမ်းပြာကိုလည်း တွေ့ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ခေါင့်အသံက သိပ်သည်းလေးနက်လျက်ရှိသည်။ ခေါင့်မျက်နှာကို တအံ့တဩ၊ ပြီးတော့ ကြည်နူးယစ်မူးစွာ မျက်လွှာပင့်ကြည့်လိုက်မိသော သူမမျက်ဝန်းများနှင့် ခေါင့်မျက်လုံးများ အတန်ကြာအောင် စေ့ဆုံမိကြသည်။

ထိုအခိုက်မှာပဲ ခပ်လှမ်းလှမ်းမှပင် အော်ဟစ်နှုတ်ဆက်ရင်း စန္ဒာတို့အုပ်စု ရေထဲမှ ပြန်တက်လာကြတာ တွေ့လိုက်ရလေသည်။

"ဟော …ဟိုမှာ ပြာ့တပည့်မလေးတွေ လာပြီ"

ခေါင်က လှမ်းကြည့်သည်။ သူမကို ယောကျ်ားပျို တစ်ယောက်နှင့် တရင်းတနှီး ထိုင်စကားပြောနေလျက်သား တွေ့ရသောအခါ သူတို့ အထူးအဆန်းဖြစ်သွားကြသည်။

တစ်ယောက်ကိုတစ်ယောက် လက်စို့ရင်း ခေါင့်ကို ကွက်ကြည့်ကွက်ကြည့်လုပ်ကြ၏။

"ကြည်ပြာ၊ မိပေါက်၊ စံကြီး …လာဦး၊ ဒီမှာ နင်တို့ကို မိတ်ဆက်ပေးမလို့"

အနားသို့ သုံးယောက်သား ချဉ်းကပ်လာကြသည်။

"ဒါ … မရဲ့မိတ်ဆွေ ကိုအံ့ဖွယ်ခေါင်တဲ့၊ ဂျပန်က ခဏပြန်လာတာ၊ မနဲ့မတွေ့တာကြာပြီ၊ ဒီမှာမမျှော်လင့်ဘဲ





ပြန်ဆုံလို့ အံ့ဩနေကြတာ"

"ဟုတ်၊ တွေ့ရတာဝမ်းသာပါတယ်၊ မ ပြောထားဖူးလို့ ကြားဖူးနေတာကြာပါပြီ"

စန္ဒာ့စကားကြောင့် ခေါင့်ရှေ့မှာ သူမမျက်နှာ နွေးခနဲ ဖြစ်သွားရသလို ကြည်ပြာနှင့်မိပေါက်ကလည်း စန္ဒာ့စကား မှားသွားပြီလားဟူသော စိုးရိမ်စိတ်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စန္ဒာ့မျက်နှာကို နှစ်ယောက်ပြိုင်တူ လှမ်းကြည့်ကာ အဆုံးသတ်၌ သူမမျက်နှာဆီ လှမ်းကြည့် လာကြသည်။

စန္ဒာကလည်း ထိုအခါမှ သူမစကား မှားသွားပြီလား ဟု သူမဆီလှမ်းကြည့်လာသလို ခေါင်ကလည်း သူမမျက်နှာ ကို လှမ်းကြည့်ကာ အကဲခတ်လာပြန်သည်မို့ အားလုံး၏ အကြည့်များအောက်မှာ ဘာလုပ်ရမှန်းမသိတတ်စွာ သူမက မျက်လွှာကြီးချထားလိုက်မိတော့သည်။

"ကျွန်တော်ကလည်း တွေ့ရတာဝမ်းသာပါတယ်၊ အံ့ဖွယ်ခေါင်ပါ"

ခေါင်က မတ်တပ်ထရပ်ကာ ရှေ့ဆုံးမှာရပ်နေသည့် စန္ဒာ့ဆီ လက်ထိုးပေးသည်။ စန္ဒာက ပြန်၍လက်ဆွဲနှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ...

“စန္ဒာကျေဉ်ပါ”

ဟု သူ့ကိုယ်သူ မိတ်ဆက်သည်။ ပြီးတော့ ကြည်ပြာ။

“ကြည်ပြာ ပါရှင့်”

ရှက်ကိုးရှက်ကန်းနှင့် ကြည်ပြာ့အသံလေးက မပွင့်တပွင့်။

“မောက်ပီ ...အဲလေ မိပေါက်”

“အဟား ...ဟား ...ဟား”

အလောတကြီးပြောကာမှ နာမည်ပြောင်ကို နှုတ်မှလွှတ်ခနဲထွက်သွားသေးတာမို့ မိပေါက်ကို ကြည်ပြာနှင့် စန္ဒာက တခဲနက်ဝိုင်းဟားလိုက်ကြသည်။

မိပေါက်ကလည်း ရှက်ကိုးရှက်ကန်းနှင့် တဟီးဟီး ရယ်နေလေသည်။

“ကဲ ... ရေသွားချိုးကြတော့၊ မ ...ဒီကပဲစောင့်နေမယ်၊ မြန်မြန်လုပ်ကြနော်၊ နေဝင်ချိန်မမီလိုက်ဘဲနေမယ်”

“ဟုတ်၊ မ၊ သွားပြီ၊ ကိုခေါင် သွားပြီ”

ခေါင့်ကို ကိုခေါင်ဟု တမင်တကာ အမျှားချွတ်





တရင်းတနှီးနှုတ်ဆက်ကာ ခေါင်းလေးတွေ ပုထွက်ပြေးသွားကြတာမို့ ခေါင်က အံ့အားသင့်သောအပြုံးစနှင့် ဘာပြောရမှန်းမသိ ဖြစ်ကျန်ခဲ့သည်။

“ပြာ့တပည့်မလေးတွေက ခင်စရာကောင်းသားပဲ၊ ပြာနဲ့လည်း တော်တော်ရင်းနှီးကြပုံပဲ”

“ဟုတ်တယ် ခေါင်၊ အလုပ်ထဲမှာ စည်းကမ်းကြီးသလောက် ပြာက အပြင်မှာတော့ သူတို့နဲ့ သူငယ်ချင်းပေါင်းပေါင်းတာ၊ သူတို့လေးတွေကလည်း ပြာ့ကို အစ်မတစ်ယောက်လိုချစ်ကြတယ်၊ အားလုံး စိတ်ရင်းကောင်းပြီး ခင်စရာလေးတွေပါ၊ အဲဒီအထဲက ကြည်ပြာနဲ့ မိပေါက်ဆို ပြာနဲ့အတူနေတာလေ၊ ညီအစ်မတွေလိုပဲ၊ ပြာ့မှာလည်း ဆွေမျိုးရင်းချာရယ်လို့ အနီးအနားမရှိတော့ သူတို့လေးတွေကိုပဲ ခင်ရာဆွေမျိုးလုပ်နေရတာပါပဲ”

ခေါင်က သူမပြောသမျှ စိတ်ဝင်တစား ငေးမောကြားထောင်နေသည်။ ပြီးမှ မေးသင့်မမေးသင့် ချင့်ချိန်စွာဖြင့်

“ကိုစောဦးရဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေကရော”

ဟု ညင်သာဖေးမသောအသံဖြင့် မေးလာသည်။

“သူတို့အားလုံးက ဩစတေးလျမှာပဲလေ၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှမရှိကြဘူး"

"ဩော်"

ခေါင်က ပင်လယ်ပြင်ကြီးဆီ ငေးကြည့်နေသည်။ ပြီး နူးညံ့ဆွေးငေးသော မျက်ဝန်းတွေဖြင့် သူမမျက်နှာဆီ ငဲ့ကြည့်လာသည်။

"ပြာ ...အားငယ်နေမှာပဲနော်"

ကြက်သည်းမွေးညင်းလေးတွေ ဖြန်းခနဲထကာ တစ်ကိုယ်လုံး ရုတ်တရက် ပူနွေးလျက် ရင်ထဲလှိုက်လှဲ့ဝမ်းနည်းသွားရသော ခံစားချက်ကို ဘာဟု အမည်တပ်ရမည် မသိ။

ထိုခံစားချက်နှင့်အတူ စိမ့်ဝဲလာချင်သည့် မျက်ရည်ကို မျက်တောင်ပုတ်ခတ်ဖယ်ရှားပစ်လိုက်ပြီး မျက်နှာလေး မော့ကာ နှုတ်ခမ်းပါးလေးကိုတင်းကာ ...

"ပြာ အားမငယ်တတ်ပါဘူး၊ ပြာ့အလုပ်တွေထဲမှာပဲ ပြာ့ဘဝကို နှစ်မြှုပ်ထားတယ်၊ ပြာ ဘာကိုမှမတွေးချင်ဘူး၊ ဘာကိုမှလည်း သတိမရချင်ဘူးလေ၊ အောင်မြင်ပျော်ရွှင်မှုတွေနဲ့ ဘဝကို ဖုံးထားနိုင်အောင်လို့ ပြာ အမြဲတမ်းကြိုးစားအားထုတ်နေချင်တယ်၊ ခေါင် နားလည်မှာပါ၊ ဒီလောကမှာ





ပြာ့ဘဝကို နားအလည်နိုင်ဆုံးက ခေါင်ပဲ"

ခေါင်က သူမကို တိတ်ဆိတ်စွာ ကြာမြင့်စွာ ငေးကြည့်နေပါသည်။ ထိုမျက်ဝန်းတွေမှာ တုန်လှုပ်ဖွယ်ရာ နောင်တတရားကို တွေ့ရသည်။

ဟင့်အင်း ...။ ခေါင် နောင်တမရပါနဲ့။ ဒါ ... နောင်တရကောင်းတဲ့အချိန် မဟုတ်တော့ဘူး။

"ပြာ ...ဒီလိုပဲနေသွားတော့မှာလား"

"ဘယ်လိုလဲဟင်" -

"ဩော် ...နောက်ထပ်လက်တွဲဖော်တစ်ယောက် မရှာတော့ဘူးလားလို့ပါ"

သူမက ရယ်မောလိုက်မိသည်။ ခြောက်ကပ်နာကျင်သော အသံလှိုင်းတစ်ခု ထုတ်လွှတ်လိုက်ခြင်းသာဖြစ်သည်။

အထင်ကြီးတာလား၊ အထင်သေးတာလား ခေါင်ရယ်။ ဒါမှမဟုတ် ပြာ့အပေါ် နားမလည်နိုင်တာလား။

ခေါင်ပြောတော့ ခေါင်ဟာ ပြာ့အပေါ် နားအလည်နိုင်ဆုံးဆို။

ကိုယ့်နှလုံးသားကို နားမလည်နိုင်ကောင်းလားဟု ခေါင့်ကို နာကြည်းချင်သည်။ ဝမ်းလည်းဝမ်းနည်းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဖွယ်ခေါင်ဆိုတာ ခရမ်းပြာကို နားအလည်နိုင်ဆုံး လူဆို၊ ဒီလိုမေးတာ ခေါင် ပြာ့ကို တကယ်တန်းနားမလည် နိုင်သေးလို့ပဲ"

"မဟုတ်သေးဘူးလေ၊ ပြာ့ကိုနားလည်ပေမယ့် အချိန်ကာလနဲ့အမျှ အရာရာဟာ ပြောင်းလဲနေတာပဲ၊ ဘာကိုမှ ပုံသေတွက်ထားလို့မရဘူးလေ၊ ဒါကြောင့် မေးကြည့်တာပါ"

အချိန်ကာလနဲ့လိုက်ပြီး ပြောင်းလဲသွားကြတဲ့ အရာ တွေထဲမှာ ခေါင် နားလည်ပိုင်စားထားတဲ့ ခရမ်းပြာနှလုံးသား မှမပါဘဲ။

ရင်ထဲမှ အသံမဲ့စကားလုံးများဖြင့် နာကျင်စွာရန်တွေ့ မိသော်ငြားလည်း အပြင်မှာတော့ ခရမ်းပြာသည် ယဲ့ယဲ့ပြုံး ကာ ...

"ပြာ စိတ်မကူးတော့ပါဘူး၊ အခု ခရမ်းပြာဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေနိုင်ပြီပဲ၊ ဘာအတွက် ယောကျ်ားတစ်ယောက်ကို ထပ်လက်ထပ်မှာလဲ"

ခေါင် မျက်နှာကွက်ခနဲပျက်သွားကာ လှုပ်လှုပ်ရှား ရှားဖြစ်သွားသည်။

"ဆောရီးပဲပြာ၊ စိတ်ဆိုးသွားလား"





"ဟင့်အင်း၊ မဆိုးပါဘူး ခေါင်"

ခေါင့်မျက်နှာမှာ သက်သာရာရသွားသော အပြုံးရိပ် ကို မြင်တွေ့ရသည်။

"ဒါနဲ့ ပြာတို့က ဘယ်ဘန်ဂလိုမှာလဲ"

ခရမ်းပြာက သူမတို့၏ အနောက်တည့်တည့်မှ အပြာ ရောင်အုတ်အဆောက်အဦးဖြင့် ဘန်ဂလိုကိုညွှန်ပြကာ ...

"ဒီမှာလေ၊ ဒီဘက်ခြမ်း"

"ကြည့်စမ်း ... တိုက်ဆိုင်လိုက်တာ၊ ခေါင်တို့က ဟိုဘက်ခြမ်း၊ တစ်လုံးတည်းမှာ နံရံချင်းကပ်လျက်ပဲ၊ ဆုံမယ့် ဆုံတော့လည်း တကယ့်ကို နီးနီးစပ်စပ်ပဲနော်"

အံ့သြစရာကောင်းလိုက်တာ။ မယုံနိုင်စရာကောင်း လွန်း၍ အိပ်မက်များလားဟုပင် သံသယရှိမိသည်။ ခေါင်နှင့် အခုလိုပြန်ဆုံစည်းကြဖို့ဆိုတာ မရေရာလှသော သူမ၏ ပိုးတဝါးအိပ်မက်တစ်ခုနှယ်သာ။

"ခေါင့်သူငယ်ချင်းတွေကောဟင်"

"ဒီကောင်တွေလည်း ရေထဲဆင်းသွားကြတယ်၊ ခေါင်က အိပ်ပျော်နေလို့ကျန်ခဲ့တာ၊ ဟော ...ဟိုမှာလာနေ ကြပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင့်သူငယ်ချင်းများက ခေါင်နှင့်သူမ စကားပြော နေသည်ကို အလိုက်သိစွာ လက်ပြ၍ ဘန်ဂလိုဆီသာ ပြေး သွားကြသည်။

သို့သော် သူမကို ခေါင်နှင့်အတူ တွေ့လိုက်ရသည့် အတွက် အံ့ဩရိပ်တွေတော့ မျက်နှာတွေပေါ်မှာ မြင်လိုက်ရ သည်။

ခေါင့် ရန်ကုန်မှ သူငယ်ချင်းတွေသည် ခေါင်နှင့် သူမအကြောင်းကို အလုံးစုံသိပြီးသားလူတွေပဲမဟုတ်လား။

ထိုအခိုက်မှာပဲ စန္ဒာတို့သုံးယောက် ရေမိုးချိုးပြီး၍ ဘန်ဂလိုထဲမှ ထွက်လာကြသည်။

"ကလေးတွေတောင်လာပြီ၊ ပြာတို့ လမ်းလျှောက် ရင်း ဓါတ်ပုံသွားရိုက်ကြမလို့၊ ခေါင်ရော ...သူငယ်ချင်းတွေ စောင့်ဦးမှာလား"

ခေါင်ရော လိုက်ခဲ့ပါလားဟု ပြောချင်ပေမယ့် ထိန်းသိမ်းချင့်ချိန်စွာ သူမက ပြောလိုက်ပါသည်။ ခေါင်က ချက်ချင်းပင် မတ်တပ်ရပ်ကာ ...

"သူတို့တွေ တော်တော်နဲ့ပြီးဦးမှာမဟုတ်ဘူး၊ ခေါင် လည်းလိုက်ခဲ့မယ်လေ"





ဟု ပြောလိုက်သောအခါ သူမက ခေတ္တပင်ကြက် သေသေကာ အံ့ဩသွားရ၏။ အရင်တုန်းက ခေါင်ဆိုလျှင် တော့ ထိုနေရာမှာပင် မာနကြီးစွာ ချန်နေရစ်ခဲ့လိမ့်မည်။

ခေါင် ပြောင်းလဲနေပြီလား။

"ကောင်းတာပေါ့၊ ကျွန်တော်တို့ဂရုပ်ပုံကို ခေါင် ရိုက် ပေးလို့ရတာယ်"

စန္ဒာက သူ့စတိုင်လ်အတိုင်း သွက်သွက်လက်လက် ခေါင့်ကို ဘော်ဒါဖွဲ့လိုက်သည်။

ကျောက်ဆောင်တွေရှိရာဘက်သို့ သူမတို့လျှောက် လာခဲ့ကြသည်။ ကြည်ပြာတို့သုံးယောက်က ရှေ့မှဦးဆောင် သွားကာ ခေါင်နှင့်အတူ သူမက ယှဉ်တွဲလျှောက်လာသည့် အခိုက်မှာတော့ ဘယ်အရာနှင့်မှမတူအောင် သူမရင်ထဲ ချမ်းမြေ့ကြည်နူးနေရတော့သည်။

ဘယ်လိုလုပ် မျှော်လင့်ရဲခဲ့မလဲ၊ ခေါင်နှင့်အတူ ခုလို အတူယှဉ်တွဲရှိနေခွင့် ထပ်ရလိမ့်မယ်လို့။

ကမ်းခြေတစ်လျှောက်မှာ ခေါင်က သူမတို့ကို ဂရု(ပ်)ပုံတွေ ရိုက်ပေးသည်။

"ကျွန်တော်နဲ့ကြည်ပြာကို အာဇာနည်နဲ့ မီးမီးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပေးပါ''

''အာဇာနည်နဲ့မီးမီးခဲ၊ ဘယ်လိုမျိုးလဲ''

သူမက ရုတ်တရက်မသိနိုင်ဘဲ ဖြစ်နေသည်။

''ဟိုအခွေကာဗာအဖုံးက ပုံလိုလေဗျာ၊ အဲဒီအခွေ တိုင်တယ်လ်က ဘာလဲ လမင်းသို့လေ''

''သြော် ...သိပြီ၊ မျက်စိထဲမြင်လာပြီ၊ ကျောချင်း ကပ်လျက်မှီနေတဲ့ပုံ၊ မှီလိုက်ကြလေ''

စန္ဒာက ဂျင်းဘောင်းဘီ၊ ဂျာကင်နှင့်မို့ တကယ့် ယောကျ်ားပုံပေါက်နေကာ ကြည်ပြာကလည်း ဂျင်းစကပ်၊ ဂျင်းဂျာကင် ဆင်တူလေးနှင့်မို့ သူတို့နှစ်ဦး ကြဲကြဲဖန်ဖန် အတွေးရပုံကို အံ့သြမိသည်။

''စံကြီးက ကြည်ပြာကိုမှီလေ၊ ကြည်ပြာက မနိုင် မကန်ထမ်းထားရတဲ့ပုံမျိုး၊ မျက်နှာကြီးရှုံ့မဲ့မနေနဲ့လေ''

''လေးတယ် ...မရ၊ စံကြီး နင်တကာယ်မမှီနဲ့လေ ဟာ၊ ငါ လွှတ်ချလိုက်မှာနော်''

''ဟော့ကောင် ကြည်ပြာ၊ မလုပ်ကြေးနော်၊ မ ရိုက် ပါတော့''

သူမက သူတို့ပြောသည့်အတိုင်း အမိအရရိုက်ယူ





သည်။

''လာ ...မောက်ပိလာ၊ ကျောချင်းကပ်ပြီး လက ချင်းချိတ်၊ မ ချိန်ထားနော်၊ တစ်နှစ်သုံး ဆိုတာနဲ့ ရိုက်မယ်''

''အိုခေ''

''တစ် ...နှစ် ...သုံး''

တိုင်ပင်အတိုင်း စန္ဒာက သူ့ကျောပေါ် မိပေါက်ကို ဆွဲတင်လိုက်သည့်အခိုက်မှာပဲ သူမက ကင်မရာခလုပ်ကို အမိအရနှိပ်ချလိုက်လေသည်။

''လာ ...မ၊ ဒီတစ်ခါ ဂရု(ပ်)ပုံရိုက်မယ်၊ ကိုအံ့ ဖွယ်ခေါင် ပလိစ်''

စန္ဒာက အကူအညီတောင်းလိုက်တာကြောင့် ခေါင်က လှိုက်လှဲစွာပင် ခေါင်းညိတ်ပြကာ သူမဆီမှ ကင်မရာကို လက်လွှဲယူသည်။

''ဒီလိုလုပ်၊ အရပ်အနိမ့်အမြင့်ညီအောင်စီမယ်၊ ပြီးရင် တစ်ဖက်ကို တညီတညာတည်း ယိမ်းလိုက်တဲ့အချိန် မှာရိုက်၊ မကောင်းဘူးလား''

သည်တစ်ခါ idea က သူမ idea ဖြစ်သည်။

''ကောင်းတယ် မ၊ လာ စီမယ်၊ မပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၊ ကျွန်တော်ပြီးတော့ ကြည်ပြာ၊ မောက်ပိကအပုဆုံး၊ ဒါပေမယ့် မ လေးယောက်ထဲဆို လူနည်းနေတယ် မလုဘူး၊ ကိုအံ့ဖွယ်ခေါင်ပါ ဝင်ရပ်လိုက်ပါလား၊ ဒါမှ ပိုလှသွားမှာ၊ လာပါ ကျွန်တော်တို့ပုံလေး ပိုမြိုင်ဆိုင်သွားအောင်''

''ဟဲ့ ... ခေါင်ဝင်ရပ်ရင် ဘယ်သူက ရိုက်ပေးမလဲ''

သူမက အားနာစွာဖြင့် ခေါင့်ကို ငြင်းဖို့အခွင့်အလမ်းပေးလိုက်သည်။

''မကလည်း လွယ်လွယ်လေးပါ၊ ဟိုကင်မရာမင်းကို အကူအညီတောင်းလိုက်ရုံပေါ့၊ ကျွန်တော်တို့ ကင်မရာမင်းရှာဖို့လည်း လိုသေးတယ်မဟုတ်လား၊ သူ့ကိုအကူအညီတောင်းရင်း တစ်ခါတည်း စကားပြောကြည့်လိုက်မယ်''

ပြောပြောဆိုဆို စန္ဒာက မလှမ်းမကမ်းမှ ကင်မရာမင်းတစ်ယောက်ဆီ လျှောက်သွား၏။ ဆံပင်ရှည်တာကလွဲလို့ စန္ဒာ့ပုံစံက ကျားကျားလျားလျားနှင့် ယောကျ်ားလေးတစ်ယောက်ပမာပဲမို့ ယောကျ်ားတွေနှင့်ပြောဆိုရသည့်အခါ အသုံးတည့်လှသည်။

ခဏနေသောအခါ လက်မထောင်ကာ စန္ဒာ ပြန်လာ





၏။ သူ့နောက်မှ ကင်မရာသမား ကပ်ပါလာသည်။

''နောက်ရက်တွေအတွက်လည်း ပြောပြီးသွားပြီ မမ၊ အခုညနေကစပြီး သူပဲ တာဝန်ယူရိုက်ပေးလိမ့်မယ်''

စန္ဒာက တစ်ဆက်တည်း ကင်မရာမင်းကို လောလောဆယ် ရိုက်ပေးရမည့်ပုံကို ပြောပြနေသည်။

သူမက ခေါင့်ကို အားနာစွာ လှမ်းအကဲခတ်မိပေမယ့် ခေါင့်မျက်နှာက တစ်စုံတစ်ရာ အနှောင့်အယှက်ကင်းစွာ လိုက်လိုက်လျောလျော ရှိနေတာမို့ သူမက စိတ်အေးသွားရသည်။

ဓါတ်ပုံရိုက်ဖို့ တန်းစီသောအခါ နဂိုစီထားသော လေးယောက်အနက် အရပ်အရှည်ဆုံးဖြစ်သည့် သူမနံဘေးသို့ ခေါင် ရောက်လာသည်။

''ကဲ ...တစ် ...နှစ် ...သုံး ဆိုတာနဲ့ ညာဘက်ကိုယိမ်းမယ်နော်၊ လက်ကလေးတွေ တွဲထားကြမယ်''

ကင်မရာဆရာ၏ ညွှန်ကြားချက်အတိုင်း အသီးသီး တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်လိုက်ကြရသည်။ မရည်ရွယ်ပါဘဲ တစ်ယောက်မျက်နှာတစ်ယောက် ငဲ့ကြည့်မိသွားကြရသည်။

မျက်ဝန်းများသည် နွေးထွေးနီးကပ်လှပါးလေစွ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင့် လက်ဖဝါးများကို ပြန်လည်ဆုပ်ကိုင်ခွင့် ရခဲ့ပြီ။

အခါတိုင်းမှာ အားကိုးလုံခြုံမှုကို ပေးစွမ်းနိုင်ခဲ့သော သည်လက်ဖဝါးတွေ။

အေးစက်စိမ်းကားစွာ စွန့်ပစ်ခွဲခွာ ထားရက်ခဲ့သည် မှာလည်း သည်လက်များပင်ဖြစ်ချေသည်။

သို့သော်လည်း သည်လက်ဖဝါးနွေးနွေးကို သူမ ဘယ်လို မေ့မရနိုင်ခဲ့။

"ကဲ …ရိုက်မယ်နော်၊ တစ် …နှစ် …သုံး"

ဉမတို့အားလုံး ညီညာစွာ ယိမ်းလိုက်ကြပါသည်။ ထိုခါတ် ထဲမှ သူမမျက်နှာသည် အသွန်တရာလှပနေလိမ့် မည်ဟု ဉမယုံကြည်သည်။

နဝင်ချိန်ဆည်းဆာကို အမိအရ ရိုက်နိုင်ဖို့အတွက် ကျော ဆောင်တွေပေါ်သို့ တက်ခဲ့ကြသည်။

ဝ ၈ နှာ၊ ကြည်ပြာနှင့် မီပေါက်တို့သုံးယောက်သည် ..င်မရာမင်းကို ဦးဆောင်ရင်း ရှေ့မှသွားနှင့်ကြတာမို့ အနောက်ဘက်မှာ သူမတို့နှစ်ယောက်က သီးသန့်ဖြစ်နေရ သည်။

ကျောက်ဆောင်တွေပေါ် တက်သောအခါ ဖိနပ်





အမြင့်နှင့် ခယိုးခယိုင်ဖြစ်နေသော သူမကို ခေါင်က ပထမ တော့ အကူအညီပေးရကောင်းနိုး ကြည့်နေသေးသည်။

နောက်တော့ လက်ကမ်းပေးလာကာ …

"ဖိနပ်အမြင့်နဲ့ ချော်လဲတော့မယ်၊ ခေါင့်လက်ကို တွဲ"

အမိန့်ပေးသံဆန်ဆန် စကားအဆုံးမှာ သူမက လိမ္မာ နာခံသော ကလေးငယ်တစ်ယောက်လို ခေါင့်လက်ဖဝါး တစ်ဘက်ကို အားပြုဆုပ်တွဲလိုက်ရသည်။

ထိုခဏမှာတော့ ခေါင်သည် မပြောင်းလဲသောခေါင် ဖြစ်သွားသည်။

သည်လိုအမိန့်သံဆန်သော စကားလုံးတွေအောက်မှာ ပဲ သူမသည် ခေါင်၏ လိမ္မာသောချစ်သူလေး ဖြစ်ခဲ့ရဖူး သည်မဟုတ်လား။

ကျောက်ဆောင်နှစ်ခုဆက်ကြားမှ အခြားတစ်ဘက် သို့ ကူးရာ၌လည်း ခေါင်က တစ်ဘက်ကျောက်ဆောင်သို့ အရင်ကူးကာ သူမဆီသို့ လက်နှစ်ဘက်ဆန့်တန်းပေးပြီး ဖေးမ ကာ ကူးလာစေသည်။

ကြောက်စိတ်ထက်ပဲ ရင်ခုန်လှုပ်ရှားစိတ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ကလေးများ ခေါင့်လက်ဖဝါးအောက်မှာ အေးစက်နေခဲ့ရသည်။

ဓါတ်ပုံရိုက်ပြီးသောအခါ သူမနှင့်ခေါင်က ကျောက်ဆောင်တစ်ခုပေါ်မှာထိုင်ရင်း ပင်လယ်ပြင်ကြီး၏ နေဝင်ဆည်းဆာအလှကို ငြိမ်သက်စွာ ငေးမောနေမိကြသည်။

ရင်ထဲမှာတော့ အတွေးကိုယ်စီရှိနေကြမည်ဆိုတာ အလိုလိုသိနေကြ၏။ ခဏကြာမှ ခေါင့်ဆီကစကားသံထွက်လာသည်။

"ပြာ့ကို တစ်ခုမေးစရာရှိတယ်"

ခရမ်းပြာ ငုံ့ကြည့်တွေ့မြင်ရသော ခေါင့်မျက်နှာက တည်ငြိမ်လေးနက်လျက်ရှိပါသည်။

"မေးလေ …ခေါင်၊ ဘာမေးမလို့လဲ"

"ခေါင့်ကို ဘာလို့အဆက်အသွယ်ဖြတ်ခဲ့တာလဲ"

ခေါင်နှင့်များ မတော်တဆပြန်တွေ့ခွင့်ရခဲ့လျှင် ပထမဦးဆုံးအမေးခံရမည့် မေးခွန်းဟု သိထားခဲ့သောမေးခွန်းပင်ဖြစ်သည်။

သူမက ပင့်သက်ရှိုက်လိုက်ကာ ….

"ခေါင်က ပြာ့ကို နားအလည်ဆုံးဆို၊ တကယ်ပဲ





ခေါင် နားမလည်နိုင်တာလား"

"ခေါင် နားလည်ပေးထားပါတယ်၊ ဒါပေမယ့် အခုပြန်တွေ့တဲ့အချိန်မှာတော့ ခရမ်းပြာရဲ့ အဖြေကိုကြားချင်တယ်"

"ခေါင့်ဘဝလမ်းကို ခေါင် ဖြောင့်ဖြောင့်တန်းတန်းလျှောက်စေချင်လို့ပါ၊ ခရမ်းပြာကြောင့် နှောင့်နှေးကြန့်ကြာမနေစေချင်လို့၊ ကိုယ့်ဘဝကိုယ်လည်း အမှန်အတိုင်း လက်ခံနားလည်နိုင်လာလို့ပါ၊ ပြာလည်း ကိုယ့်လမ်းကိုယ်လျှောက်ရမယ်မဟုတ်လား၊ တစ်သက်လုံး အားငယ်ပျော့ညံ့နေလို့ တစ်စုံတစ်ယောက်ကို မှီတွယ်အားကိုးနေလို့မှ မဖြစ်ဘဲလေ"

ခေါင်က သူမဘက်ငုံ့ကြည့်သည်။ မှောင်ရီဝိုးတဝါးဖြစ်သည့်တိုင် ကြေကွဲဆွေးမြည့်မှုကို မာန်လေးတင်း၍ ဖျောက်ဖျက်ထားသော သူမ မျက်နှာပေါ်မှ ခံစားချက်အရိပ်အယောင်ကို ခေါင် ကောင်းစွာသဲကွဲမည်ပင်။

"ခရမ်းပြာ …အရမ်းပြောင်းလဲသွားတယ်နော်"

ခေါင့်အသံက ခပ်ဝေးဝေးမှ ဖြည်းဖြည်းလေးပြေးဝင်လာသောလေလို ညင်းညင်းညှံ့ညှံ့။

ခေါင် ဘာကိုဆိုချင်မှန်း သိပါသည်။ သည်လို နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းပါးလေးတင်းတင်းစေ့ကာ စိတ်ဆန္ဒနှင့် ဆန့်ကျင်သော အလုပ်ကိုလုပ်ကာ မာန်တင်းသောစကားများကို ဆိုသော ပုံစံဟာ အရင်က ခေါင်သိခဲ့သော ခရမ်းပြာဆိုသော မိန်းကလေးပုံစံမှ မဟုတ်ဘဲ။

အနုငင်က ခရမ်းပြာဆိုတာ ခေါင်ပြောသမျှ အမြဲနှုတ်ခမ်းလေးကိုက်ပြီး မျက်ရည်ဝဲနေတတ်သူလေ။

“ခေါင်လည်း အရမ်းပြောင်းလဲသွားတယ်”

ခေါင်က သူမ ထင်မြင်ချက်ကို အလွယ်တကူပင် ခေါင်းညိတ်၍ ကြိုဆိုသည်။

“ဟုတ်တယ်၊ ခေါင် အများကြီးပြောင်းလဲသွားတယ်၊ ကိုယ့်ကိုယ်ကို အံ့ဩယူရတဲ့အထိပဲ၊ အချိန်ကာလကြောင့်လား၊ အသက်အရွယ်ကြောင့်လား၊ ဘဝမှာ သင်ခန်းစာယူစရာအဖြစ်အပျက်တွေကြောင့်လား မသိဘူး”

သူမက ပြုံး၍သာ နားထောင်ရင်း ဘာမှတ်ချက်မှ မပေးမိ။

“ခေါင် အရင်လိပ်စာကိုပဲ ဆက်သွယ်နေခဲ့သေးတာ၊ ဖုန်းဆက်တော့လည်း ဖုန်းကပြောင်းသွားပြီ၊ ကိုယ့်စာတွေ လက်ခံမယ့်သူမရှိဘဲ ပြန်ရောက်လာတော့မှပဲ ခရမ်း





ပြာ ကိုယ့်ကို အဆက်အသွယ်ဖြတ်သွားပြီဆိုတာ သိရတယ်၊ ဒါပေမယ့် ခေါင် မျှော်နေသေးပါတယ်၊ ဘယ်တော့များ ဆက်သွယ်လာမလဲလို့၊ တစ်နှစ်တစ်ခါ မွေးနေ့တိုင်း ပို့တတ်တဲ့ ကဒ်လေးတွေကလွှဲရင်ပေါ့၊ ခေါင်ကတော့ ဘယ်လိုပြန်ပို့ရမှန်းမသိလို့၊ ဘုရားရှိခိုးပြီးတော့ပဲ ဆုတောင်းပေးဖြစ်တယ်”

သူမက ရှုံးညှဉ့်မှုဖြင့် သိမ်မွေ့တည်ငြိမ်နေသော ခေါင့်မျက်ဝန်းများကို မယုံနိုင်အံ့ဩစွာ၊ ကြည်နူးနှစ်သိမ့်စွာ၊ စိတ်မကောင်းခြင်းကြီးစွာ ငေးမောကြည့်နေမိသည်။

သည်ကာလတွေမှာ သူမကို ခေါင် တကယ်ပဲ သတိတရရှိနေခဲ့သည်တဲ့လား။ သူမ မျှော်လင့်ထားသည်ကတစ်ခြားလေ။

ခေါင် ရုတ်တရက် ပြုံးလိုက်ကာ …

“ဘာပဲဖြစ်ဖြစ်လေ၊ ခရမ်းပြာကို ခေါင် နားလည်ပါတယ်၊ အခုလည်း ခေါင်တို့နှစ်ယောက် ပြန်တွေ့ရပြီပဲ၊ ခေါင်ထင်ထားတာက ခရမ်းပြာ ချစ်သူတွေဘာတွေရနေပြီလားလို့၊ ဒါကြောင့် ခေါင့်ကို မဆက်သွယ်တော့တာလို့ ထင်နေတာ”

သူမက ခေါင့်ကို ပေါ့ပါးစွာဖြင့် မျက်စောင်းထိုး



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်လိုက်ပါသည်။ ထိုအခါမှာတော့ သူမတို့နှစ်ယောက်သည် သူငယ်ချင်းနှစ်ယောက်နှင့် တူသွားပြန်လေ၏။

"ကဲ ... မှောင်နေပြီ၊ သွားကြရအောင်နော်"

ခေါင်က ထရပ်ကာ သူမကို လက်ကမ်းပေးသည်။ သူမက ခေါင့်လက်ကိုဆွဲကာ နေရာမှလိုက်ရပ်လိုက်ပါသည်။

သူမတို့အားလုံး ကျောက်ဆောင်ပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။ ဘုရားဝင်၍ ရှိခိုးကြ၏။

လာလမ်းအတိုင်း ပြန်လာကြတော့ အမှောင်ထုသည် ပတ်ဝန်းကျင်ကို လုံးဝဖုံးလွှမ်းအုပ်စိုးသွားခဲ့ပြီဖြစ်သည်။

သီတင်းကျွတ်ရာသီဖြစ်၍ မီးရှူးမီးပန်းတွေ ဟိုမှာသည်မှ ပစ်ဖောက်လွှတ်တင်နေကြသည်။

"ညစာအတူစားကြရအောင်နော်၊ ခေါင်နဲ့ ခရမ်းပြာ ပြန်တွေ့ရတဲ့ အထိမ်းအမှတ်အဖြစ် ခေါင်က အားလုံးကို ကျွေးချင်လို့ပါ၊ အမှတ်တရပေါ့"

"ခေါင့်သူငယ်ချင်းတွေရောဟင်"

"သူတို့ကိုလည်း ခေါ်လိုက်မယ်လေ၊ ဖြစ်တယ်မို့လား"

"ဖြစ်ပါတယ်"





"ဒါဆို ... သူတို့ကိုဝင်ခေါ်ပြီး အတူသွားလိုက်ရအောင်လေ"

"ကောင်းသားပဲ"

ပင်လယ်လေပြေညှင်းနှင့် ပင်လယ်လှိုင်းသံကို တိုက်ရိုက်ထိတွေ့ခံစားနေရသော ဟိုတယ်စားသောက်ဆိုင်မှာပင် သူမတို့အားလုံး ညစာစားဖြစ်ကြသည်။

ခေါင်က သူမနှင့်ကပ်လျက်ခုံမှာထိုင်ပြီး သူ့သူငယ်ချင်းတွေနှင့် သူမကို မိတ်ဆက်ပေးသည်။ တစ်ယောက်နှစ်ယောက်မှလွဲ၍ ကျန်လူတွေသည် သူမနှင့် မျက်မှန်းတန်းခဲ့ဖူးပြီးသား ခေါင့်သူငယ်ချင်းတွေဖြစ်တာမို့ စကားပြောရသည်မှာ အခက်အခဲမရှိလှပေ။

စန္ဒာတို့သုံးယောက်နှင့်ပါ မိတ်ဖွဲ့ပေးလိုက်သောအခါ ညစာစားဝိုင်းက ပို၍မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားပါ၏။

ခေါင်က သူမကို အထူးတလည် ဂရုတစိုက်ရှိလှသည်။ သူမစားသည်ကိုသာ အရိပ်တကြည့်ကြည့် စောင့်ကြည့်နေပြီးမှ လိုအပ်သမျှ ဖြည့်ဆည်းပေးနေ၏။ တစ်ချက်တစ်ချက်မှာ သူမကို ငေးစိုက်ကြည့်နေသေးသည်။

စားသောက်ပြီးသွားကြသောအခါ စန္ဒာ၊ ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မိပေါက်က ဟိုတယ်အရောင်းဆိုင်မှာ မီးရှူးပန်းတွေသွားဝယ်မည်ဖြစ်ကြောင်း ခွင့်တောင်းကြသည်။

ခေါင့်သူငယ်ချင်းများကလည်း အတူဝယ်ဖို့လိုက်သွားကြ၏။ စားပွဲမှာ ခေါင်နှင့်သူမ နှစ်ယောက်တည်းသာ ကျန်ရစ်သည်။

"မှတ်မိသေးလား၊ ကျောင်းက ကင်တင်းမှာတုန်းကလေ၊ ခရမ်းပြာက ဗိုက်ဆာနေတော့ စားပွဲထိုးဆီက သူများအတွက် ယူလာပေးတဲ့ ခေါက်ဆွဲကြော်ကို ခေါင်က ဖြတ်လုပေးလိုက်တာ၊ ပြန်တွေးရင် ရယ်ရတယ်နော်"

ခေါင် ဒါတွေမှတ်မိနေသေးသည်။ သူမက ရင်ထဲအုံနွေးသွားရလျက်မှ ...

"ဟုတ်တယ်နော်၊ ခေါင်က ခုတော့ အများကြီးတည်ငြိမ်ရင့်ကျက်သွားပါပြီ"

"ရင့်ကျက်ဆို ... အသက်လည်း သုံးဆယ်ရှိပြီလေ"

"သုံးဆယ့်တစ်ပါ၊ ခေါင်က ပြာ့ထက် တစ်နှစ်ပိုကြီးတယ်၊ တစ်နှစ်၊ တစ်လနဲ့ ဆယ့်သုံးရက်တိတိ"

ခေါင်က သူမ အတိအကျအမှတ်ရနေသည်ကို





အံ့အားသင့်ဝမ်းမြောက်ဟန်ဖြင့် မျက်ခုံးပင့်ပြကာ ...

"ခရမ်းပြာက အတိအကျမှတ်မိနေတုန်းပဲနော်"

"ဒါ့ပေါ့၊ ခေါင်နဲ့တွေ့တဲ့နေ့တုန်းက ခေါင် ဝတ်ထားတဲ့ အဝတ်အစားကအစ ပြာမှတ်မိတယ်၊ အင်္ကျီအဖြူအကွက်တုံးလေးနဲ့ ရခိုင်ပုဆိုးအညိုလေး၊ လွယ်အိတ်အညိုလေးကိုထုံးပြီး စလွယ်သိုင်းလွယ်ထားတယ်"

ခေါင်က နှုတ်ခမ်းလေးဟလျက် အံ့ဩမယုံကြည်နိုင်သော မျက်လုံးများနှင့် ရှိနေလေသည်။

မီးပန်းသွားဝယ်သောအုပ်စုနှစ်စု ပြန်လာကြသည်။ ဟိုတယ်နှင့်တည့်တည့် မလှမ်းမကမ်း ကမ်းခြေမှာ သွားဖောက်ကြသည်မို့ သူမတို့နှစ်ယောက်က နေရာမှာပင် ထိုင်ကြည့်ရင်း ကျန်ခဲ့ကြသည်။

"ခရမ်းပြာကို ခေါင် တောင်းပန်ရဦးမယ်"

"ဘာအတွက်လဲဟင်"

"ဟိုးအရင်ကအတွက်ပါ၊ အဲဒီတုန်းက ခေါင် တကယ်မှားခဲ့ပါတယ်၊ အသက်ကလည်းငယ်၊ အတွေးအခေါ်ကလည်း မရင့်ကျက်မတည်ငြိမ်သေးတဲ့အရွယ်ဆိုတော့ ကိုယ့်စိတ်ကိုယ် မနိုင်ခဲ့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ကြားဖြတ်၍ ခေါင်းခါယမ်းလိုက်ကာ …

"ပြာ့စိတ်ထဲမှာ အဲဒါတွေ ဘာမှမရှိတော့ပါဘူး"

"ဒါပေမယ့် … ခေါင်က ပြုသူကိုး၊ အပြစ်ရှိခဲ့သူဆိုတော့ မှားလိုက်ပြီလို့သိခဲ့ရတဲ့ အချိန်ကစပြီး ဘဝတစ်လျှောက်လုံးမှာ တနုံ့နုံ့နဲ့ ခံစားနေခဲ့ရတယ်၊ အဲဒီနောင်တက ခေါင့်ဘဝမှာ အရိပ်မည်းကြီးတစ်ခုလိုပဲ အမြဲနောက်ကလိုက်နေတယ်၊ နောင်တဆိုတာ သိပ်ပူလောင်တယ်၊ ပြာကတော့ ခွင့်လွှတ်လိုက်ရတဲ့သူဆိုတော့ ရင်ထဲမှာ အေးချမ်းနေမှာပေါ့"

"ပြာကမှ ခေါင့်ကို အပြစ်လို့မယူခဲ့ဘဲ၊ ခေါင်လည်း မမှားဘူး၊ ခေါင်မှားခဲ့သည့်တိုင် ပြာ့ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်အောင်တော့ ခေါင် မမှားခဲ့ပါဘူး၊ လူတစ်ယောက်မှာ ဘာတွေဘယ်လိုဖြစ်ရမယ်ဆိုတာက သူ့အလိုလိုစီစဉ်လာရပြီးသား၊ ပြာ့အကြောင်းကိုက ပါလာလို့ ပြာ ဒီလိုဖြစ်ရတာ၊ ခေါင်နဲ့မဆိုင်ပါဘူး"

"ဒါပေမယ့် အဲဒီအချိန်မှာ ခေါင်သာ ပြာ့ကို သစ္စာရှိရှိ လက်ထပ်ဖြစ်ခဲ့ရင်"

"တော်ပါတော့ ခေါင်ရယ်၊ အဲဒီလိုသာဆို ပြာလည်း မိဘစကားနားမထောင်တဲ့ သမီးမိုက်ဖြစ်ပြီး ခေါင်နဲ့ အခု





လောက်ဆိုရင် သားတွဲလောင်း သမီးတွဲလောင်းနဲ့ ရုန့်ဖြစ်မုန်းတီးနေလောက်ရောပေါ့၊ ဒီအတိုင်းလေးပဲ မကောင်းဘူးလား"

ခရမ်းပြာက ရယ်စရာလုပ်ပြောသောအခါ အံ့ဖွယ်ခေါင်က ပြုံးရုံပြုံးပြီး လုံးလုံးလျားလျားတော့ အတွေးမှ လွတ်မြောက်သွားဟန်မရှိပေ။

"ခေါင် ဟိုမှာကြည့်စမ်း၊ သူတို့တွေ ရှူးပန်းဖောက်နေတာပျော်စရာကြီး၊ သွားကြည့်ကြရအောင်နော်"

သူမက ကမ်းခြေဆီ ခပ်လောလောပြေးခဲ့သောအခါ ခေါင်က အနောက်မှ ခပ်ဖြည်းဖြည်းလိုက်ပါလာ၏။

ညဖက် သူမတို့အိပ်ရာဝင်ချိန်မှာ ခေါင်တို့ဖက်ခြမ်းဆီမှ ဂစ်တာသံကို ကြားရသည်။

အိပ်မပျော်နိုင်မှာ သေချာနေသည့်အတူတူ သီချင်းသံ နားထောင်ချင်စိတ်ဖြင့် နားစွင့်ဆဲမှာပဲ ဆွေးဆွေးငြိမ့်ငြိမ့် ဂီတာသံနှင့်အတူ သီဆိုသံကို ကြားလိုက်ရပါသည်။

"ဒီဘဝမှာ ချစ်သူနဲ့သာမဆုံစည်းရရင် … အဖော်ကင်းမဲ့တဲ့အတွေးတွေ …ဒါတွေကိုယ်ခံစားရမယ်လေ … မင်းကိုအမြဲသာတွေ့ချင်နေတဲ့စိတ်တွေ …ကြင်နာသူရဲ့အရိပ်



www.burmeseclassic.com

www.burmeseclassic.com



အယောင်တွေ၊ အသည်းမှာထင်ဟပ်ငြိတွယ်နေ … ပုံရိပ်ပေါင်း … ဒဏ်ရာပေါင်း …အာရုံထဲမှာတရေးရေးမြင်နေ …အချစ်ဆုံးလေး အမြဲသိစေချင်နေတယ် … အသည်းထဲစွဲတဲ့ကိုယ့်အချစ်တွေမပြောင်းလဲဘူး၊ အမြဲရင်မှာ သတိရနေတယ် … မေ့မရတဲ့စိတ်နဲ့ တမ်းတမိတယ် … အချစ်ဆုံးလေး အမြဲသိစေချင်နေတယ် …အသည်းထဲစွဲတဲ့ ကိုယ့်အချစ်တွေ မပြောင်းလဲဘူး …အမြဲရင်မှာသတိရနေတယ် …မေ့မရတဲ့စိတ်နဲ့ တမ်းတမိတယ် …”

ခေါင်တော့မသိ။ သူမကတော့ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလကို သီချင်းသံနှင့်အတူ မျောလွင့်သွားပါတော့သည်။

×××



စာသင်ခန်း၏ အပေါက်ဝနှင့်ကပ်လျက် နောက်ဆုံးထောင့်ဆုံးခုံတန်းသည် ခရမ်းပြာတို့ သူငယ်ချင်းသုံးယောက်၏ ဘုမိနက်သန်နေရာမှန်ပင် ဖြစ်သည်။

အပြင်မှ ဖြတ်သွားဖြတ်လာလူများကို မျက်စိအညောင်းပြေ ငေးမောခွင့်ရကာ၊ စာသင်ခန်းအတွင်းနှင့်အပြင် ဝင်လိုက်ထွက်လိုက် ကိစ္စများတတ်သူများမို့လည်း ထိုနေရာကို သူမတို့က သူမတို့နှင့် အကိုက်ဆုံးနေရာအဖြစ် အပိုင်စားသိမ်းပိုက်ထားခြင်းပင် ဖြစ်ပါ၏။

ထိုနောက်ဆုံး အစွန်ဆုံးခုံတန်းမှာမှ အပေါက်ဝနှင့် အနီးဆုံးနေရာသည် ခရမ်းပြာ၏နေရာဖြစ်၏။

စာသင်ရင်းမှ တစ်စုံတစ်ယောက်က ကိုယ့်ကို စောင့်ကြည့်နေသလို ခံစားရတာကြောင့် စာသင်ခန်းအပြင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကော်ရစ်ဒါဆီ မျက်လုံးဝေ့၍ လှမ်းကြည့်မိလိုက်ပါသည်။

တွေ့ပါပြီ။ အကြည့်ရှင်။

ခရမ်းပြာကြည့်တာ မြင်သွားသောအခါ သူက အကြည့်လွှဲသွားပြီး အနားမှ သူ့သူငယ်ချင်းများနှင့် စကားပြောဟန်ပြုနေသည်။

မြင်လိုက်သည့်ခဏမှာပင် သူ့ရုပ်သွင်က သူမမျက်စိထဲ စွဲသွားသည်။ အသားဖြူဖြူ၊ အရပ်မနိမ့်မမြင့်၊ ဆံပင်ရှည်ရှည်နှင့် သူ့ပုံစံသည် ချောမောသည်ဆိုတာထက် ပိုသော ဆွဲငင်အားတစ်ခု ရှိနေတာအမှန်ပင်။

စာသင်နေရင်းမှ မကြာခဏ သူ့ဆီ အကြည့်ရောက်သွားမိသည်။

ရောက်သွားသည့်အခါတိုင်းလည်း သူက သူမကို ကြည့်နေတာနှင့်ပင် ဆုံသည်။

သူမအဖို့ ကော်ရစ်ဒါမှ အရှုစားခံရသောအဖြစ်သည် မထူးဆန်းတော့။ နေ့စဉ်လိုပင် တစ်ယောက်မဟုတ် တစ်ယောက်သော ကျောင်းသားတို့က သည်လိုပဲ သူမအခန်းဘေးမှာ မျက်စိစားပွဲထိုင်နေကျဖြစ်သည်။

သည်တစ်ယောက်ကိုတော့ သူမ မမြင်ဖူးချေ။





တတိယနှစ် စတက်သော သက်တမ်းတစ်လျှောက်မှာ ဗထမဦးဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်၏။

တခြားကျောင်းကလား၊ တခြားမေဂျာတစ်ခုခုမှနေ၍ အသီမိတ်ဆွေတစ်ယောက်ကို လာရှာခြင်းလား။

ဘယ်လိုပဲဖြစ်ဖြစ် သေချာနေတာတစ်ခုကတော့ သူလည်း သူ့များတွေနည်းတူ သူမအလှကို စိတ်ဝင်စားနေတာပင်။

သူမကလည်း သူ့ကိုစိတ်ဝင်စားမိသည်။ တစ်ခေါက်အကြည့်ချင်းဆုံသောအခါမှာတော့ သူက ပြုံးပြလာသည်။

ရင်ထဲဖိုသွားရရင်း သူမကလည်း သူ့ကို လိုလိုလားလား ပြန်ပြုံးပြလိုက်မိ၏။ ချက်ချင်းဆိုသလိုပင် သူတို့နှစ်ယောက် ရင်းနှီးကျွမ်းဝင်သွားသလို ခံစားလိုက်ရ၏။ ဖူးစာဆိုတာ ထူးဆန်းလေစွ။

တစ်ဆက်တည်းမှာပင် သူ့ကိုချစ်မိသွားပြီဆိုတာ သိလိုက်သည်။ တစ်ခါမှ ထိုသို့မဖြစ်ဘူးပါ။ ပျော်ပျော်နေတတ်ပေမယ့် သူမသည် အချစ်လွယ်သော မိန်းကလေးတစ်ယောက်တော့မဟုတ်။

ချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည်နေပေမယ့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုမျှ သူလိုမခံစားမိ။ တစ်လလောက် မှန်မှန်လာကြည့်နေသော်လည်း ဘယ်လိုမှ ရင်းနှီးမသွားသူတွေရှိသည်။

သူ အခုစောင့်ကြည့်နေသည်မှာ တစ်နှာရှိုပင်မပြည့်သေး။ သူ့ကို စမြင်ဖူးသည်မှာ မိနစ်ပိုင်းပင်ရှိသေးသည်။ မြင်မြင်ချင်း ချစ်တယ်ဆိုတာ ဒါမျိုးပဲထင်ပါရဲ့။

ခဏနေသောအခါ စာသင်ချိန်တစ်ချိန် ပြီးသွားသည်မို့ အတန်းထဲမှ ဆရာထွက်သွားသည်။ နောက်တစ်ချိန်ဝင်မည့် ဆရာမက မေဂျာဘာသာသင်သည့် ဌာနမှူးဆရာမကြီးဖြစ်သည်။

စာမေးလွန်းတာမို့ သူမတို့ဘယ်တော့မှ မတက်သောအချိန်လည်းဖြစ်၏။ စောစောစီးစီး ထွက်မထားနိုင်မီဘဲ ဆရာဝင်မှ သူမတို့ အပြင်ထွက်ဖို့ပြင်ကြသည်။

ရှေ့တင်ထွက်မပြေးရဲတာမို့ ဆရာမ တစ်ဖက်အလှည့်ကို စောင့်နေရ၏။ ဆရာမ တစ်ဖက်သို့လှည့်သည်နှင့် သူမက အရင်အတန်းပြင်သို့ လှစ်ခနဲထွက်ပြေးသည်။

သည်မှာတင် ကော်ရစ်ဒါအတိုင်း လျှောက်လာသော ကျောင်းသားတစ်ယောက်နှင့် ဒုန်းခနဲဝင်တိုက်မိတော့၏။ လက်ထဲမှာပိုက်ထားသော လွယ်အိတ်ကျသွားတာမို့ လွယ်





အိတ်ထဲမှာပါသည့် ပစ္စည်းအားလုံး ကော်ရစ်ဒါကြမ်းပြင်ပေါ် ဝေါခနဲထွက်ကျလာသည်။

စာအုပ်၊ ဘောပင်မှအစ ပိုက်ဆံအိတ်၊ ကရင်မ်ပေါ့ဖ်ဘူး၊ နှုတ်ခမ်းဆိုးဆေးဘူး၊ ဘီး၊ ရှုဆေး၊ လက်ကိုင်ပဝါမကျန် အားလုံးသွန်ချပြသလို ထွက်ကျကုန်သည်ဖြစ်ရာ သူမမှာ တိုက်မိသွားသည့်ကျောင်းသားကို တောင်းပန်ရင်း လွယ်အိတ်ထဲမှပစ္စည်းတွေကို နေရာမှာထိုင်ချ၍ ခရမ်းပြာ ကောက်ယူရပါတော့သည်။

သူ့ရှေ့မှာမှ ဖြစ်ရသည့်အတွက် စိတ်ပျက်လက်ပျက်ဖြစ်သွားရပေမယ့် နောင် ရင်းနှီးကြသောအခါ ခေါင်ကအဲဒီနေ့က အတန်းသားအားလုံးနှင့် လမ်းသွားလမ်းလာတွေရဲ့ရှေ့မှာ အိခြေမပျက်ပစ္စည်းတွေ စိမ်ပြေနပြေထိုင်ကောက်နေတဲ့ သူမရဲ့ ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်သော သွေးအေးရဲရင့်မှုက သူမအလှထက် သူ့ကို စိတ်ဝင်စားမှုပိုစေခဲ့တာတဲ့။

x x x



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက် ကျောင်းလာသောအခါ သူမက ခါတိုင်းထက် အလှတွေပိုပြင်လာခဲ့မိသည်။

ကိုယ်နှင့်အလိုက်ဖက်ဆုံးဟုထင်သည့် အဝတ်အစားကို ရွေးဝတ်လာခဲ့၏။ စိတ်ထဲမှာ မနေ့ကသူ လာလိမ့်ဦးမည်ဟု သေချာနေသည်။

ခါတိုင်းလို လိုင်ဘရီရှေ့သွားထိုင်မနေဖြစ်ဘဲ ပထမအချိန်ကတည်းက အတန်းမြဲနေခဲ့မိသည်။

သူငယ်ချင်းတွေနှင့်ပင် မုန့်သွားစားရတာပင် စိတ်ကမဖြောင့်။

သူငယ်ချင်းတွေအပြင်သွားခိုက် သူမတစ်ယောက်တည်း ကော်ရစ်ဒါမှာရပ်နေချိန်မှာတော့ အံ့သြဖွယ်ရာကောင်းသော တိုက်ဆိုင်သေချာမှုမျိုးဖြင့် သူကား သူမအနားသို့





ရောက်ရှိလာခဲ့လေသည်။

သူ့ကို အံ့သြတောက်ပစွာ လှည့်ကြည့်လာသော သူမကို ရင်းနှီးစွာပြုံးပြရင်း သူမရပ်နေသည့် ကော်ရစ်ဒါနံဘေးနားမှာ ဝင်ရပ်လိုက်သည့်သောအခါ ဘယ်တုန်းကမှ မကြုံဘူးသော နွေးထွေးပြည့်စုံမှုကို ခံစားလိုက်ရသည်။

ရင်ထဲမှာ နှလုံးခုန်သံတွေ ဆူညံနေပြီး ခြေဖျားလက်ဖျားလေးတွေ အေးစက်နေသည်။

သူ တစ်ခုခုပြောလာမည်ဟု မျှော်မိနေဆဲမှာပင် တစ်သက်လုံးအတွက် စွဲလမ်းစရာအကောင်းဆုံးဖြစ်မည့် သူ့အသံကို စကြားရလေသည်။

"တစ်ယောက်တည်းလား၊ အတန်းမတက်ဘူးလား"

သူမက နားနှစ်ဖက်မှ နားဆွဲလေးတွေ လှုပ်ခါသွားအောင် ခေါင်းခါပြမိကာ ...

"ဟင့်အင်း ...မေဂျာချိန်က ကျူရှင်ယူတော့ အတန်းလစ်နေကျ၊ သူငယ်ချင်းတွေက တောင်ငူဆောင် ခဏသွားကြတယ်"

သူက ပြုံးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် …ဒါကြောင့် မနေ့က ဆရာမအလစ်မှာ ထွက်ပြေးတာကိုး"

သူမ ရှက်သွားမိပါသည်။ ခေါင်းငုံ့ပစ်ပြီး ရှက်ကိုးရှက်ကန်း ပြုံးနေသောအခါ ခေါင်က ထိုမျက်နှာလေးကို သိပ်ချစ်သွားခဲ့တာဟု နောင်မှာ ပြန်ပြောပြခဲ့သည်။

"မနေ့ကပစ္စည်းတွေကောက်တာ မစုံဘူးထင်တယ်၊ ဒါ သူ့ကျောင်းသားကဒ်လေးလား"

သူ့လက်ထဲမှာ သူမ၏ကျောင်းသားကဒ်လေး။ သူမက တအံ့တသြလှမ်းယူရင်း …

"ကြည့်စမ်း၊ ပျောက်နေတာတောင်မသိဘူး၊ ကျေးဇူးတင်လိုက်တာ"

"ပျောက်နေတာမသိဘူး ဟုတ်လား၊ ဒီလိုမှန်းသိ ပြန်မပေးပါဘူး"

မနေ့က ဝရုန်းသုန်းကားနှင့် ထွက်ပြေးသွားခဲ့ကြတာမို့ ပစ္စည်းစုံမစုံပင် သေချာမကြည့်ခဲ့ရ။

"နာမည်လေးက ကဗျာဆန်တယ်နော်၊ ခရမ်းပြာတဲ့"

"သူ့နာမည်ကရော"





"ကျွန်တော့်နာမည်ကလား ခေါင်ပါ၊ အံ့ဖွယ်ခေါင်"

"အံ့ဖွယ်ခေါင် … သူ့နာမည်လည်းလှတာပဲ"

"ဒီကျောင်းကပဲလားဟင်"

"မဟုတ်ဘူး၊ YTU ကပါ"

"ဟုတ်လား၊ ဒါကြောင့် ဒီကျောင်းမှာ တစ်ခါမှ မမြင်ဖူးတာ၊ မနေ့က ဘာလာလုပ်တာလဲဟင်"

"သူငယ်ချင်းက သူ့မိတ်ဆွေတစ်ယောက် ရှာချင်တယ်ဆိုလို့ လိုက်လာတာပါ"

"အခုကော … ကျောင်းမသွားဘူးလား"

"သွားမှာပါ၊ ဒီကပြီးရင်သွားမှာ"

အနီးကပ်မြင်ရသောအခါ သူ ပိုကြည့်ကောင်းတာကို တွေ့ရသည်။ ယောကျ်ားရင့်မကြီးတစ်ယောက်လို handsome ဖြစ်တာထက် ဂျပန်မင်းသားလေးတစ်ယောက်လို နုနယ်ဖွဲ့မက်ဖွယ်ကောင်းတာမျိုး။

ဒီနေ့လည်း မနေ့ကလိုပင် ရှပ်အင်္ကျီအဖြူများများ အကွက်စိပ်စိပ်ကို ပုဆိုးပြာပြာလေးနှင့် ဝတ်ဆင်ထားရာ သူ့ အသွင်သဏ္ဌာန်က ဖြူစင်သန့်ရှင်းနေပါသည်။

"ပြာကဒ်လေးကို တကူးတကလာပေးတာ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်တာ၊ မဟုတ်ရင် ပျောက်လို့ပျောက်မှန်းတောင်သိမှာမဟုတ်ဘူး"

"ရပါတယ်၊ ကျွန်တော်က မြို့ထဲဖက်ကလာတာဆိုတော့ ဒီကိုဖြတ်ပြီးပဲ ကျောင်းသွားရတာလေ၊ လမ်းလည်းကြုံပါတယ်၊ ဟိုမှာ သူငယ်ချင်းတွေလာနေပြီ၊ ကျွန်တော်သွားတော့မယ်နော်၊ နောက်တစ်ခါတော့ ထွက်မကျစေနဲ့တော့ပေါ့"

ပြောပြောဆိုဆို မလှမ်းမကမ်းမှာ ရပ်စောင့်နေသောသူငယ်ချင်းဆီ လျှောက်သွားရင်း ခေါင်က ထွက်ခွာသွားပါတော့သည်။

သို့သော်လည်း သူမရင်ထဲ လစ်ဟာမကျန်ရစ်။ ခေါင့်ထံမှ တစ်စုံတစ်ခုကို သူမ ပိုင်ဆိုင်ထားလိုက်ရပြီမဟုတ်လား။

မနက်ဖြန်မှစပြီး လှပချိုမြိန်ရင်ခုန်ဖွယ်ရာ ကောင်းသော အနာဂတ်သစ်ကို ပိုင်ဆိုင်ရတော့မည်ဟု ခေါင့်မျက်ဝန်းများက သူမကို အသေအချာအာမခံခဲ့ပြီ ဖြစ်သည်လေ။

××××



နောက်တစ်နေ့မှာလည်း သူမက ရောက်မည်ဟုထင်သော အချိန်အတိအကျမှာပင် ခေါင် ရောက်လာခဲ့သည်။

အံ့သြစရာကောင်းတာက သူမတို့နှစ်ယောက် စိတ်ချင်းဆက်နွယ်နေမှုပင်။

သူငယ်ချင်းများက အလိုက်တသိ ရှောင်ခွာပေးနေသည်ဖြစ်ရာ ခေါင်နှင့်သူမ ပထမဆုံးအကြိမ်အဖြစ် ခေမရင့်မှာ ထိုင်ဖြစ်ကြသည်။

ချစ်စကား ကြိုက်စကား မဆိုဖြစ်ကြပေမယ့် ခေါင်သူမကို ချစ်နေသည်ဆိုတာနှင့် သူမကလည်း ခေါင့်ကို ချစ်နေပြီဆိုတာ နှစ်ယောက်စလုံး အပြန်အလှန် နားလည်နေကြပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ခေါင် သူမကို အတန်းရှေ့ပြန်လိုက်ပို့ပြီး ပြန်သွားသောအခါမှာတော့ သူမရင်ထဲ ပထမဆုံး လေးလံလစ်ဟာကျန်ရစ်တော့သည်။

မနက်ဖြန် ကျောင်းနှစ်ရက်ပိတ်မည်မဟုတ်လား။ ခေါင်နှင့်ခွဲနေရတော့မည်ဆိုသောအသိကြောင့် ဖြစ်သည်။

ကျောင်းပိတ်ရက်နှစ်ရက်အတွင်းမှာလည်း ခေါင့်ကို အပြင်းအထန် လွမ်းဆွတ်သတိရနေခဲ့မိသည်။ အခါတိုင်း ဟိုလှည့်ဒီလှည့်နှင့် အကုန်မြန်သော စနေ၊ တနင်္ဂနွေသည် သည်တစ်ခါတော့ ရှည်ကြာလွန်းလေစွ။

တနင်္လာနေ့ ကျောင်းသွားဖို့ကို ညကတည်းက အိပ်မပျော်နိုင်။ မနက်မိုးလင်းပြန်တော့လည်း အစောကြီးထကာ ပြင်ဆင်နေမိသည်။

ခေါင်လည်း အစောကြီးရောက်နေမှာပဲဟု စိတ်ထဲက အလိုလိုသိသည်။

မှတ်မှတ်ရရ ထိုနေ့မနက်က ကျောင်းတော်ကြီးတစ်ခုလုံး ဖုံးလွှမ်းမတတ် နှင်းတွေ သိပ်သည်းသည်းကျနေခဲ့သည်။ သို့သော်လည်း အချစ်သွေးများဖြင့် သူမတစ်ကိုယ်လုံး နွေးနေခဲ့ပါသည်။





အပေါ်ဆုံးထပ်ရှိ အဆောင်ကို တက်လာခဲ့ပြီး လှေကားအဆုံး ကော်ရစ်ဒါအကွေ့မှပဲ အခန်းရှေ့နားမှာ ရပ်စောင့်နေသည့် ခေါင့်ကို လှမ်းတွေ့လိုက်ရလျှင် သူမတစ်ကိုယ်လုံး ပေါ့ပါးသောနှင်းပွင့်လေး ဖြစ်သွားခဲ့သည်။

ပျော်လိုက်သည်ဖြစ်ခြင်း။

တိုးလိုးတွဲလောင်း ခြူလေးတွေနှင့် သံစုံမြည် ကချင်လွယ်အိတ်လေးကို လက်မှဆွဲကာ ခြေသံတဖျတ်ဖျတ်မြည်အောင် ခေါင့်ဆီပြေးချသွားခဲ့ပြီး နှစ်ယောက်သား မျက်နှာချင်းအဆိုင်မှာ ဘယ်သူကဘယ်သူ့လက်ကို အရင်ဆွဲလိုက်သည်မသိဘဲ (နှစ်ယောက်စလုံး ပြိုင်တူပဲလားမသိ) သူမတို့နှစ်ယောက် တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်တွဲထားလိုက်မိပြီးသား ဖြစ်သွားသည်။

သူမ အားရပါးရပြုံးနေသလို ခေါင့်မျက်ဝန်းတွေကလည်း အရည်တစ်မျိုးဖြင့် ရွှန်းလဲ့တောက်ပြောင်နေခဲ့သည်။

"ခေါင် ရောက်နေတာကြာပြီလား"

"ဆယ့်ငါးမိနစ်လောက်ပဲရှိဦးမယ်"

"သိတယ်၊ ခေါင်ရောက်နေမယ်ဆိုတာကို၊ ဒါကြောင့် ကျောင်းထိပ်ကတည်းက ပြေးလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ပြေးလာတာလဲ၊ ခရမ်းပြာ မရောက်မချင်း ခေါင် စောင့်နေမှာပေါ့"

"ဟင့်အင်း၊ ခေါင် စောင့်နေရမှာစိုးလို့"

"တစ်နေ့ရာမှာ သွားထိုင်ရအောင်နော်"

ခေါင်က ညင်းညင်းညှံ့ညှံ့ ခွင့်တောင်းလာသောအခါ သူမက အသာအယာပင် ခေါင်းညိတ်ပြလိုက်ပါသည်။

သူမတို့နှစ်ယောက် မိန်းထဲမှ ချစ်သူတွေသာ ထိုင်တတ်သော သိပ္ပံဆောင်အနောက်ဖက်မှ ခုံတန်းပြာလေးမှာ သွားထိုင်ဖြစ်ကြသည်။ ထိုအခါမှပင် နှင်းတောထဲမှာ အနွေးထည်မပါ ဘာမပါ ထွက်လာသော သူမ ချမ်းဖို့သတိရပါသည်။

"ခရမ်းပြာလက်ကလေးတွေ အေးစက်နေတာပဲ၊ ချမ်းနေလားဟင်"

သူမ ခေါင်းညိတ်ပြမိသည်။ ခေါင်က သူမပခုံးလေးကို အသာအယာပွေ့ဖက်လိုက်သောအခါ ခေါင့်ရင်ခွင်ထဲ အလိုက်သင့် မှေးမှိန်ခိုဝင်လိုက်မိတော့သည်။

ရင်ခုန်သံတစ်ခုကို ကျယ်လောင်စွာ ကြားနေရပါသည်။ ခေါင့်ရင်ခုန်သံပဲလား၊ သူမကိုယ်တိုင်၏ ရင်ခုန်သံ





လား။ သို့မဟုတ် ရင်ခုန်သံနှစ်ခုပဲ ထပ်တူဖြစ်နေသည်လား မသိပါ။

ထိုအချိန်မှာ သူမသိနေတာတစ်ခုကတော့ ခေါင့်ကို သူမ ရူးရူးနင့်နင့် ချစ်မိသွားခဲ့ပြီဆိုတာပဲဖြစ်သည်။

သူမအတွက် အချစ်ဆိုတာကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့ရခြင်းဖြစ်ပါသည်။

အထက်တန်းကျောင်းသူဘဝကတည်းက သူမကို ပိုးသူပမ်းသူတွေ ဒုနဲ့ဒေး ရှိခဲ့သည်။ အတန်းထဲမှကောင်လေးတွေထဲမှာ သူမကို မကြိုက်ဖူးသူ မရှိသလောက်။

ငယ်ရွယ်နုနယ်သူမို့ ချစ်သူခင်သူပေါသော ဘဝကို သာယာကျေနပ်မိတာတော့ အမှန်။ ပထမနှစ် တက္ကသိုလ်ကျောင်းသူဘဝမှာ ရည်းစားတစ်ယောက် စထားခဲ့မိသည်။

ကိုးတန်း၊ ဆယ်တန်း ဘဝကတည်းက သူမနောက်ကို တစ်ကောက်ကောက်လိုက်နေခဲ့သော ကောင်လေးတစ်ယောက်ဖြစ်ပါသည်။ တက္ကသိုလ်ရောက်မှ အဖြေပေးမည်ဟု ဆိုထားဖူးခဲ့သည့်ကတိအတိုင်း အဖြေပေးလိုက်မိတာဖြစ်၏။

သို့ပေမယ့် အချစ်ဆိုတာကို ဘာမှန်းမသိ။ သူငယ်ချင်းဘဝနှင့် ရည်းစားဘဝသည်လည်း ဘာမှပြောင်းလဲမှုမရှိ



www.burmeseclassic.com

www.burmeseclassic.com



သလို။

သူနှင့်ကိုယ်က မနက်ဂိုင်းနှင့်ညနေပိုင်း ကျောင်းချိန်ချင်းလည်း မတူတာမို့ တပူးတွဲတွဲ တွေ့ချိန်ရယ်လို့လည်း မရှိချေ။ ကိုယ်ကျောင်းတက်ချိန်ဆို သူက ကျောင်းဆင်းပြီမို့ စာပေးစာယူ အဆက်အသွယ်မျိုးလောက်သာ လေးနက်ခဲ့သော ရည်းစားဦးဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်သည်။

နောက်တော့ အနေခက်စိတ်ရှုပ်ရတာသာ အဖတ်တင်ပြီး သူ့အပေါ် တကယ်မချစ်နိုင်မှန်း သေချာသည်ထက် သေချာလာရတာမို့ သူမက အမှန်အတိုင်းပင် ဖွင့်ပြောကာ သူနှင့်ရည်းစားအဖြစ်မှ ပြတ်စဲလိုက်တော့သည်။

သူက သူမကို အသည်းစားသူကြီး၊ လှည့်ဖျားသူကြီးရယ်လို့ ကင်ပွန်းတပ်ကာ သူမအတွက် အသည်းကွဲပြခဲ့ပေမယ့်လည်း ကိုယ့်ရိုးသားမှုကို ကိုယ် လိပ်ပြာလုံသည်မို့ သူမက ပတ်ဝန်းကျင်ကို ဂရုမစိုက်ခဲ့။

အခုတော့ အချစ်ဆိုတာကို ရုတ်တရက် မိုးပေါ်မှ ပြုတ်ကျသလို သူမ ကောက်ရခဲ့သည်။

အချစ်တူနှင့် အချစ်စစ်ဆိုသည်မှာ ကွာလှသည့်ဖြစ်ခြင်း။ အလဟဿအကျိုးမဲ့ခဲ့ရသော် ရည်းစားဦးဆိုသည့်





နေရာကို ခေါင့်အတွက် နှမြောတသဖြစ်မိသည်။

ရည်းစားဦး မဟုတ်သော်လည်း ခေါင်သည် သူမ၏အချစ်ဦးဖြစ်သည်။ အချစ်ဆုံးလည်း ဖြစ်မည်ဆိုတာ ယုံကြည်၏။

ခေါင့်လောက် ဘယ်သူ့ကိုမှ နောက်ထပ် သူမ ရူးမူးစွာမချစ်နိုင်တော့မှာ သေချာလှပါသည်။

သူမရင်ထဲမှအချစ်ကို သူမနှင့်ထပ်တူ ခေါင်နားလည်ယုံကြည်မည်ဟုလည်း ယုံကြည်မျှော်လင့်ခဲ့မိ၏။

××××



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မှစပြီး မနက်စောစော နှင်းတွေကြားမှာ နှစ်ယောက်သား ကျောင်းသို့ အလုအယက်လာကြသည်။ သူမစောင့်ရသောနေ့ရှိသလို ခေါင်စောင့်ရသောနေ့တွေလည်း ရှိ၏။

တစ်ခါတစ်ရံ နှစ်ယောက်သား ကျောင်းထိပ်မှာ၊ လမ်းမှာ ဆုံမိကြတာလည်း ရှိ၏။ ပြီးလျှင် နှင်းသည်းသည်း အောက်မှာ တစ်ယောက်လက်တစ်ယောက်တွဲပြီး ကန်ဘောင်ပေါ်ကို လမ်းလျှောက်ကြသည်။

ခုံတန်းလျားမှာ ထိုင်ကြ၏။ ပြီးမှ မနက်စာစားပြီး ခေါင်က သူမကို အတန်းရှေ့အထိ ပြန်လိုက်ပို့ပေးကာ သူ့ကျောင်းကို ဆက်သွားသည်။





သူမ ပရယ်တီကယ်ရှိသောနေ့တွေမှာ ကျောင်းမှ တစ်ခေါက်ပြန်လာပြီး သူမကို နေ့လည်စာကျွေးကာ ပရယ်တီကယ်အခန်းရှေ့မှ ထိုင်စောင့်ပေးတတ်၏။

ထိုအခါမျိုးတွေမှာ ပရယ်တီကယ်လုပ်၍ စိတ်မဖြောင့်နိုင်အောင်ပဲ။ သူမက ခေါင့်ကို နံရံတစ်ချပ်ခြားကာ လွမ်းနေတတ်ပါသည်။

ခေါင်ဆိုသော ချစ်သူတစ်ဦး ကောက်ရပြီးနောက် အထက်တန်းကျောင်းကတည်းက တွဲလာသော သူငယ်ချင်းများကိုပင် သူမ ပစ်ပယ်ထားခဲ့မိသည်။

ခေါင်နှင့်သာ တတွဲတွဲ။ ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်သော ခရမ်းပြာသည် အချစ်နှင့်တွေ့သောအခါ ပိုလို့ပင် သတိမမူဂူမမြင် ဖြစ်လာသည်။

ခေါင်ကတော့ သူမနှင့်ဆန့်ကျင်ကွဲပြားစွာ ပတ်ဝန်းကျင်ကို ဂရုစိုက် သတိထားတတ်သူတစ်ယောက်ဖြစ်သည် ဆိုတာ တဖြည်းဖြည်းနှင့် သူမ သိလာရသည်။

"ခရမ်းပြာက လူသိများတယ်နော်၊ ခေါင်တို့နှစ်ယောက်တွဲသွားရင် လူတွေက လိုက်ကြည့်ကြတယ်သိလား"

ခေါင်ကပင် ဒါတွေကို သတိထားမိတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ခေါင့်ကိုကြည့်တာနေမှာပေါ့၊ ခေါင်က ချောတာကိုး၊ ဒါမှမဟုတ် ပြာတို့နှစ်ယောက် သိပ်လိုက်ဖက်လို့ဖြစ်လိမ့်မယ်"

သူမက ရယ်စရာမောစရာလုပ်ပြောကာ အလေးအနက်မရှိစွာ တုံ့ပြန်လေ့ရှိသည်။

သူမက အချိန်နေရာမရွေး ခေါင့်လက်ကိုတွဲကိုင်ထားတတ်သူဖြစ်ပေမယ့် ခေါင်က လူရှေ့သူရှေ့နေရာများမှာ သူမလက်ကို မသိမသာဖြုတ်ချလေ့ရှိသည်။

သူမက မရမကပြန်လိုက်တွဲပြီးလျှင် ...

"ခေါင်ကလည်း ဘာဖြစ်လို့ ပြာ့လက်ကို ဖြုတ်ပစ်ရတာလဲ"

ဟု မေးလျှင် ...

"လူတွေရှေ့မှာလေ ... ပြာရဲ့၊ သူများတွေက ပြာ့ကို အထင်သေးမှာပေါ့၊ ခေါင်ကတော့ ယောကျ်ားလေးပဲ၊ ဘာအကြောင်းလဲ"

ဟု လူကြီးသူမသံနှင့် ရှင်းပြတတ်သည်။

"ဟင် ... ခေါင်ကလည်း၊ ကိုယ့်ရည်းစားကိုယ်လက်တွဲတာပဲ၊ ဘယ်သူက အထင်သေးမှာလဲ၊ ဒီကောင်လေးနဲ့ ကောင်မလေး သိပ်ချစ်ကြတာပဲလို့တောင် ထင်ကြဦးမှာ၊ ဘာဖြစ်လဲ၊ ပြာတော့ တွဲမှာပဲ၊ ပြာကတော့ ခံစားချက်အတိုင်း လွတ်လွတ်လပ်လပ်ပဲ ရှင်သန်ချင်တယ်၊ ပတ်ဝန်းကျင်ဆိုတာကြောင့်တော့ ကိုယ့်ကိုယ်ကို ချုပ်နှောင်မထားနိုင်ပါဘူး"

ပြောပြောဆိုဆို ခေါင့်လက်ကို ကောက်ကာတွဲလျှင် ခေါင်က ချစ်စနိုးအပြုံးနှင့် ပင့်သက်ရှိုက်ကာရှိနေတော့သည်။

ချစ်သူဖြစ်ပြီးကာလတွင် သူမ နောက်ထပ်သတိပြုမိလာသောအချက်က ခေါင်သည် သဝန်တိုတတ်သူတစ်ယောက်ဖြစ်ခြင်းပင်။

ခေါင်ရောက်လာသည့်အချိန် သူမ အတန်းသားတစ်ယောက်နှင့် စကားပြောနေမိတာကြုံလျှင် ခေါင် တစ်နေကုန် မျက်နှာပျက်နေတတ်တော့သည်။

လမ်းသွားရင်းနှင့် ဟိုလူဒီလူက လှမ်းနှုတ်ဆက်လာကြလျှင်၊ ရပ်စကားပြောလျှင် ခေါင် လုံးဝမကြိုက်ချေ။

"ခရမ်းပြာက လူသိများလိုက်တာ၊ အသိမိတ်ဆွေတွေကလည်း ယောကျ်ားလေးတွေချည်းပဲ"

ဟု ညီးညူသလိုဆိုတတ်ပါသည်။ အလိုက်ကမ်းဆိုးမသိသော သူမက ...







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီလူတွေအားလုံးလိုလိုကလည်း ပြာ့ကို လိုက်ဖူးတဲ့လူတွေချည်းပဲသိလား၊ ပြာက ငယ်ငယ်လေးထဲက လူချစ်လူခင်များတာ၊ သူငယ်တန်းမှာတင် ရည်းစားစကားပြောခံရတာ၊ အဲဒီကောင်လေးကလေ ပြာ့ကို ပြောတယ် သိလား၊ နင့်ကို ငါ ဆယ်တန်းအောင်ရင် ယူမယ်တဲ့၊ ဟား …ဟား ပြာ ဆယ်တန်းအောင်ပြီး သူ့ကိုတွေ့တော့ သတိရပြီးရယ်ချင်သေးတယ်"

"သွားမမေးလိုက်ဘူးလား၊ ငါ့ကိုယူမယ်ဆိုလို့"

"မမေးပါဘူး … ခေါင်ကလည်း၊ သူ့အေးမှာ ရည်းစားကြီးနဲ့ကို"

"ရည်းစားမရှိရင်တော့ မေးမယ်ပေါ့လေ"

"မဟုတ်ပါဘူး၊ မေးစရာလား၊ အခု သူ ဒီကျောင်းထဲမှာပဲရှိတယ်၊ မက်စ်မေဂျာက၊ သူ့ရည်းစားက အရပ်အရှည်ကြီးနဲ့ ဘော်ဒီတောင့်တောင့်၊ ခေါင့်ကို တွေ့ရင်ပြမယ်"

"မပြပါနဲ့၊ မကြည့်ချင်ဘူး"

"ဘာဖြစ်လို့လဲ၊ ငါ့ချစ်သူကို သူငယ်တန်းလေးနဲ့ ဦးဦးဖျားဖျား ရည်းစားစကားပြောတဲ့ကောင်ဆိုပြီး မြင်ဖူးအောင်လို့လေ"





"တော်ပါတော့ကွာ"

သို့သော်လည်း သူမက လမ်းမှာကြုံသောအခါ တကယ်ပဲ ခေါင့်ကို ပြသခဲ့ပါသည်။ ခေါင်က မျက်စိမျက်နှာပျက်သည့်ကြားမှ …

"ချောသားပဲ၊ ခရမ်းပြာက သူ့ကိုမကြိုက်ဘဲ ဘာလို့ ခေါင့်ကိုလာကြိုက်ရတာလဲ"

ဟု သဝန်တိုသော မှုန်တေတေမျက်နှာနှင့် ဆိုခဲ့သည်။ ထိုမျက်နှာကိုပင် သူမက နှစ်သက်ရပြန်ကာ …

"သူကမှ ပြာ့ကိုမကြိုက်ဘဲ၊ ခေါင်ကတော့ ပြာ့ကို ကြိုက်တယ်လေ"

"သြော် … ဒီလိုလား၊ သူကြိုက်ရင်တော့ ပြန်ကြိုက်မလို့ပေါ့ ဟုတ်လား၊ ကိုယ့်ကိုကြိုက်တဲ့လူတိုင်းကို ပြာက ပြန်ကြိုက်တာပဲလား"

"ခေါင်နော်၊ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ပြာ စိတ်ဆိုးလာပြီ"

သို့သော်လည်း ခေါင်က မချော့ခဲ့ပါ။ ပထမဆုံး အကြိမ်အဖြစ် နှစ်ယောက်သား တိတ်ဆိတ်စွာ စိတ်ကောက်ခဲ့ကြသောနေ့ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲမှာတော့ ကျေနပ်နေမိသည်။ ခေါင် သူမကို သိပ်ချစ်လို့ သဝန်တိုနေတာမဟုတ်လား။

ထိုသဝန်တိုစေခြင်းနှင့် သဝန်တိုတတ်ခြင်းသည်ပင် သူမတို့နှစ်ဦး ကြားထဲမှ အက်ကြောင်းအစဆိုတာကိုတော့ ထိုအချိန်က သူမ မတွေးတတ်ခဲ့ပါချေ။

×××



နောက်တစ်ခုကတော့ သူမ၏ထားခဲ့ဖူးသော ရည်းစားဦးကိစ္စဖြစ်သည်။

ခေါင်နှင့်သူမ ချစ်သူဖြစ်ကြပြီးနောက်မှပင် ခေါင်က သူမ၏ရည်းစားဦးကိစ္စကို သိခဲ့သည်သာ။ ခေါင် မေးလာသည့်အချိန်မှာ သူမကလည်း မှန်မှန်ကန်ကန် အဖြေပေးခဲ့တာပေမယ့် ခေါင်က မျက်နှာပျက်ခဲ့သည်။

ပိုပြီးစိတ်မကောင်းစရာဖြစ်တာက ခေါင့်မှာတော့ သူမထက်အရင် ချစ်သူရည်းစား ရှိမနေခဲ့ခြင်းပင်။

ခေါင့်အတွက် သူမဟာ ရည်းစားဦးအချစ်ဦး ဖြစ်ခဲ့ပေမယ့် သူမအတွက်တော့ ခေါင်က အချစ်ဦးသာဖြစ်ပြီး ရည်းစားဦးမဖြစ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို သူမက အလေးအနက်မထားပေမယ့် ခေါင်ကတော့ ထိုကတည်းက ခံစားချက်ရှိခဲ့သည်။

"ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲခေါင်ရယ်၊ တစ်ယောက်နဲ့ တစ်ယောက် မတွေ့ခင်ဖြစ်ပျက်ခဲ့တာတွေပဲ၊ ပြန်ပြုပြင်လို့မှမရတော့တာ၊ အရေးကြီးတာ ခုချိန်မှာ ခေါင်နဲ့ပြာ သိပ်ချစ်ကြဖို့ပဲမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ခေါင့်မှာ အစွဲအလန်းတစ်ခုရှိတယ်၊ ခေါင်က သူများရဲ့အဦးအဖျားပဲ ဖြစ်ချင်တယ်၊ ခေါင့်ကို မွေးခဲ့တုန်းကလည်း သားဦး၊ အဖေအမေရဲ့မေတ္တာကို အဦးဆုံးရခဲ့တယ်၊ နှစ်ဘက်အဘိုးအဘွားတွေအတွက်လည်း မြေးဦး၊ ဆွေမျိုးသားချင်းအားလုံးက ခုထိ ဖူးဖူးမှုတ်ချစ်ကြတုန်း၊ ချစ်သူထားရင်လည်း ခေါင်က အဲဒီချစ်သူရဲ့ အဦးဆုံးလူပဲဖြစ်ရမယ်လို့ စိတ်ကူးထားခဲ့တာ"

"ဒါဆို ... ခေါင် အရင်မေးပါလား၊ ဒီမှာခင်ဗျာ စိတ်မရှိပါနဲ့၊ အရင်က ရည်းစားများထားခဲ့ဖူးပါလားလို့"

သူမက စိတ်ပေါက်ပေါက်နှင့်ပြောလျှင် ...

"မေးဖို့အချိန်မရလိုက်လို့ပေါ့၊ မေးဖို့သတိရတဲ့အချိန်မှာ လူက ချစ်မိပြီးသားဖြစ်သွားပြီလေ"

"ရပါတယ်၊ တကယ်လို့ ပြန်နှုတ်ထွက်ချင်တယ်ဆိုရင်လည်း အားမနာပါနဲ့"

သူမက ခပ်တည်တည်လုပ်၍ ပြောမိသည်။

"ဒါပေမယ့် ခေါင်ကိုက ရုန်းမထွက်နိုင်တော့တာပါ၊ ရုန်းမထွက်ချင်တော့တာ"

ခံစားချက်အပြည့်ဖြင့် ခေါင်ပြောလျှင် သူမက တွယ်တာချစ်မက်ရလွန်းစွာ ခေါင့်ပခုံးကို တင်းတင်းပွေ့ဖက်ထားလိုက်မိပါတော့သည်။ ခေါင် သူမကို သိပ်ချစ်သည်ဟု ယုံကြည်ပါသည်။

သူမကလည်း ခေါင့်ကို သိပ်ချစ်သည်မှာ သေချာလှသည်။ အရေးကြီးတာ တစ်ယောက်နှင့်တစ်ယောက် သိပ်ချစ်ဖို့ပဲမဟုတ်လား။

ခေါင်သည် သူမကိုဆို အမြဲလိုသဝန်တိုတတ်သည့်အထဲ သူမ၏ရည်းစားဦး ဘိုဘို့ကိုတော့ သဝန်အတိုဆုံးပင်ဖြစ်သည်။

"မနေ့ညကတောင် ဘိုဘိုနဲ့ အခွေဆိုင်မှာတွေ့လို့







www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုက မေးနေသေးတယ်သိလား၊ ခရမ်းပြာ ရည်းစားရနေပြီဆိုတဲ့၊ ပြာက ဟုတ်တယ်လို့ ပြောလိုက်ပါတယ်၊ ဘယ်ကျောင်းကလဲ ဘယ်သူလဲတွေ လာစပ်စုနေလို့ ပြာပြောလိုက်တယ်သိလား''

ခေါင်က မျက်နှာကြီး ပျက်ဆီးသွားပါသည်။ မျက်မှောင်ကြီး ချက်ချင်းကုတ်ကာ ...

''ပြာက အဲဒီအချိန်ကြီး ဘာလို့အပြင်ထွက်တာလဲ၊ သူကရော ဘာဖြစ်လို့ အဲဒီဆိုင်မှာ ရှိနေရတာလဲ''

''ပြာက ညတိုင်း အခွေငှားနေအပ်နေကျပဲလေ၊ သူကလည်း ပြာတို့နဲ့ တစ်ရပ်ကွက်တည်းနေတာပဲ၊ အခွေလာငှားတာဖြစ်မှာပေါ့ ခေါင်ရဲ့၊ ညဖက်ပေမယ့် ပြာ့မှာ မောင်လေးအဖော်ပါပါတယ်''

''တစ်ရပ်ကွက်ထဲနေတာဟုတ်လား၊ ဒါဆို အမြဲတမ်းလိုလို တွေ့နေကြမှာပေါ့၊ တွေ့တိုင်းလည်း ဒါ ငါ့ရည်းစားဟောင်းပါလားဆိုတဲ့ အတွေးကြီးကတော့ တွေးမိမှာပဲနော်''

''ဟင့်အင်း ...ဘာလို့တွေးမိရမှာလဲ၊ မတွေးမိပေါင်၊ ပြာက ခေါင့်ကိုပဲ အမြဲသတိရနေတာ''





ခေါင်က ယုံရခက်လိုက်တာဆိုသည့် အမူအရာဖြင့် ပခုံးတွန့်ပြပါသည်။

''ပြာ မတွေးမိရင်တောင် သူကတော့တွေးမိမှာပဲ၊ တစ်ရပ်ကွက်ထဲလည်းနေတယ်၊ အမြဲမြင်တွေ့နေရတယ်၊ ရည်းစားဟောင်းဆိုတဲ့ သံယောဇဉ်လည်းရှိဟယ်၊ ခေါင် စိတ်ပူတယ်ကွာ''

ခေါင်က သူမကို လွတ်ထွက်သွားမှာစိုးသည့်အလား တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပါသည်။ ဝန်တိုကြောင့် ကြစိတ်နှင့် ယှဉ်သောအခါ ခေါင့်အချစ်များအတွက် ကျေနပ်ဖို့တစ်ခုတည်းကို သူမ နားလည်ခဲ့ရိုးအမှန်။

''ခေါင့်သူငယ်ချင်းရဲ့ ညီမလေးက ခရမ်းပြာနဲ့ အထက်တန်းကျောင်းတုန်းက အတူတူပဲတဲ့၊ ခရမ်းပြာက သိပ်ရှုပ်တာပဲ၊ ရည်းစားတွေလည်း အများကြီးပဲဆို''

ဘယ်ကမှန်းမသိဘဲ သတင်းစကားတွေ တစ်နေ့တစ်မျိုး ခေါင် သယ်ဆောင်လာတတ်ပါသည်။

''ပေါက်ကရ ခေါင်ရယ်၊ ရည်းစားမရှိပါဘူး၊ လိုက်တဲ့လူတွေပါ၊ ခေါင့်ကို ဘာလို့ညာရမှာလဲ၊ ပြာ တက္ကသိုလ်ရောက်မှ ရည်းစားထားတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်မှာလည်း အဲဒီတစ်ယောက်တည်းမက ဘူးဆို"

"ဘုရားရေ၊ သူတို့က ကာယကံရှင်ထက် ပိုသိနေကြတာလား၊ စိတ်ကုန်တယ်၊ ပြာ့ကို မဟုတ်တာပြောတဲ့သူဟာ သေချာတယ်၊ ပြာ့ကို မနာလိုတိုရှည်ဖြစ်နေကြတဲ့သူတွေပဲ၊ အဲဒီလူတွေပြောတာ ယုံမှာလား၊ ပြာပြောတာကို ယုံမလား၊ ခေါင့်ဘာသာခေါင်စဉ်းစား"

"ခရမ်းပြာကို ခေါင် ယုံပါတယ်"

အကြာကြီးနေမှ ခေါင် အဖြေပေးသည်။

"ဒါဆိုလည်း ပြီးရောပေါ့ ခေါင်ရယ်၊ ဘယ်သူပြောတာမှ နားထောင်မနေနဲ့၊ ခေါင်က ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်လွန်းတယ်"

ခေါင် ငြိမ်သက်တွေဝေနေပါသည်။ နှစ်ယောက်သား တွေ့ကြရသောရက်တွေသည် စွဲချက်တင်ခြင်း၊ ငြင်းခုန်ဖြေရှင်းရခြင်း၊ စိတ်ကတောက်ကဆဖြစ်ရခြင်းတို့နှင့် ပြည့်နှက်လာသည်။

သို့သော်လည်း အဆုံးမှာတော့ ခေါင့်ကို သူမ နားလည်ပေးမိမြဲသာဖြစ်သည်။ ခေါင် သူမကို သိပ်ချစ်၍





သဝန်တိုနေခြင်းသာ ဖြစ်သည်မဟုတ်လား။ သဝန်တိုခြင်းသည် ချစ်ခြင်းကို ဖုံးလွှမ်းသွားနိုင်လိမ့်မည်ဟုတော့ ဘယ်တုန်းကမှ သူမ မတွေးတတ်ခဲ့ပါပေ။

×××



www.burmeseclassic.com

www.burmeseclassic.com

ခေါင်နှင့် သူမကြားမှ နောက်ထပ်အကြီးကျယ်ဆုံး ပြဿနာတစ်ခုကတော့ အစကတည်းကပင် မကြည်လင်ရှင်းခွဲရှိခဲ့သည့် ဘိုဘို့ပြဿနာဖြစ်သည်။

"မနေ့ညက ပြာ ဘယ်ကိုသွားသေးလဲ"

မနက်ခင်းရောက်လာကတည်းက ခေါင့်မျက်နှာ မသာယာပါ။ စိတ်သောကတစ်ခုရှိပြီး အိပ်ရေးပျက်ထားသည့် မျက်နှာမျိုး။ စိတ်ထဲမှာ ထင့်၍သွားမိသည်။

ထိုင်နေကျခုံတန်းလျားမှာ ထိုင်မိသည်နှင့် ခေါင်က မေးခွန်းတစ်ခု ကောက်ကာငင်ကာ မေးလာသည်။

"ပြာလား ... ဘယ်မှမသွားပါဘူး၊ အိမ်မှာပဲ စာဖတ်နေတယ်၊ ခေါင်က အခွေမအပ်နဲ့ဆိုလို့တောင် မောင်လေး





ပဲ အပ်မိုင်းလိုက်တာ"

ခေါင် စိတ်ချမ်းသာပါစေတော့ရယ်လို့ စေတနာ သက်သက်နှင့် ပြောမိခြင်းဖြစ်သည်။

ခေါင်က ပြုံးကာ သူမကိုကြည့်ပါသည်။ ခေါင့် အပြုံးက နာကျင်အေးခဲနေကာမို့ သူမ လန့်သွားမိသည်။

"ခရမ်းပြာ ... ခေါင့်ကိုညာတယ်နော်"

"ဘာဖြစ်လို့လဲ ခေါင်"

"မနေ့ညက ခရမ်းပြာနဲ့ ဘိုဘိုနဲ့ကို တွေ့လိုက်တဲ့ လူရှိနေတယ်"

ခေါင် အစ်အောက်နေတာပဲဟု သံသယရှိမိတာမို့ သူမက ဆက်၍ဖုံးကွယ်လိုက်မိသည်။

"လျှောက်ပြောနေပြန်ပြီ၊ အဲဒါဆို အဲဒီလူ လူမှားတာပဲဖြစ်လိမ့်မယ်"

ခေါင်က ရယ်ပါသည်။ နာကျင်အက်ကွဲနေသော အသံနှင့်ဖြစ်သည်။

"ဘယ်လိုလုပ် လူမှားနိုင်မလဲ၊ ကိုယ့်ရည်းစား တစ်ယောက်လုံးကို ခေါင်က လူမှားပါ့မလား၊ အရိပ်လေး မြင်ရုံနဲ့တောင် မှတ်မိနိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ အလန့်တကြား ခေါင့်ကိုကြည့်မိလျှင် နာကြည်းမှုနှင့် ကြေကွဲမှုတို့ ရောပြွမ်းနေသော မျက်လုံးများကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရပါသည်။ ခေါင် တကယ်ပဲ သူမတို့ကို တွေ့မြင်ခဲ့တာဖြစ်မည်။

သွားပြီ။ သူမ၏ Technique က လွဲချော်သွားခဲ့ပြန်ပြီပေါ့။ ခါတိုင်းဆိုလျှင် အပ်ကျတာကအစ တစ်ခွန်းတစ်ပါဒမှမကျန် ခေါင့်ကို ပြန်အသိပေးနေကျဖြစ်ပေမယ့် နောက်ပိုင်းတော့ ခေါင့်သဝန်တိုမှုက ရန်ပွဲတွေဆီ ခြေဦးလှည့်လာတာမို့ ခေါင့်ဆီ ပြဿနာတွေယူမသွားတော့ဖို့ ကိုယ့်ဘာသာကိုယ်ပဲ ဆုံးဖြတ်ခဲ့တာပါ။

သူငယ်ချင်းတွေကလည်း သူမကို ဝေဖန်ကြသည်။ ချစ်သူအပေါ် ရိုးသားပွင့်လင်းတာဆိုပေမယ့် ပွင့်လင်းတိုင်းလည်း မကောင်းဘူးတဲ့။ အထူးသဖြင့် ဘိုဘိုနှင့်ပတ်သက်ပြီး မြို့မြို့သိပ်သိပ်လုပ်ဖို့ သူမကို အကြံပေးခဲ့ကြသည်။

မနေ့ညက အခွေဆိုင်ကို အခွေအပ်ဖို့ အိမ်ကထွက်ချိန်မှာတော့ မောင်လေး အဖော်ပါလာခဲ့သည်။

လမ်းရောက်သောအခါ သူ့အပေါင်းအဖော်နှင့်တွေ့ပြီး ခဏဆိုကာ ပါသွားလိုက်တာ ပေါ်ကိုမလာတော့ချေ။





သူမ အခွေဆိုင်မှ ပြန်လာခဲ့သောအခါမှာတော့ ဘယ်နေရာကဘယ်လို စောင့်နေမှန်းမသိသော ဘိုဘို နောက်မှပါလာခဲ့သည်။

"ငါ့နောက်ကို လိုက်မလာပါနဲ့၊ သူများမြင်ရင် တစ်မျိုးထင်လိမ့်မယ်၊ မှောင်လည်းမှောင်နေပြီ၊ အိမ်ကတွေ့သွားရင်လည်း မကောင်းဘူး"

"ခဏလေးပါ၊ ပြောစရာရှိတာပြောပြီးရင် ပြန်မှာပါ"

"ဒါဆိုလည်း ... ဒီမှာပဲမြန်မြန်ပြော"

လမ်းတစ်လျှောက် ကပ်ပါလာမည့်အတူ မြန်မြန်ပြောပြီးပြီးရော နေရာမှာ ရပ်နားထောင်ဖို့ ဆုံးဖြတ်လိုက်သည်။

စိတ်ကတော့ လုံးဝမဖြောင့်။ ဘိုဘိုနှင့်လည်း စာရင်းရှင်းမှဖြစ်မည်။ သူ ဟိုလိုလိုဒီလိုလိုနှင့် သူမကို ရစ်သီရစ်သီ လုပ်နေတာကြာပြီ။ သူမနှင့် ခေါင့်ကြားမှာ နောက်ထပ်အထင်လွဲစရာတွေ မဖြစ်စေချင်ပါ။

"ခရမ်းပြာ ... အခုတွဲနေတဲ့လူက ခရမ်းပြာကို တကယ်ချစ်ရဲ့လား"

"အဲဒါ နှင့်အပူမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုယ့်အပူမဟုတ်ပေမယ့် တစ်နေ့ ခရမ်းပြာကို စွန့်ပစ်သွားရင်တော့ ကိုယ့်အပူဖြစ်လာလိမ့်မယ်နော်"

"နင် ဘာတွေလာပြောနေတာလဲ"

ဘိုဘိုက သူမမျက်နှာရှေ့မှာ လက်ညှိုးတစ်ချောင်း ထောင်ကာ ...

"ခရမ်းပြာ မှတ်ထားလိုက်ပါ၊ အံ့ဖွယ်ခေါင်က ခရမ်းပြာကို စွန့်ပစ်သွားတဲ့တစ်နေ့ ကိုယ် မင်းအတွက် အဆင်သင့်ရှိနေပါမယ်လို့၊ ကိုယ် မင်းကို စောင့်နေပါ့မယ် ခရမ်းပြာ"

ပြောပြီးသည်နှင့် သူမရှေ့မှ ဘိုဘို ချာခနဲလှည့်ထွက်သွားသည်။ တောက်တစ်ချက်သာ ဒေါသတကြီးခေါက်မိပြီး ဘာလုပ်ရမှန်းမသိစွာ တဆတ်ဆတ်တုန်၍ကျန်ခဲ့သည်။

ပထမတော့ ခေါင့်ကို ပြန်ပြောဖို့ စိတ်ကူးသေး၏။

"သူက အဲဒီလိုပြောသွားတယ် သိလားခေါင်၊ သူပြောသလို ခေါင်က တစ်နေ့ ပြာ့ကို စွန့်ပစ်သွားမှာလားဟင်"

ဟု ခေါင့်ရင်ခွင်ထဲ တိုးဝင်ကာ အားကိုးတကြီး မေးချင်မိသည်။ ခေါင့်ထံမှ အာမခံစကားတွေကို အားရှိစွာ ကြားချင်လှသည်။





သို့သော်လည်း ခေါင်သိလျှင် စိတ်ဝိုပေဦးလိမ့်မည်။ နဂိုကမှ ရည်းစားဟောင်းဖြစ်တာကို မကြည်လင်ရသည့်အထဲ လိုက်လာတာ၊ သူမကို သံယောဇဉ်မပြတ်သည့် ဒီလိုစကားမျိုးပြောတာတွေသိလျှင် ခေါင်နှင့်သူမကြားမှာ မလိုလားအပ်သည့် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ကြုံလာနိုင်သည်။

အရေးကြီးတာ ကိုယ် ခေါင့်အပေါ် သစ္စာမမဲ့ဖို့ပဲ။ အကျိုးမရှိသောစကားကို မပြောတော့ပါဟု ဆုံးဖြတ်ခဲ့တာဖြစ်သည်။

ခုတော့ ...စေတနာက ဝေဒနာဖြစ်ခဲ့ပြီ။

"မနေ့ညက အပြင်ထွက်ရင်းနဲ့ ခရမ်းပြာကိုသတိရလို့ အဲဒီဖက်ကိုဝင်ခဲ့မိတာ၊ အိမ်ရှေ့ထိအောင်လည်း မဝင်လာရဲလို့ လမ်းထိပ်မှာပဲ ကားရပ်ထားတုန်း၊ ခရမ်းပြာတို့ကို တွေ့ရတာ၊ ခရမ်းပြာကတော့ ခေါင့်ကိုမတွေ့ဘူးမဟုတ်လား၊ ဘယ်တွေ့ပါ့မလဲလေ အချစ်ဟောင်းနဲ့ မျက်နှာချင်းဆိုင်ပြီး စကားတွေပြောနေရတာဆိုတော့ ပတ်ဝန်းကျင်ကို မေ့နေမှာပေါ့"

"မဟုတ်ဘူးခေါင်၊ ခေါင်ထင်သလိုမဟုတ်ဘူး"

သူမက အမှန်အတိုင်း ရှင်းပြလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ခေါင် ကြိုက်သလိုစုံစမ်းကြည့်နိုင်ပါတယ်၊ ဘိုဘို့ကိုလည်း မေးကြည့်လို့ရတယ်"

ခေါင်က ဟက်ခနဲခနဲ့တဲ့တဲ့ ရယ်မောလိုက်သောအခါ သူမရင်ထဲ နာကျင်သွားရပါသည်။

"ဒါပေမယ့် ခရမ်းပြာ ခေါင့်ကို ပြန်ပြောပြသင့်တာပေါ့၊ ခေါင့်ကို ဖုံးကွယ်ထားတဲ့အပြင်မှာမှ ညာတောင်ညာရက်သေးတယ်၊ ခေါင် ဘယ်လိုတွေးရမလဲ၊ ခေါင် ဘယ်လိုတွေးလိုက်မိပြီလဲ၊ ခရမ်းပြာ သိရဲ့လား"

"ပြာ ပြောပြီးပြီပဲ၊ ခေါင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဖုံးကွယ်ထားခဲ့တာပါလို့၊ ခါတိုင်း ပြာ အားလုံးပြန်ပြောပြနေတော့ ခေါင် စိတ်ညစ်ရတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ခေါင်ကိုက မှားခဲ့တာ၊ ညကမှ ခရမ်းပြာဆီ လာချင်စိတ်ဖြစ်မိတာ၊ ခေါင့်အမှားပဲ"

"အဲဒီလိုမပြောပါနဲ့ ခေါင်ရယ်၊ ပြာ စိတ်ညစ်တယ်သိလား"

ခေါင့်လက်မောင်းရင်းမှာ မျက်နှာအပ်ရင်း ညီးတွားရေရွတ်မိသည်။ ခေါင်နှင့်သူမကြားမှ အဆင်မပြေမှုများကို သူမ မုန်းတီးလှပါသည်။





"စိတ်ညစ်တယ် ...ဟုတ်လား၊ အင်းပေါ့လေ နှစ်ယောက်ကြားထဲမှာ ခရမ်းပြာ ဗျာများနေရမှာပေါ့၊ ဆုံးဖြတ်ရခက်နေမှာပဲနော်"

"ခေါင်နော်၊ ပြာ ငိုချင်လာပြီ သိလား"

ခေါင်က မနှစ်သိမ့်ပါ။ သူမလည်း မငိုဖြစ်။ ငိုချနိုင်သည်ထက် ကျော်လွန်မြင့်မားစွာပဲ ရင်ထဲမှာ ခံစားချက်တို့က ထုနှင့်ထည်နှင့် ဆို့နှင့်တင်းကြပ်နေရသောကြောင့်ဖြစ်သည်။

"ပြာ့ကိုယုံပါ ခေါင်ရယ်၊ ခေါင့်ကို ပြာသိပ်ချစ်ပါတယ်၊ ပတ်ဝန်းကျင်ကြောင့်တော့ ပြာ့ကို ပစ်မသွားပါနဲ့နော်၊ ပြာ ခေါင့်ကိုမခွဲပါရစေနဲ့"

ခေါင့်ပခုံးကို တင်းတင်းပွေ့ဖက်ရင်း တဖွဖွတောင်းပန်တိုးလျှိုးခဲ့မိသည်။

ခေါင်က သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးညည်းပါသည်။ တူးတူးရဲ့ 'မိဆိုး'ဆိုသော သီချင်းဖြစ်သည်။

"ရည်ရွယ်ထားတဲ့ချော့နှမအကြောင်းကို ××× လူတွေဝိုင်းပြီးပြောပြကြတယ် ×××တဒင်္ဂခဏလောက် နားထိုင်းလိုက်ချင်တယ် ××× ပြောကြတဲ့လူတွေကို ××× မုန်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တယ် ××× မယုံဘူးကွယ်×××၊ ကောင်မလေးက ရည်းစားများတယ် ××× လူတကာအသည်းလည်း လှည့်ပတ်ခွဲတယ် ××× ကြောက်စရာလန့်စရာ မင်းရဲ့အကြောင်းတွေပဲ ××× ပြောကြတဲ့လူတွေအကုန် ရှုံးကြပါစေကွယ် ××× မယုံဘူးကွယ် ×××

မိန်းမဆိုး ××× အဆိုးလေးမို့ကွယ်ပိုချစ်တယ် ××× ကိုယ့်အသည်း ခွဲသွားပါစေ ချစ်နေမယ် ×××၊ မိန်းမဆိုး ××× အဆိုးလေးမို့ကွယ်ပိုချစ်တယ် ××× ကိုယ့်အသည်း ခွဲသွားပါစေချစ်နေမယ် ×××

လူတွေပြောတဲ့မင်းရဲ့အကြောင်းကို ××× ကိုယ်တကယ်လက်တွေ့သိလိုက်ရပြီ ××× ကမ္ဘာကြီးအိုးထိန်းစက်ပမာ သွက်သွက်လှည့်ပြီကွယ် ××× မင်းအတွက်ကြောင့်မောင်တကယ် အသည်းကွဲပြီကွယ် ××× မိဆိုးရယ် ×××

ခေါင့်ကို ကြေကွဲဝမ်းနည်းစွာဖြင့်သာ ငေးမောနေခဲ့ရသည်။ နှစ်ယောက်သား နီးကပ်စွာရှိနေလျက် ဝေးကွာနေကြသလို ခံစားရသောနေ့ဖြစ်သည်။

သည့်နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် ခေါင် အလာကြဲသွားခဲ့သည်။ နှစ်လည်ရောက်လာနှင့်အမျှ ခေါင်





စာတွေအရေးကြီးလာလို့ဟု ခေါင် အကြောင်းပြခဲ့သည်။

ရောက်လာလျှင်လည်း ခေါင်သည် များစွာစကားနည်းသွားခဲ့ပြီး သူမနံဘေးမှာ ငြိမ်သက်တိတ်ဆိတ်စွာသာ ထိုင်နေခဲ့သည်က များတော့၏။

နောက်ပိုင်းကာလတွေကတော့ သူမ ပြန်သတိမရချင်တော့သော အချိန်ကာလတွသာ ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် လွန်ခဲ့သော ဆယ်နှစ်ကျော်က ရန်ကုန်တက္ကသိုလ်၏ နှင်းထုသည်းသည်းကြားမှာ အံ့ဖွယ်ခေါင်နှင့် ခရမ်းပြာတို့ သိပ်ချစ်ခဲ့ကြဖူးသည်ဆိုသော အဖြစ်အပျက်က ပုံပြင်ဒဏ္ဍာရီတစ်ပုဒ် မဟုတ်ခဲ့ပါချေ။

×××

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ညကလည်း တော်တော်နှင့် အိပ်မပျော်သလို မနက်ခင်းမှာလည်း အစောကြီးနိုးနေပြန်တာမို့ မျက်နှာသစ်၊ အဝတ်အစားလဲပြီး ဆောင်းမနက်စောစော၏ ပင်လယ်ကမ်းခြေအလှကို ငေးမောခံစားဖို့ ဘန်ဂလိုထဲမှ ထွက်ခဲ့ပါသည်။

စန္ဒာ၊ ကြည်ပြာနှင့် မိပေါက်တို့ သုံးယောက်ကတော့ မနေ့ညနေက ရေထဲမှာ ခြေကုန်လက်ပန်းကျသာကြတာမို့ အိပ်မက်ထဲမှာ လှိုင်းစီးကောင်းနေကြတုန်းဖြစ်သည်။

ဆွယ်တာလည်ထောင် လက်ရှည်အဖြူနှင့် ဂျင်းဘောင်းဘီအပြာကိုဝတ်ပြီး ခေါင်းမှ သိုးမွေးခေါင်းစွပ်အဖြူလေးကို ဆောင်းခဲ့သည်။ လမ်းလျှောက်ထွက်မှာမို့ ဖေါ့လ်ကင်းရှူးလေးကို စီးလာခဲ့၏။





နှင်းတွေ သိပ်သိပ်သည်းသည်းကျနေတာမို့ ကမ်းခြေနှင့် ပင်လယ်ပြင် နှင်းထုတို့သည် တစ်သားတည်းဖြစ်နေကြသည်။ လှိုင်းပုတ်သံမှတစ်ပါး ကမ်းခြေသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

သူမက နှင်းထုထဲသို့ နှစ်သက်စွာ တိုးဝင်ရင်း ကမ်းခြေအတိုင်း လမ်းလျှောက်လာခဲ့သည်။ တိုက်ဆိုင်မှုအစွဲအလန်းတွေကြောင့် ရင်ထဲမှာ ဆွတ်ဆွတ်ကျင်ကျင်ကြီး ခံစားရသည်။

ဆောင်းနှင်းတွေကို သူမချစ်သည်။ ဆောင်းနှင်းတွေသည် တစ်နှစ်တစ်ခါမှန်မှန် ခြောက်လုံ့ကိုယ်ထင်ပြလာတတ်သော သူမ၏ စွဲလမ်းဖွယ်ရာ တစ္ဆေတစ်ကောင်ပင်ဖြစ်သည်မဟုတ်လား။

ခုတော့ ... ဆောင်းနှင်းတွေအောက်မှာ ခေါင်နှင့်သူမတို့ တစ်နေရာတည်းမှာ အတူရှိနေကြသည်။

အချိန်ကာလနှင့် ဘဝချင်းမတူညီကြတော့ပေမယ့် အစွဲအလမ်းကြီးခဲ့ပုံရသော အတိတ်ဘဝလေးတစ်ခုကို သတိမရဘဲ မနေနိုင်ပါ။

ခေါင်ရော ... သတိမရဘဲနေပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းကမ်းစပ်မှာ ပင်လယ်ပြင်ကို မျက်နှာမူပြီး ရပ်နေသော သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရပါသည်။ အနီးရောက်၍ ပီပြင်လာသည်နှင့်အမျှ ခေါင်ဟု သေချာလိုက်နိုင်ချိန်မှာပဲ ခေါင်ကလည်း သူမရှိရာသို့ လှည့်ကြည့်လာခဲ့လေသည်။

"ခေါင်"

"ခရမ်းပြာ"

ခေါင်က သူမရှိရာသို့ လျှောက်လာသည်။ ဂျင်းဘောင်းဘီအပြာ၊ ခေါင်းစွပ်ဆွယ်တာ အနက်လေး ဝတ်ဆင်ထားသော ခေါင့်အသွင်က အရင်ကလိုပင် ဖြူစင်ရှင်းသန့်နေပါသည်။

အရင်က မျက်နှာပေါ်အုပ်မိုးကျနေသော ဆံပင်ရှည်တွေကို ခပ်တိုတိုညှပ်၍ နောက်လှန်ဖြီးထားသည်မို့ ပြေပြစ်သောနဖူးပြင်က ပေါ်လွင်လာကာ ရင့်ကျက်တည်ငြိမ်သည့် အသွင်ကို ဆောင်လာတာတစ်ခုပဲ အပြောင်းအလဲဆိုလို့ ခေါင့်မှာရှိသည်။

"ခရမ်းပြာလည်း အစောကြီးနိုးနေတယ်လား"

"ဟုတ်တယ်၊ မအိပ်ချင်တော့တာနဲ့၊ ပြီးတော့ မနက်



BURMESE CLASSIC .com



စောစော နှင်းတောထဲမှာလည်း လမ်းလျှောက်ချင်လို့"

စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်မိခြင်းဖြစ်ပါသည်။ ခေါင့်မျက်နှာပေါ်မှာ လျှပ်ခတ်သည့် အရိပ်အယောင်မျိုး ဖြတ်သန်းသွားတာ မြင်လိုက်ရသည်။

"ခေါင်ရောပဲ၊ လာလေ ... ဆက်လျှောက်ရအောင်"

သူမတို့နှစ်ယောက် ဆက်လျှောက်လာခဲ့ကြသည်။ ရင်ထဲမှာ ဘာကိုမှန်းမသိ လှိုက်လှဲဝမ်းနည်းလာမိသည်။ တစ်ညလုံး အတိတ်ကာလရဲ့ နှင်းတောထဲကို ဖြတ်သန်းလာခဲ့ရပြီးပြီမို့ အတိတ်ကအရိပ်ဝေဒနာတွေ ရင်ထဲမှာ ငွေ့ငွေ့ကျန်ရှိနေခဲ့သေးသည်။

ကံကြမ္မာဆိုတာ အံ့ဩစရာကောင်းလိုက်တာ။ အခုလို ဆောင်းနှင်းတွေအောက်မှာ ခေါင်နှင့် ပြန်ဆုံရလိမ့်မည်ဟု ဘယ်လိုမှ မျှော်လင့်မထားခဲ့။

"ခရမ်းပြာ ဘာတွေတွေးနေတာလဲ"

"သြော် ...အရင်တုန်းကအကြောင်းတွေကို သတိရနေမိတာပါ"

သူမက ရိုးသားစွာ အဖြေပေးလိုက်မိသည်။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မှန်းမသိ ခေါင့်ကိုတော့ သူမ ဘယ်တုန်းကမှ ဘယ်တော့မှ မလိမ်ညာချင်ပါ။

ခေါင်က သူမကို ငုံကြည့်ပါသည်။ အုံ့ညြတုန့်လှုပ်ခြင်းကင်းသော နားလည်ကြင်နာသည့် မျက်ဝန်းနွေးနွေးတွေ။

"ဆောင်းရောက်တိုင်း ... နှင်းတွေမြင်တိုင်း ခေါင့်ကိုသတိရတယ်သိလား၊ ပြာ အမြဲတမ်းငိုရတယ်၊ ဒါပေမယ့် အဲဒီခံစားချက်လေးကို မြတ်နိုးပါတယ်၊ ဒီခံစားချက်လေးကို မွေးမြူထားရတာကိုက ပြာ့ဘဝရဲ့ အဓိပ္ပာယ်ပဲ"

"ဒါနဲ့များ ခေါင့်ကို ဘာဖြစ်လို့ အဆက်အသွယ်ဖြတ်ခဲ့ရတာလဲဟင်၊ ခေါင်က ခရမ်းပြာ ခေါင့်ကိုမေ့သွားပြီလို့ ထင်နေခဲ့တာ"

ခရမ်းပြာက ပြုံးလိုက်မိသည်။

"ခေါင့်ကို မေ့သွားတဲ့နေ့ဆိုတာ ခရမ်းပြာအသက်နဲ့ခန္ဓာ အိုးစားကွဲသွားတဲ့အခါပဲဖြစ်မှာပါ"

ခေါင် ပင့်သက်ရှိုက်လိုက်ပါသည်။

"ဒါနဲ့ ... ခေါင် အိမ်ထောင်မပြုသေးဘူးလားဟင်၊ ဒါမှမဟုတ် ပြုထားပြီးပြီလား၊ တွေ့ကတည်းက မမေးရသေးဘူးနော်"





ခေါင်က သောင်ပြင်ပေါ်မှာ ခရုခွံလေးကို ဝေ့လည်ကင်းရှူးထိပ်ဦးဖြင့် တိုက်ထုတ်လိုက်ရင်း ...

"ခေါင် အိမ်ထောင်မကျသေးပါဘူး"

ဟု ဖြေသည်။

"ဟုတ်လား၊ ယူတော့လေ ခေါင်ရဲ့၊ လူပျိုသိုးကြီးပဲဖြစ်တော့မယ်၊ ဘာလဲ ... ရွေးနေတုန်းပဲလား"

"ဟုတ်တယ်၊ ရွေးနေတာ၊ ကိုယ့်ကို တကယ်နှစ်နှစ်ကာကာချစ်မယ့် မိန်းကလေးမျိုးပဲ ခေါင် လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်"

သူမက ခေါင့်ကို မျက်လုံးလေးထောင့်ကပ်၍ ငုံ့စောင်းကြည့်မိကာ ...

"မရှိလို့လား၊ မဖြစ်နိုင်ပါဘူး၊ ခေါင် အရွေးလွန်နေတာပဲဖြစ်မှာ၊ သိပ်မတွေဝေနဲ့ခေါင်ရဲ၊ လူဆိုတာ အသက်ကြီးလေ တွေဝေလေပဲ၊ ရင့်ကျက်လေ သတ္တိနည်းလာလေပဲ၊ တော်ကြာ လူပျိုကြီးလုပ်နေရဦးမယ်"

ခေါင်က တိတ်ဆိတ်စွာပြုံးနေပါသည်။

"ရည်းစားရော ...မရှိဘူးလား၊ ခေါင့်စာထဲမှာပါတဲ့ စက်ရုံပိုင်ရှင်သူဌေးမဆိုတာရော၊ ခေါင့်ကို ဖော

www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်ဆိုတာလေ"

"အဲဒီတစ်ယောက်က ထိုင်ဝမ်မှာကျန်ခဲ့ပြီ၊ ယောကျ်ားတောင်ရသွားပြီထင်တယ်"

"အခုလောလောဆယ် ဟိုမှာ ရည်းစားတွေမကျန်ခဲ့ဘူးလား"

"ရည်းစားလို့ပြောရအောင် မလေးနက်ပါဘူး၊ မိန်းကလေးသူငယ်ချင်းအဆင့်လောက်ပါ၊ ဒါပေမယ့် ခေါင့်စိတ်မကူးပါဘူး၊ ဟိုနိုင်ငံမှာ ပိုက်ဆံရှာဖို့တစ်ခုပဲ ခေါင့်ခေါင်းထဲထားတာ၊ ခေါင့်တိုင်းပြည်က ဒီမှာပဲ၊ ခေါင်လက်ထပ်မယ့် မိန်းကလေးကလည်း ဒီကပဲဖြစ်ရမယ်"

"ကောင်းတာပေါ့၊ ဒါဆိုရင် ခေါင့်မင်္ဂလာဆောင်ကျရင် ပြာ လာလို့ရတာပေါ့"

ခေါင်က သူမကို ငုံ့ကြည့်ပါသည်။ ပြီးတော့ အဓိပ္ပါယ်မသိသော အပြုံးတစ်ခုကို ပြုံးပြကာ …

"ခရမ်းပြာလောက် ခေါင့်ကိုချစ်နိုင်မယ့် မိန်းကလေးမျိုး တွေ့ခဲ့ရင်ပေါ့"

လှမ်းလက်စ ခြေလှမ်းကို ရပ်ပစ်လိုက်မိသည်အထိပင် ခေါင့်စကားက သူမကို ထိတ်လန့်တုန်လှုပ်သွားစေပါ





သည်။

သို့သော်လည်း ခေါင်က မသိကျိုးကျွန်ပြုကာ …

"ဟိုဘက်ကို ပြန်လျှောက်ကြရအောင်နော်၊ ပြီးရင် ဟိုတယ်မှာ Breakfast ဝင်စားကြရအောင်၊ ခရမ်းပြာ ဆာရောပေါ့"

လာလမ်းအတိုင်း ပြန်လျှောက်လာခဲ့ကြသည်။ နှင်းမြူတို့က သိပ်သည်းဆဲ။

ခေါင့်စကားတစ်ခွန်းက ရင်ထဲမှာ ပဲ့တင်ရိုက်ခတ်လျက်။

×××



www.burmeseclassic.com

www.burmeseclassic.com

စန္ဒာ၊ ကြည်ပြာ၊ မိပေါက်တို့ကတစ်ဖွဲ့၊ ခေါင်နှင့် သူငယ်ချင်းတွေကတစ်ဖွဲ့ အသီးသီး ပင်လယ်လှိုင်းစီးနေကြချိန်မှာ သူမကတော့ ထုံးစံအတိုင်း တစ်ယောက်တည်း မှန်ပြောင်းတစ်လက်နှင့် သောင်ပြင်မှာ ထိုင်ငေးနေမိသည်။

ခဏနေတော့ ခေါင် ရေထဲမှတက်လာသည်။ အပေါ်ပိုင်း အင်္ကျီဗလာကျင်းနှင့် ရှော့ပဲန်အတိုလေး ဝတ်ကာ ရေစိုနေသော ခေါင့်အသွင်က နိုင်ငံခြားရုပ်ရှင်တွေထဲမှ ဇာတ်လိုက်မင်းသားလေးတစ်ပါးလို ဆွဲဆောင်မှုအပြည့်နှင့် ချော မောကြည့်ကောင်းနေပါသည်။

"ခရမ်းပြာ … တစ်ယောက်တည်းမပျင်းဘူးလား၊ လာပါ ခေါင်တို့နဲ့ လှိုင်းစီးရအောင်"





သူမ ရှေ့မှသဲပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်ရင်း ခေါင်က ပြောလာသောအခါ သူမ တွန့်ခနဲဖြစ်သွားသည်။

"ဟာ … မစီးရဲပါဘူး၊ ပြာ ဘယ်တုန်းကမှ ရေထဲ မဆင်းဘူး၊ ရေသိပ်ကြောက်တာ"

"လာပါ … ခရမ်းပြာရဲ့၊ ခေါင်တစ်ယောက်လုံး ရှိပါတယ်၊ ဒီ ရေတိမ်တိမ်လေးမှာပဲနေမယ်၊ ပရောမစ်စ်"

ခေါင်က ကတိပေးနေသည်။ သူတို့တစ်တွေ ရေဆော့နေတာကို လှမ်းကြည့်ရင်း စိတ်ထဲမှာတော့ ပျော်သလို ရှိသားပင်။ သို့သော်လည်း ငယ်ငယ်က ရေထဲပြုတ်ကျခဲ့ဖူးတာမို့ ရေဆိုလျှင် ရေချိုးကန်ထဲမှ အထိအတွေ့ကိုပင် အသည်းယားလုပြီဖြစ်ကာ ပင်လယ်ကြီး၏ ရေပြင်ကိုတော့ စိတ်ကူးတောင်မယှဉ်ခဲ့မိပေ။

"မဖြစ်ပါဘူး ခေါင်ရယ်၊ သွားပါ၊ ရေစိမ်တာ အသားတွေလည်းမဲတယ်၊ ပြာ တစ်ခါမှ ရေထဲဆင်းဖူးတာ မဟုတ်ဘူး"

"ဒါကြောင့်မို့ ခေါ်တာပေါ့၊ ဆင်းဖူးတယ်ရှိအောင်၊ လှိုင်းစီးဖူးတယ်ရှိအောင်၊ တစ်ခါစီးဖူးရင် ပြာ အရမ်းသဘော



www.burmeseclassic.com

www.burmeseclassic.com



ကျသွားမယ်၊ လာပါကွာ၊ ပြာ လုံးဝမလန့်စေရဘူး၊ ခေါင်
အာမခံတယ်၊ အမှတ်တရဖြစ်အောင် ဆင်းရအောင်ပါ၊
လာပါ၊ ပလီစ်"

မျိုးစုံအောင် ခေါင်ခေါ်နေတော့သည်မို့ အားနာပါးနာ
နှင့် သူမ ထရပ်လိုက်ရသည်။

"ဒီအစပ်လေးပဲနော်၊ အဝေးကြီးမသွားဘူး"

သူမ ရေထဲပါလာသည်ကိုတွေ့သော စန္ဒာတို့သုံး
ယောက်က ဝိုင်းအော်၍ ဩဘာပေးကြသည်။ သို့သော်လည်း
သူတို့က နောက်ဘက်ခပ်ဝေးဝေးမှာ ရှိနေသည်မို့ သူမက
လိုက်မသွားရဲသလို သူတို့ကလည်း ရှေ့တိုးမလာကြပေ။

ခေါင့်သူငယ်ချင်းတွေကလည်း စန္ဒာတို့နေရာလောက်
မှာပင်မို့ ရေတိမ်တိမ်မှာ သူမနှင့်ခေါင်က သီးသန့်ဖြစ်နေရ
သည်။

"ခေါင် တော်ပြီလေ"

"ဟာ ... ပြာကလည်း ခြေသလုံးဘစ်ဝက်လောက်
ရေလေးမှာ ဘာလုပ်လို့ရမှာလဲ၊ လာ ... ရှေ့နားနည်းနည်း
တိုးသွားမယ်"





"တော်ပြီ၊ ခေါင် ... ကြောက်တယ်"

"လာပါ၊ ဒီနေရာလောက်ကမှ လှိုင်းစီးလို့ရမှာ"

ပြောဆိုငြင်းခုန်ရင်း ခေါင်က သူမကို ဆွဲခေါ်သွား
သည်။ ခပ်လှမ်းလှမ်းမှ လှိုင်းလုံးတစ်လုံးက ပြေးလာနေ
သည်။

"ပြာ ဒီဖက်လှည့်၊ လှိုင်းကိုကျောပေးထား၊ ပြီးရင်
အလိုက်သင့်လေးခုန်လိုက်"

"အီး ... ကြောက်တယ်"

ခရမ်းပြာက ခေါင့်လက်ကို အားကိုးတကြီးဆုပ်ထား
ကာ မျက်လုံးစုံမှိတ်ထားလိုက်သည်။

"တစ် ...နှစ် ...သုံးဆို ခုန်လိုက်နော်"

"တစ်၊ နှစ်၊ သုံး"

ခေါင်ပြောသလို အလိုက်သင့် မြောက်ရှုံခုန်ပေး
လိုက်သောအခါ လှိုင်းလုံးကြီးနှင့် မြောက်ခနဲပါသွားကာ ငြိမ့်
ခနဲပြန်ကျလာသော ခံစားမှုက အသည်းယားထိတ်လန့်စရာ။

"ဘယ်လိုလဲ၊ လွယ်တယ်မဟုတ်လား၊ စီးလို့
ကောင်းတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ကြောက်တာပဲ၊ အသည်းယားစရာကြီး၊ တော်ပြီ ခေါင်ရာ"

"နေပါဦး၊ နောက်တစ်ခေါက်ဆို မကြောက်တော့ဘူး၊ ကြည့်နေ၊ လာနေပြီ"

နောက်လည်း လှည့်မကြည့်ရဲဘဲ ခေါင့်လက်ကို တအားဆုပ်ကာ နောက်တစ်လုံးကို ကျော်ဖြတ်ရပြန်သည်။ ပထမတစ်ခေါက်လောက် မဆိုးတော့သလို ထင်ရသည်။

သုံးလေးငါးခါ လှိုင်းစီးပြီးသောအခါ မမျှော်လင့်ဘဲ ပင်လယ်ပြင်ထဲမှာ ပျော်ရွှင်ရဲရင့်လာသည်။

"ပျော်စရာကြီးနော်၊ တွေ့တယ်မဟုတ်လား၊ နေဦး ဘောတစ်လုံးသွားယူဦးမယ်"

ခေါင်က ပြောပြောဆိုဆို ကမ်းပေါ်မှာ ဘောတစ်လုံးသွားငှားယူလာပြီး ခရမ်းပြာကို ထိုအတဲဝင်၍ ထိုင်စေသည်။ ပြီးလျှင် သူက ခပ်လှမ်းလှမ်းဆီ တွန်းခေါ်သွားပြီး ဘောဖြင့် လှိုင်းစီးစေ၏။

"ခေါင် ... သေချာကိုင်ထားနော်၊ မလွှတ်လိုက်နဲ့"

"စိတ်ချပါ ပြာရဲ့၊ ခေါင်က ခရမ်းပြာကို ဒုက္ခရောက်အောင် လုပ်ပါ့မလား၊ မြဲမြဲသာကိုင်ထား၊ ဘောနဲ့စီးရတာက ပိုတောင်ငြိမ့်သေးတယ်၊ နောက်တော့မှ ခေါင်ရယ်စီးပါရစေလို့မပြောနဲ့"

"ဟား ဟား"

သူမက ပျော်ရွှင်စွာရယ်မောလိုက်မိသည်။ သည်လိုဆိုတော့လည်း ခေါင်နှင့်သူမသည် ချစ်သူဘဝကပုံစံမျိုး တရင်းတနှီးရှိနေကြပြန်သည်။

သူမက ဘောကွင်းကို လက်နှစ်ဖက်ဖြင့် မြဲမြဲချိတ်တွယ်ထားသလို ခေါင်ကလည်း ကိုင်တွယ်ထိန်းသိမ်းပေးထားတာမို့ ဘောကွင်းဖြင့် လှိုင်းစီးရသည်မှာ ပို၍အဆင်ပြေလှသည်။

ခေါင်က ခပ်ဝေးဝေးသို့ပင် ဘောကွင်းကို တွန်းယူသွားနေသည်။

"ခေါင်ရေ ...အဝေးကြီးမသွားနဲ့လေ၊ ခေါင့်ခြေထောက်နဲ့ မမီတော့တဲ့နေရာကို မသွားနဲ့တော့"

"အာ ...ခရမ်းပြာကလည်း ခေါင်က ရေကူးတတ်တာပဲကို"







www.burmeseclassic.com

www.burmeseclassic.com



"ခေါင် ကူးတတ်ပေမယ့် ပြာ မကူးတတ်ဘူး"

"ခေါင် ကူးတတ်မှတော့ ခေါင်ကယ်မှာပေါ့၊ ခရမ်း ပြာကို ခေါင်က အသေခံပါ့မလား"

"သေချာရဲ့လား၊ လူမသေပေမယ့် ဘဝကတော့ သေခဲ့ဖူးပြီးပြီနော်၊ ဒီတစ်ခါဆို လူပဲကျန်တော့တယ်၊ လူက တော့ မသေရဲဘူးခေါင်ရေ့၊ အထူးသဖြင့် ရေထဲမှာဆို ပိုဆိုး သေးတယ်"

သူမက ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါးပြောလိုက် တာပေမယ့် ခေါင့်ဘက်က တိတ်ဆိတ်သွားတာမို့ လှမ်းကြည့် လိုက်မိတော့မှ စောစောကအရယ်အပြုံးတွေ ပျောက်ဆုံးက တည်ကြည်မှိုင်းလျှနေသော ခေါင့်မျက်နှာကို တွေ့လိုက်ရပါ သည်။

သည်တော့မှ သူမစကားက ခေါင့်ကို စိတ်ထိခိုက် သွားစေပြီဟု သိလိုက်ရသည်။

"ဘာဖြစ်သွားတာလဲ ခေါင်၊ ပြာပြောတာကို စိတ် ဆိုးသွားတာလား"

ခေါင်က ခေါင်းခါပြပါသည်။





"စိတ်မဆိုးပါဘူး၊ စိတ်ဆိုးစရာမှမဟုတ်တာ၊ ခေါင် စိတ်မကောင်းဖြစ်သွားမိတာပါ"

"အို ... သေလိုက်ပါတော့၊ ပြာက အစိပ္ပာယ် တစ်မျိုးပြောမိတာပါ၊ တမင်ရည်ရွယ်ချက်နဲ့ ပြောတာမဟုတ် ပါဘူး ခေါင်ရယ်၊ မေ့လိုက်ပါ"

ခေါင့်မျက်နှာက စောစောကလို ကြည်လင်ရွှင်ပျ မလာတော့ပါ။ ခေါင့်အာရုံက ပစ္စုပ္ပန်မှာ ရှိတော့ဟန်မတူ။ ပျော်ရွှင်စရာ အခြေအနေတစ်ခုကို ဖျက်လိုဖျက်ဆီးလုပ်လိုက် မိပြီဟု ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။

သူမတို့နှစ်ယောက် ငြိမ်သက်တိတ်ဆိတ်စွာ လှိုင်း စီးနေခဲ့မိကြသည်။

"ခရမ်းပြာနဲ့ ပတ်သက်ရင် ခေါင် သိပ်မှားခဲ့တာပဲ နော်၊ ခေါင် တကယ့်ကို လွန်မိတယ်၊ ဒါနဲ့များတောင် ပြာ က ခေါင့်ကို ခွင့်လွှတ်နိုင်သေးတယ်၊ ခေါင့်ကိုယ်ခေါင် တောင် ခွင့်မလွှတ်နိုင်ဘူး၊ အဲဒီတုန်းက ခရမ်းပြာ သိပ်ဝမ်း နည်းခဲ့ရမှာပဲနော်"

ခေါင့်မျက်ဝန်းဆွေးလျှလျှကိုကြည့်ရင်း သူမသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါင် ခေါ်ဆောင်ရာအတိတ်ကာလဆီ ပြန်ရောက်သွားပါသည်။

"ပြန်တွေးမိတိုင်း ခရမ်းပြာကို သိပ်သနားတယ်၊ ကိုယ့်ကိုယ်ကို ယူကျုံးမရဖြစ်ရတယ်"

ခေါင် စွန့်ပစ်ထားခဲ့သောကာလများကို သတိရလာသည်။ နွေနေထဲမှာ ကြွေကျမြေခရသော ရော်ရွက်ဝါလေးတစ်ရွက်လို ခြောက်သွေ့လွင့်ပါးနေခဲ့ရသည့် ရက်များသည် ပူလောင်ခက်ခဲလွန်းလေစွ။

"ဒါပေမယ့် ပြာကမှ အပြစ်မယူခဲ့တာပဲ၊ ဖြစ်ပြီးတာတွေ ပြန်တွေးမနေပါနဲ့တော့ ခေါင်ရယ်"

"ပြာ အဲဒီလိုခွင့်လွှတ်ခဲ့လို့လည်း ခေါင့်အပြစ်တွေက ပိုကြီးနေတာ၊ ခွင့်လွှတ်ခြင်းဆိုတာ အပြစ်ရှိသူတွေအတွက် အကြီးဆုံးလက်နက်ပဲ၊ နောင်တဆိုတာလည်း တစ်ဘဝစာအတွက် သေရာပါမယ့် ဒဏ်ရာအနာတရကြီးပဲ၊ ခေါင့်စိတ်ထဲမှာ အဲဒီတုန်းက ခရမ်းပြာကိုယ့်အပေါ် ဒီလောက်အလေးအနက်ရှိမယ်လို့လည်း မထင်ခဲ့ဘူးလေ"

သူမက ခြောက်ကပ်စွာ ရယ်မောလိုက်မိသည်၊





"ဒါပေါ့ ... ခေါင် အထင်သေးမယ်ဆိုလည်း အထင်သေးစရာပါပဲ၊ ပြာ လုပ်ခဲ့တာတွေကလည်း အထင်သေးစရာတွေပါပဲ၊ ယောကျ်ားတစ်ယောက်ကို မြင်မြင်ချင်းချစ်လိုက်မိတယ်၊ တစ်ပတ်လောက်နဲ့ အဖြေပေးတယ်၊ စိတ်ခံစားချက်အတိုင်း အဆင်ခြင်မရှိလုပ်ခဲ့မိတယ်၊ ကိုယ့်ကို သူနားလည်မှာပဲ၊ သူလည်း ကိုယ့်လိုပဲရှိမှာပဲလို့လည်း ကိုယ်လိုရာဆွဲပြီး ထင်ခဲ့မိသေးတာ၊ လွယ်လွယ်ရတဲ့အချစ်ကို လူတွေတန်ဖိုးမထားတတ်ဘူးဆိုတာလည်း နားမလည်ခဲ့ဘူးလေ၊ ကိုယ်က အဖြူစင်ဆုံး အရိုးသားဆုံးပေးအပ်ခဲ့တဲ့ အချစ်တွေဟာ တစ်ဖက်လူအတွက် သံသယဖြစ်စရာ အထင်သေးစရာ အပေါစားအချစ်တွေဖြစ်လို့ဖြစ်သွားမှန်း မသိခဲ့ဘူး"

လှိုင်းပုတ်လိုက်တာကြောင့် သူမ စကားပြတ်သွားရသည်။

"ဒါပေမယ့် ပြာ နောင်တမရပါဘူး၊ ဘဝမှာ လူတစ်ယောက်ကို စိတ်ရှိလက်ရှိချစ်လိုက်ရတဲ့အတွက် ကျေနပ်တယ်၊ နောက်ချိန်မှာ အဲဒီတုန်းကလို ရူးရူးမိုက်မိုက်အချစ်မျိုး ပြန်ခံစားချင်လို့တောင် မရနိုင်တော့ဘူးမဟုတ်လား၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်လည်း နောင်တမရနဲ့၊ ကိုယ်မှားခဲ့တယ်လို့ထင်ရင် အဲဒီအမှားပေါ်မှာ နောင်အတွက်ပဲ သင်ခန်းစာယူပါ''

''ခရမ်းပြာပြောတာ နောက်ကျသွားပြီ၊ ခရမ်းပြာ အိမ်ထောင်ကျသွားတဲ့ အချိန်ကစပြီး ခေါင် ဆုံးဖြတ်ချက်ချခဲ့ပြီးပြီ၊ ကိုယ့်ကိုချစ်တဲ့ ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက် ကိုယ့်ကြောင့် ဘယ်တော့မှ မနစ်နာစေရတော့ဘူးလို့၊ ပြီးတော့ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ဆိုတာကို အပေါ်ယံအပြင်ပန်းကို အကဲခတ်ပြီး လျှော့တွက်လို့မရဘူးဆိုတာရယ်၊ ပတ်ဝန်းကျင်ဆိုတာကြောင့် တွေဝေသတ္တိမနည်းဖို့တွေရောပေါ့''

''ဝမ်းသာပါတယ် ခေါင်၊ ခေါင် ကံကောင်းပါစေလို့ ဆုတောင်းပေးပါတယ်၊ တကယ်ပါ''

''ခေါင်လည်း ဆုတောင်းပေးပါတယ်၊ ခရမ်းပြာလည်း နောက်တစ်ကြိမ်ကံကောင်းပါစေလို့''

နှစ်ယောက်သား တစ်ယောက်မျက်လုံးထဲ တစ်ယောက် ကြည့်မိကြသည်။ ထိုမျက်ဝန်းတွေမှာ စကားတွေရှိသည်က သေချာလှသည်။





လှိုင်းတစ်လုံးပုတ်လိုက်စဉ် ခေါင် လက်လွှတ်ထားခိုက်မို့ အခန့်မသင့်လှစွာ ဘောကွင်းကို လှန်ချပစ်လိုက်သလိုဖြစ်ကာ ရေထဲသို့ မျက်မှာအပ်လျက်သား မှောက်ကျသွားသည်။

အရှိန်နှင့်မို့ ရေထဲနှစ်ပစ်လိုက်သလိုလည်းဖြစ်ကာ ရေမျက်နှာပြင်အောက်ထဲသို့တိုင် လူက ရောက်ရှိသွားရသည်။

မွန်းလိုက် ကြောက်လိုက်သည်မှာ မပြောပါတော့နှင့်။ ဂူးဂူးဝါးဝါး ရန်းကန်အော်ဟစ်မိစဉ် တစ်စုံတစ်ယောက်က နောက်မှဆွဲယူလိုက်သလိုရှိကာ ခေါင့်ရင်ခွင်ထဲ ရောက်ရှိသွားရဘာသာ သိတော့သည်။

ခေါင့်ကို တင်းတင်းကြပ်ကြပ် ဖက်တွယ်ထားမိရင်း ကလေးတစ်ယောက်လို တဟင့်ဟင့်ငိုကြွေးမိသောအခါ ခေါင်က ယုယစွာပြန်လည်ထွေးပွေ့ထားရင် သူမဆံပင်များကို ပွတ်သပ်ဖယ်ရှားပေးရင်း နဖူးပြင်ပေါ် အနမ်းတစ်ခုပေးလိုက်သည်လားမသေချာ။

အထိတ်အလန့်ပြေစေဖို့ တဖွဖွနှစ်သိမ့်ချော့မော့၍

''ပြာ့ကိုချစ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟူသောစကားတစ်ခွန်း သတိလက်လွတ်နိုင်စွာ ခေါင်း ပြောလိုက်သလား မရေရာပါ။

သေချာရေရာလှသောအရာတစ်ခုကတော့ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင်ပင် သူမ ခေါင့်ကို ချစ်နေမိဆဲဆိုတာပင်။

×××



"မ"

"ဟေ"

ခေါင်းလျှော်ထားသော သူမဆံပင်များကို စန္ဒာက ဒရိုင်ရာဆွဲပေးနေချိန် ကြည်ပြာက မမီသော နောက်ဖက်ပခုံးနေရာတစ်ပိုက်ကို Skin lotion လိမ်းပေးနေစဉ်မှာ မိပေါက်ကတော့ နှလည်နှခေါင်း အခန်းထဲနေခိုက် သူမဝတ်ဖို့ ဂါဝန်ပေါ့ပေါ့ပါးပါးတစ်ထည်ကို အဝတ်သေတ္တာထဲမှ ရွေးချယ်နေပါသည်။

"ကျွန်တော်တို့အားလုံး မကို မေးသင့်မမေးသင့် ချင့်ချိန်နေကြတာ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာက စကားလမ်းကြောင်းနေပါသည်။ ခေါင်နှင့် သူမအကြောင်းကို သူတို့လေးတွေ သိချင်နေကြခြင်းဖြစ်သည်။

"အဲဒါ ... ဘာလဲဆိုတာ မသိလားဟင်၊ သိတယ်ဆိုရင် မေးရောမေးလို့ရမလား"

"မေးလေ"

"အဲဒီ ကိုအံ့ဖွယ်ခေါင်နဲ့ မနဲ့က မဆုံဖြစ်လိုက်တဲ့ ရည်းစားဟောင်းတွေဆိုတာတော့သိတယ်၊ ကိုအံ့ဖွယ်ခေါင်က မကို စပစ်သွားတယ်ဆိုတာလည်းသိတယ်၊ နောက် မ အိမ်ထောင်ကျသွားပြီး အပြီးအပိုင်ဝေးသွားကြတယ်ဆိုတာလည်း သိတယ်၊ ဒါပေမယ့် မတို့ ဘာလို့ကွဲသွားကြတာလဲဆိုတာ မသိဘူး၊ အဲဒါကို အရမ်းစိတ်ဝင်စားသိချင်တယ်၊ မ,ပြောပြလို့ရမလားဟင်"

ကိုယ်နှင့်အနီးဆုံး ဆွေမျိုးရင်းချာလေးတွေလိုလည်း ဖြစ်ကာ ညီအစ်မလို သံယောဇဉ်ထား ရင်းနှီးခင်တွယ်ရသူလေးတွေမို့ သူတို့လေးတွေကို ကိုယ့်အကြောင်းသိတန်သလောက်သိထားစေခဲ့သည်။

သူမထံမှာရှိသော ခေါင့်အယ်လ်ဘမ်ထဲမှ ဓါတ်ပုံ





တွေဖြင့် ခေါင့်ကို သူတို့ရင်းနှီးထားကြပြီဖြစ်သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ရသူ သူတို့မမ နံ့ဘေးမှာ ပိုးသူပန်းသူတွေနှင့် ဝိုင်းဝိုင်းလည်နေသည့်ကြားမှ ကျားဆိုလျှင် လေသံတောင်မကြားချင်သော်လည်း ငယ်ချစ်ဟောင်း ခေါင့်ကိုတော့ဖြင့် မမေ့ရက်နိုင်စွာ တ,သစွဲလန်းမြဲဖြစ်တာကိုလည်း သူတို့သိထားကြပြီးဖြစ်ပါသည်။

"ကိုခေါင်နဲ့မ မတွေ့ဖြစ်တာ ဘယ်လောက်ကြာပြီလဲဟင်"

ကြည်ပြာက တိုးတိုးညင်ညင် မေးလာခြင်းဖြစ်သည်။

သူမက ခပ်ငွေ့ငွေ့လေး စဉ်းစားလိုက်ကာ ...

"အင်း ... မေမေမဆုံးခင်ပဲ သူထွက်သွားတာဆိုတော့ ငါးနှစ်ကျော်လောက်ရှိသွားပြီပေါ့"

"ကြာပြီပဲနော်၊ ခုရော ကိုခေါင်က အိမ်ထောင်မကျသေးဘူးလားဟင်၊ ချစ်သူရောရှိနေပြီလား"

"မကျသေးဘူး၊ ချစ်သူလည်း မရှိသေးဘူးပြောတာပဲ"

"ဒါဆို ... မနဲ့ကိုခေါင် ပြန်ပေါင်းထုတ်လို့ရ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော်၊ မကလည်း ကိုခေါင့်ကို သံယောဇဉ်ရှိတုန်းပဲမဟုတ်လား၊ ကိုခေါင်ကလည်း မအပေါ် သံယောဇဉ်မပြတ်နိုင်ပုံပါပဲ၊ ကြည့်တဲ့အကြည့်လေးတွေကိုက တစ်မျိုး၊ မနက်က မတို့နှစ်ယောက်ကို ရေထဲမှာကြည့်ရတာ တကယ့်ချစ်သူတွေလိုပဲ၊ အရမ်းကြည့်လို့ကောင်းတာပဲ"

"ဟုတ်တယ်၊ ပေါက်တို့က မတို့နှစ်ယောက်ကို သဘောတူနေကြတာ၊ ဟီဟိ"

သူမက အသာအယာပြုံးမိပါသည်။ လှုပ်ခတ်ကြည်နူးမှုတွေမပါသော တည်ငြိမ်ရင့်ကျက်သည့်အပြုံးဖြစ်သည်။

"မဖြစ်နိုင်တော့ပါဘူး ညီမတို့ရယ်၊ ခေါင်နဲ့မမျှော်လင့်ဘဲ ပြန်ဆုံရလို့ ဝမ်းသာတာတော့ အမှန်ပါပဲ၊ ဒီတစ်သက် ပြန်မဆုံနိုင်တော့ဘူးလို့ ထင်ထားခဲ့တာမဟုတ်လား၊ ဒါပေမယ့်"

"ဒါပေမယ့် ... ဘာဖြစ်လဲ၊ မ,က အပျိုမဟုတ်တော့ဘူး၊ ခေါင်နဲ့မတန်တော့ပါဘူးလို့ ပြောမလို့မဟုတ်လား၊ မကအပျိုမဟုတ်တော့ပေမယ့် အပျိုရုံးအောင်လှနေပြီးသားပဲ၊ ပြီးတော့ မက အောင်မြင်နေတဲ့ လုပ်ငန်းရှင်တစ်ယောက်၊





မရဲ့အလှအပနဲ့ အောင်မြင်မှုအရှိန်အဝါတွေက မရဲ့အားနည်းချက်ကို ဖုံးလွှမ်းထားပေးနိုင်ပါတယ်၊ မ ပတ်ဝန်းကျင်မှာ မကို လိုချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတာသာကြည့်"

စန္ဒာက သူ့ပုံစံအတိုင်း ဒိုးဒိုးဒေါက်ဒေါက်ထောက်ပြပြောချလိုက်ပါသည်။ ကျန်သည့်နှစ်ယောက်ကလည်း သူတို့ခေါင်းဆောင်စကားကို ထောက်ခံသည့် မျက်နှာပေးလေးတွေနှင့်ရှိကြသည်။

"ဒါပေမယ့် ... နင်တို့လေးတွေသိထားဖို့က မ,ဟာ ဘယ်သူနဲ့ပဲတန်တန် ခေါင်နဲ့တော့ ဘယ်တော့မှ မထိုက်တန်တော့ဘူးဆိုတာပဲ"

"ဟင် ... မ,ကလည်း ပိုတောင်မှထိုက်တန်ရဦးမယ်၊ သူနဲ့မနဲ့က ချစ်သူတွေလေ၊ ပိုပြီးတောင် ခွင့်လွှတ်ကြည်ဖြူနိုင်ရဦးမယ်"

"သူ့အနေနဲ့ပြောတာ မဟုတ်ပါဘူး၊ ငါခံယူထားတာကို ငါပြောတာ၊ ငါ သူ့ကို ဘယ်တော့မှ မပိုင်ဆိုင်ရက်တော့ပါဘူးဟယ်၊ ဒါကြောင့်လည်း သူ့ကို ငါ အဆက်အသွယ်ဖြတ်ထားခဲ့တာ"

"မ,နဲ့ ခေါင် အရင်တုန်းက အဆက်အသွယ်ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်နော်''

''ဟုတ်တယ်၊ သူနိုင်ငံခြားထွက်သွားတဲ့အချိန်မှာ ငါက မုဆိုးမ အသစ်ကြပ်ချွတ်လေးဘဝနဲ့ ကျန်ခဲ့တာ၊ အဲဒါကို သူစိတ်မကောင်းဘူး၊ တနုံ့နုံ့နဲ့ နောက်ဆံတင်းနေတာ ငါသိတယ်၊ သူ့အပြစ်မကင်းဘူးလို့ သူခံယူနေတာလေ၊ ငါ့ဆီ စာအမြဲရေးတယ်၊ မ,ကို အမြဲပျော်နေစေချင်တယ်၊ သူ တတ်နိုင်သမျှ သူဖေးမနေတာ မ,သိတယ်၊ မ,ကလည်း အဲဒီအချိန်မှာ ရေနစ်နေတဲ့သူဆိုတော့ ကောက်ရိုးတစ်မျှင်လို ခေါင့်ကို ဆုပ်တွယ်ထားခဲ့မိတယ်၊ သံယောဇဉ်ရှိရင်းစွဲဆိုတော့ တဖြည်းဖြည်းနဲ့ နှလုံးသားချင်း ပြန်နီးကပ်လာခဲ့ကြတာပေါ့၊ ဒီမှာပဲ မ အသိတရားဝင်လာပြီး ခေါင့်ကို အဆက်အသွယ် ဖြတ်ပစ်ခဲ့တာ''

''ကြည်ပြာတို့ ဖတ်ရပါတယ်၊ အရင်က မ ကိုခေါင့်ကိုသတိရကိုင်း ထုတ်ထုတ်ပြတဲ့ကိုခေါင့်စာတွေ၊ ခေါ်ပုံကိုက ခရမ်းပြာလေးတဲ့၊ ကိုခေါင့်စာတွေ ဖတ်ရတာ မ,မပြောနဲ့ ကြည်ပြာတို့တောင် ခံစားရတယ်၊ သူ့ရင်ထဲမှာ မ,ကို သံယောဇဉ်မပြတ်နိုင်တာ အသိသာကြီး၊ ဖွင့်မပြောတာပဲ ရှိတယ်၊ ဘာဖြစ်လို့ အဆက်အသွယ်ဖြတ်လိုက်ရတာလဲ မ





ရယ်''

''ဩော် ... မသင့်တော်ဘူးလေကွာ၊ အားနည်းချက်ရှိသွားတဲ့ မိန်းမတစ်ယောက်ဆိုတာ သူများတွေထက် ပိုစောင့်စည်းထိန်းသိမ်းရတယ်၊ ဘယ်လိုပဲနားလည်မှုရှိကြတဲ့ ရည်းစားဟောင်းတွေဆိုပေမယ့် ခေါင့်ဘက်က အထင်သေးသွားမှာကို မလိုချင်ဘူး၊ ရေလာမြောင်းပေး အညှာလွယ်တယ်လို့ ထင်မှာစိုးတယ်၊ အရင်က သံယောဇဉ်အားကိုးနဲ့ သူ့အပေါ် မျှော်ကိုးတယ်လို့ လုံးဝအထင်မခံနိုင်ဘူး၊ မ ခံစားချက်က ရှင်းတယ်၊ မ,ဘဝမှာ သံယောဇဉ်အရှိဆုံးလူက အံ့ဖွယ်ခေါင်ပဲ၊ ဒါပေမယ့် မနဲ့တစ်သက်လုံး မဆုံစည်းနိုင်မယ့်လူကလည်း ခေါင်ပဲ၊ ဒါ ခေါင်နဲ့ပတ်သက်တဲ့ မရဲ့တစ်သက်စာခံယူချက်ပဲ၊ ဘယ်တော့မှ ဘာကြောင့်မှ မပြောင်းလဲဘူး''

ဝွဲမြဲပြင်းထန်သည့် အယူအဆတစ်ခုကို ပြောပြရတာမို့ လေသံက ပြတ်သားမာကျောနေပါသည်။

သုံးယောက်သား အတန်ကြာအောင် အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်ငြိမ်သက်နေကြလေသည်။ ခဏကြာမှ စန္ဒာက ...

''ဂဲပါ ...ပြောရင်းက လိုရင်းတောင် ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ မ ပြောပြမှာလားဟင်၊ ကိုခေါင်နဲ့မ ဘာဖြစ်လို့ ကွဲသွားကြတယ်ဆိုတာ"

သူမက အသာအယာခေါင်းညိတ်ပြလိုက်သောအခါ သုံးယောက်သား စိတ်ဝင်စားမှုဖြင့် တောက်ပြောင်သော မျက်လုံးလေးတွေဖြင့် သူမအနားမှာ အကျအနနေရာယူလိုက်ကြပါသည်။

×××



ဘိုဘို့ပြဿနာဖြစ်ပြီးနောက်ပိုင်းမှာ ခေါင် အလာကျဲသွားခဲ့ပါသည်။ ခေါင်ကတော့ စာမေးပွဲနီးလာပြီမို့ အတန်းမှန်မှန်တက်နေရ၍ဟု အကြောင်းပြခဲ့သည်။

ထိုအတိုင်းပင် သူမကလည်း ယုံကြည်ဖို့ကြိုးစားခဲ့ပါသည်။

သို့သော်လည်း သူမဆီရောက်လာသောအခါ ခေါင်သည် အရင်တုန်းကခေါင် မဟုတ်တော့တာတော့ လက်မခံချင်လို့ မရနိုင်တော့ချေ။

ခေါင် အများကြီး နှုတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ သူမကို နံဘေးမှာထားပြီး ခေါင်သည် တွေဝေငေးမောနေသည်ကများ၏။



www.burmeseclassic.com

www.burmeseclassic.com



“ခေါင် …ပြော့ကို အချစ်လျော့လာပြီလားဟင်”

ဟု မေးကြည့်ချင်ပေမယ့် ခေါင် ခေါင်းညိတ်လိုက်မှာစိုးတာမို့ သူမ မမေးဖြစ်ခဲ့ပါ။

သူမမှာ ပိုးပန်းသူတွေများတာ၊ သူမ၏ရည်းစားဦးမဖြစ်ခဲ့တာ တစ်ခုတည်းနှင့်တော့ ခေါင် သူမကို စွန့်ပစ်သွားလိမ့်မည်ဟု သူမ ဘယ်တုန်းကမှ မယုံကြည်ခဲ့ပါချေ။

သည်နောက်ပိုင်းမှာတော့ နွေရာသီကျောင်းပိတ်ရက်များ ရောက်လာခဲ့သည်။ ခေါင်နှင့်သူမကို ပိုမိုဝေးကွာစေသည့် အပူရောင်နေ့ရက်များပင်ဖြစ်သည်။

ကျောင်းပိတ်ထားတာမို့ သူမနှင့်ခေါင် မတွေ့ရတော့ပါ။ သူမထံမှာ ဖုန်းမရှိတာမို့လည်း ခေါင့်ကိုသတိရတိုင်း ဆက်သွယ်ခွင့်မရချေ။

လမ်းထိပ်စတိုးဆိုင်လေးမှ ဖုန်းထွက်ဆက်မိသည့်အခါများမှာလည်း ခေါင်နှင့် တွေ့ချင်သည့်အခါမှတွေ့၏။ တွေ့ပြန်တော့လည်း ခေါင့်အသံနားထောင်ရသည်မှာ အားမရဖွယ်။ အေးတိအေးစက်။

တစ်ခါတစ်ရံတော့လည်း သူမအိမ်ရှေ့ကို ခေါင် လာတတ်သည်။ ဟွန်းလေးတစ်ချက်တောင်တီးဖော်၊ အရိပ်





အယောင်ပြဖော်မရဘဲ နောက်နေ့တွေ သူမ ဖုန်းဆက်မိတော့မှ သူလာသွားသည့်အကြောင်း သိရတာဖြစ်သည်။

သတိရတမ်းတသည့် ချစ်သူတစ်ယောက်ကို တွေ့ဖို့တော့ မကြိုးစားသည့် ခေါင့်သဘောကို သူမ နားမလည်တတ်အောင်ပဲ ဖြစ်ရသည်။

ချစ်သူအတွက် ရတက်မအေးရသည့် ထိုကာလမှာပဲ သူမ၏အိမ်တွင်းရေးပြဿနာကလည်း ပေါ်ပေါက်လာခဲ့သည်။

သူမတို့ငယ်စဉ်ကပင် အဖေဆုံးပါးခဲ့တာမို့ နောက်အိမ်ထောင်ပြုထားသော မေမေ၏ ကျန်းမာရေးအခြေအနေဖောက်ပြန်ချုံးချွားလာခဲ့ခြင်းပင်။

နှလုံးရောဂါ၏ နောက်ဆုံးအခြေအနေကို သိရှိခံစားနေရသော မေမေက သူမကို အိမ်ထောင်ပြုဖို့ တိုက်တွန်းခဲ့ပါသည်။

သူမရှိသည့်အခါ သူမကို ဖခင်အရင်းမဟုတ်သော ပထွေးဖြစ်သူနှင့် အတူထားခဲ့ဖို့ မသင့်တော်ဟု အမေတွေးသလို သူမအောက်ရှိ မောင်နှမနှစ်ယောက်၏ ရှေ့ရေးအတွက်ကိုလည်း သူမမှ တာဝန်ယူနိုင်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို လက်ထပ်စေချင်သူက ဖေဖေရှိစဉ်က ဖေဖေ့လက်အောက်မှ အရာရှိငယ်လေးတစ်ယောက်ဖြစ်သည်။ ရိုးသားကြိုးစားကာ အကျင့်စာရိတ္တကောင်းမွန်ပြီး သူမတို့ မိသားစုကိုလည်း သံယောဇဉ်ဖြင့် ခင်မင်ရင်းစွဲရှိသူတစ်ဦး ဖြစ်သည်။

သူမထက် ဆယ်နှစ်ခန့်ပင် အသက်ကြီးနိုင်ကာ သူမကို မြတ်နိုးစုံမက်နေသူတစ်ဦးလည်း ဖြစ်ပါ၏။

ကိုစောဦးမှာ မိဘမဲ့တစ်ဦးဖြစ်ပြီး အတန်အသင့် ငွေကြေးဥစ္စာ ပြည့်စုံတောင့်တင်းသူဖြစ်၏။

မေမေ့ဆန္ဒကို မငြင်းရက်သော်လည်း ခေါင်းညိတ် လက်ခံလိုက်ဖို့လည်း မဖြစ်နိုင်ပါချေ။

သူမမှာ ချစ်ရလွန်းသော ခေါင်ရှိနေသည်မဟုတ် လား။

"ပြာ့မှာ ချစ်သူရှိနေပါတယ် မေမေ"

ရဲဝံ့စွာပင် မေမေ့ကို ဖွင့်ဟဝန်ခံခဲ့မိသည်။

"အဲဒီချစ်သူက သမီးကို အခုလက်ထပ်နိုင်မလား၊ လက်ထပ်ပြီးတဲ့နောက် မောင်လေးနဲ့ ညီမလေးတာဝန်ကိုရော တစ်ပြိုင်တည်းယူနိုင်မှာလား၊ ယူနိုင်တယ်ထားဦး မောင်စော





ဦးလောက်တော့ မေမေ စိတ်မချနိုင်မှာအမှန်ပဲ၊ ချစ်တာနဲ့ လက်ထပ်တာဟာ တစ်ခြားစီပါပဲခရမ်းပြာ၊ အချစ်ဆိုတာ နှလုံးသားကိစ္စ၊ လက်ထပ်ခြင်းဆိုတာ ဘဝပြဿနာပါ၊ မေမေ မျက်စိမမှိတ်ခင် သမီးတို့မောင်နှမသုံးယောက်ကို စိတ်ချသွား ပါရစေ"

"မေမေလည်း ဘာမှမဖြစ်နိုင်ပါဘူးမေမေရယ်၊ သမီး သမီးချစ်သူနဲ့ လက်ထပ်ပါရစေနော်၊ သမီးကျောင်းပြီး တာနဲ့ အလုပ်လုပ်ပြီး မောင်လေး ညီမလေးတွေကို ကြည့်ပါ့ မယ်၊ တစ်သက်လုံးလည်း စောင့်ရှောက်သွားပါ့မယ်လို့ ကတိ ပေးပါတယ်၊ သမီး ကိုစောဦးနဲ့တော့ လက်မထပ်ပါရစေ နဲ့နော်"

ခေါင်နှင့် မဝေးလိုစိတ်ဖြင့် မေမေ့ထံမှာ အသနားခံ တောင်းပန် ကိုးလျှိုးမိသည်။

ချစ်သူအတွက် သောက၊ မိခင်အတွက်သောက၊ မောင်နှမသုံးယောက်၏ ဘဝရှေ့ရေးအတွက် သောကများ နှင့် ရှုးမဂေတ်ရတက်ပွေခဲ့ရသော ရက်များ၏အဝေးမှာ ခေါင် ကတော့ အေးစက်စိမ်းကားနေရက်ခဲ့သည်။

ဖုန်းဆက်တိုင်းလည်း ခေါင်နှင့်မတွေ့။ ပပပပပ



www.burmeseclassic.com

www.burmeseclassic.com



မဝံ့မရဲစိတ်နှင့် နာမည်မှာမထားခဲ့ဖြစ်။ မတတ်နိုင်သည့်အဆုံး 'ခရမ်းပြာ'ဆက်ပါသည်၊ ဘယ်အချိန်ပြန်ဆက်မည်၊ စောင့်နေပါဟု မှာထားခဲ့သောအခါမှာလည်း ခေါင်နှင့်မတွေ့ရပြန်။

ခေါင် ကိုယ့်ကို တမင်ရှောင်နေပြီလားဟူသော အတွေးကို မဝံ့မရဲတွေးမိစပြုလာသော်လည်း ထိုအသိကို လက်ခံဖို့တော့ သတ္တိမရှိပြန်။

မှောင်ရီရီတစ်ညနေမှာတော့ ခေါင့်ကို ဖုန်းထဲမှာ ရှောင်တခင်ဖမ်းမိသည်။

ချစ်သူအသံကို ကြားရသော်လည်း ခေါင့်အသံက အားရဖွယ်မရှိ၊ နွမ်းဖတ်ဖတ်၊ ပျော့တော့တော့။

"ခေါင်နဲ့တွေ့ချင်တယ်၊ ခေါင်နဲ့တွေ့မှဖြစ်မယ်၊ သိပ်အရေးကြီးတယ်ခေါင်၊ ပြာ့ကိုလာတွေ့ပါ"

သူမအသံကို နားထောင်ပြီး တစ်ခုခုပြဿနာကြုံနေပြီမှန်း သိနိုင်သော်လည်း ခေါင်က သွေးပူလှုပ်ရှားမလာ။

ပြာ တစ်ခုခုဖြစ်နေလားဟုပင် မမေး။ ဝမ်းနည်းလှသော်လည်း အံကြိတ်ကာ မျက်ရည်ထိန်းခဲ့ရသည်။

ဆိုင်ဖုန်းမို့လည်း ဖုန်းထဲမှာပြောမပြချင်။ ပိုဆိုးသည်က တုံ့ပြန်လာသော ခေါင့်စကားသံဖြစ်သည်။





"ခေါင် အလုပ်တွေရှုပ်နေတယ်၊ လာတွေ့နိုင်ဦးမှာ မဟုတ်ဘူး"

ကိုယ် ဖုန်းခေါ်မိသူသည် ခေါင်မဟုတ်ပါလေစဟု သံသယဖြစ်မိရသည်။ ခေါင် တစ်ခုခုပြောင်းလဲနေပြီဆိုတာ တော့ သေချာလှပါပြီ။

"မရဘူးခေါင်၊ ခေါင်နဲ့တွေ့ရမှဖြစ်မယ်၊ ခေါင်လာ မတွေ့ရင် ပြာ လာတွေ့ရလိမ့်မယ်၊ မနက်ဖြန်မနက် ဆယ်နာရီ အင်လျားကန်ဘောင်ပေါ်က ထိုင်နေကျနေရာမှာ စောင့်နေမယ်"

ပြောပြီးပြီးချင်း ဖုန်းချပစ်လိုက်မိသည်။ အိမ်ကိုပြန်လာခဲ့သော ခြေလှမ်းတွေမှာ အင်အားမရှိ။ အိမ်ရောက်သည်နှင့် အိပ်ရာထဲပစ်လှဲကာ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။

ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကလည်း ဥပေက္ခာပြုရက်ခဲ့ပြန်ပြီမဟုတ်လား။

သို့သော်လည်း သူမ ရင်ဆိုင်နေရသော အခြေအနေမှန်ကို သိရလျှင်တော့ ခေါင် အေးစက်နိုင်မှာမဟုတ်ပါဟု မျှော်လင့်ချက်လေး ထားမိပြန်သည်။

ခေါင် သူမကို သိပ်ချစ်ခဲ့တာပဲ။ တကယ်တ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို လက်လွှတ်ဆုံးရှုံးခံနိုင်မှာ မဟုတ်ပါဘူးလေ။

တစ်ညလုံး သူမ အိပ်မပျော်နိုင်။ ပူလောင်သောအာရုံတွေနှင့် မိုးစင်စင်လင်းခဲ့ရသည်။ ခေါင်နှင့် ချိန်းထားသောနေရာသို့ အစောကြီးရောက်နေမိသည်။ သည်လိုပဲ ခေါင့်အလာကို မျှော်ခဲ့ရသောကာလတွေသည် သူမအတွက် အဓိပ္ပာယ်ရှိခဲ့မြဲမဟုတ်လား။

ဆယ်နာရီခွဲလောက်မှာမှ အင်းယားကန်ဘောင်အတိုင်း ခပ်လေးလေးလျှောက်လာသော ခေါင့်ကို တွေ့ရသည်။

ခါတိုင်းလို သူမရှိရာသို့ အလျင်စလိုရောက်လာတတ်သော နှင်းမှုန်တွေကြားက ခေါင့်ကို သတိရမိသည်။

သူမကို လှမ်းပြုံးပြသော ခေါင့်အပြုံးက ခပ်ယဲ့ယဲ့။ မျက်နှာပေါ် အမြဲရှင်းလင်းသန့်စင်နေတတ်သော မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ထိုးထိုးထောင်ထောင်နှင့် ခေါင့်အသွင်က မသပ်မယပ်လည်းဖြစ်နေခဲ့သည်။

သို့သော် သူ့ဖေးဖရိတ်အင်္ကျီအဖြူနှင့် လွယ်အိတ်အဖြူလေးကိုတော့ ဝတ်ဆင်စမြဲ။ ခေါင်၏ ဖေးဖရိတ်အရောင်က အဖြူရောင်သန့်သန့်ဖြစ်လေသည်။





သူ့အခန်းမှ အိပ်ယာခင်း၊ ခန်းဆီး၊ မျက်နှာသုတ်ပဝါ စသည့်အသုံးအဆောင်တွေသည် အဖြူရောင်တွေချည်းဖြစ်သည်ဟု ခေါင် ပြောဖူးသည်။

အခန်းနံရံကိုလည်း အဖြူရောင်ကိုသာ သုတ်ထားသတဲ့။ သူမတို့နှစ်ယောက် လက်ထပ်ပြီး၍ အတူနေကြသောအခါ အိမ်ကို ခေါင်က အဖြူရောင်သုတ်မည်တဲ့။

ပင်လယ်ကမ်းခြေ ကုန်းမြင့်မြင့်ပေါ်မှာ သစ်သားနှင့် မှန်ချပ်ကြီးတွေချည်းဖြင့်သာ ဆောက်သော ဖွေးဖွေးဆွတ်နေသည့် တစ်ထပ်အိမ်လေးတစ်လုံးမှာ မှန်ချပ်ပြည့်ချထားသော ဖြူလွလွခန်းဆီးရှည်ကြီးတွေက ခန်းလုံးပြည့်ရှိရမည်။

ထိုအလယ်မှ သူမတို့၏ နှစ်ယောက်အိပ်ကုတင်ကြီးကလည်း အဖြူရောင်။ သူမကို ဝတ်ဆင်ပေးထားမည့် ဂါဝန်ကလည်း အဖြူရောင်။ အိမ်တွင်း အသုံးအဆောင်တွေကလည်း အားလုံးအဖြူ။

အိမ်လုံးအနှံ့ သင်းပျံ့နေမည့် နှင်းဆီဖြူတွေကလည်း အဖြူရောင်ကြွေပန်းအိုးထဲမှာ ဝေဆာတောက်ကြွားလို့။

တစ်ချိန်က ခေါင့် အိပ်မက်ထဲမှ အဖြူရောင်အိမ်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်လုံးကို ခေါင်ကတော့မသိ၊ သူမကတော့ အမြဲသတိရ အိပ်မက်နေခဲ့သည်။

ခေါင်က အနားမှာဝင်ထိုင်သည်။ အရင်ကလို ကြာလေမတိုးနိုင်အောင်မဟုတ်။ ခပ်ခွာခွာဖြစ်သည်။

သူမ ရင်နင့်လှသည်။ ရုတ်တရက်စကားမဆိုဖြစ်ဘဲ မျက်ရည်ရစ်ဝဲသော မျက်လုံးများဖြင့် စိုက်ကြည့်နေမိစဉ် ခေါင်က စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်ရင်း သူမဘက်သို့ ငဲ့ကြည့်လာကာ …

“ပြောစရာရှိတယ်ဆို၊ ပြောလေ ခေါင် အချိန်သိပ်မရဘူး”

သူမ ငိုချပစ်လိုက်ချင်သည်။ သို့သော်လည်း ငို၍မရ။ ရင်ထဲမှာ တင်းကြပ်ဆို့နင့်နေသည်။

ပြောင်းလဲသွားလိုက်တာ။ ခါတိုင်းဆို မခွဲနိုင်မခွာရက်စွာ သူမလက်ဖဝါးကို မလွှတ်တမ်းဆုပ်ကိုင်ထားခဲ့သူကလေ။

“ခေါင် … ပြာ့ကို ရှောင်နေတာလားဟင်၊ ခေါင်ဘာကြောင့်ပြောင်းလဲသွားတာလဲ၊ ခေါင့်ကို ခေါင်နဲ့မတူလောက်အောင် ပြောင်းလဲသွားစေတဲ့အကြောင်းက ဘာလဲ၊





ပြာ သိပါရစေ”

ရုတ်တရက်ခဏမှာတော့ ခေါင့်မျက်နှာမှာ ဝေဒနာအရိပ်တွေ ထင်ဟပ်သွားသလိုရှိသည်။ သို့သော် ချက်ချင်းပင် ခေါင်က ပြုံးပြင်လိုက်ကာ …

“ခေါင် ဘာမှမဖြစ်ပါဘူး၊ ခေါင် တကယ်မအားတာပါ၊ သင်တန်းတွေတက်နေရတယ်၊ တခြားအလုပ်ကိစ္စတွေလည်း ရှိနေတယ်၊ ဒါကြောင့်ပါ၊ အိမ်ကာပ်ရတယ်ကိုမရှိဘူး”

သူမ မယုံပါ။ ခေါင် လိမ်ညာနေခြင်းဖြစ်ကြောင်း ခေါင့်မျက်ဝန်းတွေက သက်သေထူနေကြသည်။ သူမမျက်နှာပေါ်မှ ဖယ်ခွာသွားသည်နှင့် မျက်ဝန်းတွေသည် အလိမ်အညာမှိုင်းတွေနှင့် ဝေထုံထိုင်း၍နေပါသည်။

သူမက နှုတ်ခမ်းတင်းတင်းစေ့ကာ မျက်ရည်ကို ထိန်းလိုက်သည်။ သူလိမ်ညာနေသမျှ ကိုယ် ယုံကြည်နေချင်သေးပါသည်။

“ဒီရက်တွေမှာ ပြာ ဘာတွေဖြစ်နေတယ်ဆိုတာ သိရဲ့လား”

ခေါင်က အသာအယာငဲ့ကြည့်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်နေလို့လဲ"

ဟု မေးသည်။

"မေမေ့နှလုံးရောဂါအခြေအနေက မကောင်းဘူး၊ မေမေက ပြာ့ကို သူ့သဘောကျတဲ့လူတစ်ယောက်နဲ့ အိမ်ထောင်ချပေးတော့မယ်၊ ပြာတို့မောင်နှမတွေကို သူ စိတ်ချသွားချင်လို့တဲ့၊ အဲဒါ ဘယ်လိုလုပ်ရမလဲဟင်"

ခေါင့်မျက်နှာပေါ်မှ ပြောင်းလဲတုန်လှုပ်မှုကို မျှော်လင့်ရှာဖွေမိသော်လည်း ခေါင်က ငြိမ်သက်သော မျက်နှာပေါ်မှ မျက်လုံးသေများကို အင်းလျားကန်ထဲ၌ နစ်မြုပ်ထားလိုက်သည်။

"ပြောလေ ခေါင်၊ ပြာ ဘာလုပ်ရမလဲ"

ခေါင် ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ အတော်ကြာမှ ...

"လက်ခံလိုက်ပေါ့ ပြာ၊ မိဘစကားနားထောင်လိုက်ပါ"

ခေါင့်အသံက တုန်ခါနေသည်ဟုထင်ရသော်လည်း ခေါင့်စကားအတွက်တော့ သူမက အကြီးအကျယ်တုန်လှုပ်သွားမိသည်။





တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းကို သွားဖြင့်ကိုက်ထိန်းရင်း မျက်ရည်စက်များ ပိုးပိုးပေါက်ပေါက်ကျလျက်က ခေါင့်ကို နာနာကြည်းကြည်း စိုက်ကြည့်နေမိချိန်မှာ ခေါင်ကတော့ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေခဲ့သည်။

"ဒါ ... ခေါင့်ရင်ထဲက သဘောထားအမှန်ပဲပေါ့နော်၊ ပြာတို့နှစ်ယောက်အတွက် ခေါင့်အဆုံးအဖြတ်ပဲပေါ့"

ခေါင်က ခပ်ဖြည်းဖြည်း ခေါင်းညိတ်သည်။ သူမ ဘယ်လိုမှ မချုပ်တည်းနိုင်တော့ဘဲ လက်ဝါးနှစ်ဖက်ထဲ မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိတော့သည်။

ခေါင်က သူမကို တိတ်ဆိတ်စွာ စောင့်ကြည့်နေခဲ့သည်။

"ခေါင် ... ပြာ့ကိုမချစ်တော့ဘူးလားဟင်၊ ဘာဖြစ်လို့ ဒီလိုဖြစ်သွားရတာလဲ၊ ပြာ ... ပြာ မယုံနိုင်ဘူး"

ခေါင်က သူမမျက်နှာပေါ်မှ အကြည့်ကို မကြည့်ရက်သလို မျက်နှာလွှဲသွားကာ ...

"ခရမ်းပြာကို ခေါင် ချစ်ပါတယ်၊ ဒါပေမယ့် လက်ထပ်ဖို့တော့ မဝံ့ရဲတာအမှန်ပဲ၊ ခေါင့်ကို ခွင့်လွှတ်ပါ ခရမ်းပြာ၊ ခရမ်းပြာ ပျော်ရွှင်ပါစေလို့ ဆုတောင်းပေးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

တကယ့်အဖြစ်အပျက်တစ်ခုကို ရင်ဆိုင်နေရခြင်းဟု လက်ခံနှလုံးသွင်းနိုင်ဖို့ ကြိုးစားအားထုတ်ရစဉ် ကောင်းကင်တစ်ခုလုံး ပြိုကျကြွေဆင်းလာသလို ခံစားလိုက်ရသည်။

ဘယ်လိုပဲ မမျှော်လင့်ရဲရဲ မျှော်သီထားခဲ့သော်လည်း တကယ်တမ်း ချစ်သူက စွန့်ပစ်ပြီဆိုတာ သေချာသောအခါ ရပ်တည်စရာမရှိအောင် တုန်လှုပ်ချောက်ချားရသည်။

''ဟင့်အင်း … မခွဲပါရစေနဲ့ ခေါင်ရယ်၊ ပြာခေါင်နဲ့ မဝေးချင်ဘူး၊ ခေါင်ကလွဲလို့လည်း ပြာ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး၊ ခေါင့်ကိုပဲချစ်တယ်၊ ပြာတို့ လက်ထပ်ကြရအောင်နော်၊ နော် … ခေါင်၊ ပြာ့ကို ကယ်ပါဦး ခေါင်ရယ်၊ ပြာ မချစ်မနှစ်သက်တဲ့လူကို လက်မထပ်ပါရစေနဲ့၊ ပြာ တောင်းပန်ပါတယ်''

ခေါင့်လက်မောင်းမှာ မျက်နှာအပ်ငိုကြွေးရင်း အထပ်ထပ်တောင်းပန်တိုးလျှိုးမိသည်။ ခေါင်က သူမ ဆံနွယ်လေးများကို အသာအယာ ကိုင်တွယ်ပွတ်သပ်ပေးကာ သူမကို အငိုတိတ် သွေးခဲတောင့်တင်းသွားစေသော စကားတစ်ခွန်းကို ဆိုခဲ့ပါသည်။





''ခေါင် နိုင်ငံခြားထွက်တော့ဖို့ အားလုံးစီစဉ်ထားပြီးသွားပြီ ပြာ၊ နောက်တစ်ပတ်လောက်ဆိုရင်ပဲ ခေါင် သွားရတော့မှာ''

သူမ တအံ့တသြ ခေါင့်ကို မော်ကြည့်မိခဲ့ပါသည်။ ကြည့်စမ်းပါဦးကွယ်။ နောက်တစ်ပတ်အကြာမှာ နိုင်ငံရပ်ခြားကို ထွက်ခွာသွားတော့မည်။ ချစ်သူက သူမကို ဒီအချိန်ထိအောင် အသိမပေး အကြောင်းမကြားခဲ့သေးဘူးတဲ့။

''ပြာသာ မဆက်သွယ်ခဲ့မိရင် ပြာ့ကိုတောင် အသိမပေး နှုတ်မဆက်ဘဲ ခေါင် ထွက်သွားတော့မှာပေါ့နော်''

ခေါင်မဖြေပါ။ တိတ်တိတ်နေခြင်းသည် ဝန်ခံခြင်းသာ ဖြစ်ပါသည်ပဲ။

လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ အထူးသဖြင့် ခေါင့်ရင်ထဲမှ သူမနှင့်ပတ်သက်သော သဘောထားတွေ ဘယ်လိုများ ပြောင်းလဲကုန်ကြပြီလဲကွယ်။

''ပြာ သိပ်အံ့သြတယ်၊ ယုံကို မယုံနိုင်ဘူး၊ ခေါင် ဘာကြောင့် ဒီလောက် ပြောင်းလဲသွားရတာလဲ၊ ပြာ ဘာအမှားတွေလုပ်ခဲ့မိလို့လဲဟင်''

''ပြာ ဘာမှမမှားပါဘူး၊ မှားတာက ခေါင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီဟာ သတ္တိမရှိတဲ့ လူပျော့လူညံ့တစ်ယောက်ပါ၊ ခေါင့်ကို မုန်းလိုက်ပါ၊ မေ့လိုက်ပါတော့၊ ခရမ်းပြာပေးတဲ့အပြစ်ကို ယူဖို့ ခေါင် ဒီနေရာကိုလာခဲ့တာပါ"

ခေါင့်ကို စူးစူးရဲရဲစိုက်ကြည့်ရင်း သူမ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေခဲ့ပါသည်။

"ပြာ ဘာလုပ်ချင်လဲ၊ ခေါင့်ကို ရိုက်ပစ်ချင်လား၊ ရိုက်လိုက်လေ"

ခေါင်က သူမလက်ကိုဆွဲယူပြီး သူ့ပါးပြင်ဆီ ထိကပ်ပေးသည်။

သူမ မလုပ်ရက်နိုင်ပါ။ ရင်တစ်ခုလုံး နာကျင်ကြေမွနေသော်လည်း ခေါင့်ကို နာကြည်းမုန်းတီး၍မှ မရနိုင်သေးဘဲ။

ထို့နောက်တော့ မရိုက်ရက်သော ချစ်သူ၏ပါးပြင်ကို နောက်ဆုံးအနေဖြင့် နှုတ်ဆက်အနမ်းလေး ပေးဖြစ်သေးသည်။

×××



"ဟင်...မ,ရယ်၊ ဘာဖြစ်လို့များ အဲဒီလောက် ပျော့ညံ့ခဲ့ရတာလဲကွာ၊ ကိုခေါင်ကလည်း မုန်းစရာကောင်းလိုက်တာ၊ သိပ်ရက်စက်တာပဲနော်"

စန္ဒာက မကျေမနပ်ကြီး ရေရွတ်ညည်းတွားလိုက်သလို...

"ဟုတ်ပါ့၊ မ,မို့လို့ အဲဒီနေရာမှာ အဲဒီလိုအညံ့ခံလာခဲ့တာ၊ ကြည်ပြာဆိုရင်တော့လား မှတ်လောက်သားလောက်အောင် တစ်ခုခုတော့ လုပ်ခဲ့မိမှာအမှန်ပဲ၊ ဘယ်လောက်ပဲ ချစ်ချစ်လေ၊ ဒီလောက်နာကြည်းစရာကောင်းတာကို"

"ပြီးတော့ ဘာတွေဆက်ဖြစ်ကြသေးလဲဟင်၊ သူ ပြန်သွားရောလား"



www.burmeseclassic.com

www.burmeseclassic.com



“အင်း…ပြန်သွားတယ်၊ မ,ကို ပြန်ပို့ပေးမယ် ပြောပါတယ်၊ မ,က တစ်ယောက်တည်းနေခဲ့ချင်သေးတာနဲ့ ပြန်ခိုင်းလိုက်တာ၊ မ,လေ အဲဒီတုန်းက မ,မှာ လူမမာသည် အမေသာမရှိရင် အင်းလျားကန်ကြီးထဲ ဆင်းပြီးတောင် သေပစ်လိုက်ချင်တယ်‥သိလား၊ အဲဒီလောက်အထိ မ,စိတ်ဆင်းရဲခဲ့ရတာ၊ မိုးချုပ်တဲ့အထိ မ, အဲဒီမှာထိုင်နေမိခဲ့တာ၊ ခေါင်နဲ့လမ်းခွဲလိုက်ရပြီဆိုတာ အိပ်မက်မဟုတ်ပါလားဆိုတဲ့အသိကို နှလုံးသွင်းနိုင်ဖို့ ထိုင်ကြိုးစားနေရတာ”

ပြောရင်းဖြင့် သူမ မျက်ရည်တွေရစ်ဝဲလာရပါသည်။ ထိုခံစားချက်သည် ပြန်တွေးမိသောအခါတိုင်းမှာ မနေ့တစ်နေ့ကလို ရင်ထဲပူနွေးလှိုက်စားလာရမြဲ။ ဘယ်တော့မှလည်း ရိုးထုံအေးခဲမသွားနိုင်ဟု ယုံကြည်သည်။

“အဲဒီနောက် ဘာတွေဆက်ဖြစ်လဲဟင်၊ မ‥အမေရော၊ ပြီးတော့‥”

သူမက ပင့်သက်လေးရှိုက်လိုက်မိကာ…

“နောက်တော့ အမေ ဆုံးသွားတယ်၊ မ,လည်း ကိုစောဦးနဲ့ လက်ထပ်လိုက်ရတယ်၊ ချစ်သူစွန့်ပစ်ခံရတဲ့ ဝေဒနာ၊ အမေဆုံးပါးရတဲ့သောက၊ မချစ်မနှစ်သက်သူနဲ့





ပေါင်းသင်းရတဲ့ဒုက္ခတွေနဲ့ မ,အရူးအလဲဖြစ်နေချိန်မှာ ခေါင်ကတော့ မ,နဲ့ အဝေးဆုံးကို ရောက်နေပါပြီ၊ ဖြေသာနိုင်စရာရှိတာတစ်ခုက ကိုစောဦးက မ,အပေါ် ကြင်နာရှာပါတယ်၊ မအတွက် ခင်ပွန်းကောင်းတစ်ယောက် ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကြာကြာ မ,ကံမကောင်းလိုက်ပါဘူး၊ ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ပြီး ကိုစောဦး ဆုံးသွားပြန်တယ်၊ မ,အဖြစ်တွေက ပြန်မတွေးရဲစရာပါဘဲ”

“မ,ရယ်…နားထောင်ရတာနဲ့တင်တောင် ကြည်ပြာတို့ ရင်နာလိုက်တာ၊ မ,သိပ်ကံဆိုးခဲ့တာပဲနော်၊ ဒါနဲ့များတောင် ဒီဘဝ ဒီအခြေအနေရောက်အောင် မ,ကိုယ့်ကိုယ်ကို ထိန်းမတ်လာနိုင်ခဲ့သေးတယ်၊ တော်ရုံမိန်းမတစ်ယောက်ဆို ဗုန်းဗုန်းလဲသွားပြီ၊ နောက်အိမ်ထောင်ပြုပြီး ဘဝကို ရေစုန်မျောချင် မျောသွားလောက်ပြီ၊ အခု ကြည်ပြာတို့ မြင်ရတဲ့ မ,ဟာ…ဒီလိုခက်ခဲကြမ်းတမ်းဟဲ့ဘဝကို ဖြတ်သန်းခဲ့ဖူးတယ်ဆိုတာ မယုံစရာဘဲ၊ မ,နဲ့ မရဲ့အတိတ် ယှဉ်တွဲမရနိုင်အောင်ဘဲ”

“ဟုတ်တယ်…မ၊ မ,ကို ကျွန်တော်တို့ အရမ်းချီးကျူးတယ်”



www.burmeseclassic.com

www.burmeseclassic.com



သူမက ယှဲ့ယှဲ့လေးပြုံးနေမိသည်။

"သိပ်လည်း ချီးကျူးမနေနဲ့ဦး၊ မ,လည်း အရှမ်းကို လေလွင့်ပုံလဲသွားခဲ့တာ၊ အသက်အရွယ်နဲ့ လောကဓံက မမျှတော့ လူက ခံနိုင်ရည်မရှိတော့ဘူးလေ၊ အဲဒီအချိန်မှာ ခေါင့်ဆီက စာလေးတစ်စောင် ရောက်လာခဲ့တယ်၊ မရဲ့ အဖြစ်အပျက်တွေကိုသိရလို့ ရေးလိုက်တဲ့စာလေး၊ မ ဘဝအတွက် သိပ်ကို အရေးပါတဲ့စာလေးမို့ မ ခုထိအလွတ်ရနေသေးတယ်၊ မ ရွတ်ပြမယ် သိလား"

×××



ခရမ်းပြာ...

ဝမ်းနည်းကြေကွဲခြင်းများစွာနဲ့ ဒီစာကို ရေးလိုက်ပါတယ်။ ကိုစောဦးရဲ့ နာရေးသတင်းကို သူငယ်ချင်းက ဖုန်းဆက်ပြောလို့ ခေါင် သိရတယ်။ တကယ့်ကိုပဲ တုန်လှုပ်အံ့ဩရပါတယ်။ အရမ်းလည်း စိတ်မကောင်းဖြစ်မိတယ်။

ခရမ်းပြာ သိပ်ဝမ်းနည်း အားငယ်နေမှာပဲနော်။ ဖြစ်နိုင်မယ်ဆိုရင် ခေါင်ကိုယ်တိုင် ခရမ်းပြာအနား ရောက်လာပြီး အားပေးနှစ်သိမ့်လိုက်ချင်ပါတယ်။ ဒါပေမယ့်...။

ဒီစာလေးကပဲ ခေါင့်ကိုယ်စား ခရမ်းပြာကို အားပေးနှစ်သိမ့်နိုင်စွမ်းပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

တစ်လက်စတည်းမှာပဲ ခရမ်းပြာဆီမှာ ခေါင် ဝန်ချတောင်းပန်စရာတွေ ရှိနေသေးတယ်။ အစကတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်သက် တောင်းပန်ခွင့်မကြုံနိုင်တော့ဘူးလို့ ထင်ထားခဲ့တာ။

ခေါင် မှားခဲ့ပါတယ် ခရမ်းပြာ။ ဒါပေမယ့်··မှားပြီလို့ သိလိုက်ရတဲ့အချိန်မှာ အရာရာနောက်ကျသွားခဲ့ပါပြီ။ ခရမ်းပြာလည်း ကိုစောဦးနဲ့ လက်ထပ်လိုက်ပြီဖြစ်သလို ခေါင်ကိုယ်တိုင်ကလည်း ခရမ်းပြာနဲ့ အဝေးဆုံးနေရာမှာ ရောက်နေခဲ့ပါပြီ။

လောကကြီးက သိပ်အံ့သြစရာကောင်းတယ်သိလား။ ခေါင် ဒီမှာ ဘယ်သူနဲ့ ပြန်တွေ့ရတယ်လို့ ခရမ်းပြာ ထင်လဲ။

ခရမ်းပြာနဲ့ပတ်သက်ပြီး ခေါင် သဝန်တိုခဲ့ရတဲ့ ဘိုဘိုနဲ့လေ။ ခေါင်တို့ စကားတွေအများကြီး ပြောဖြစ်ကြတယ်။ အဲဒီမှာ ခရမ်းပြာအပေါ် အထင်လွဲနေသမျှ အရာတွေအားလုံးလည်း ရှင်းသွားတယ်။

ခေါင် ယူကျုံးမရ ဖြစ်ရပါတယ်။ သံသယတစ်ခုနဲ့တင် သတ္တိနည်း သရဲဘောကြောင်သူတစ်ယောက်ရယ်လို့ ကိုယ့်ကိုယ်ကို မုန်းတီးစက်ဆုပ်လို့လည်း မဆုံးပါဘူး။

ခရမ်းပြာဆီ အပြေးလာပြီး တောင်းပန်ချင်ပေမယ့် ကံကြမ္မာက ကိုယ့်ကို ဒဏ်ခတ်လိုက်ပြီလေ။ ဘယ်သူ့ကိုမှ ဖွင့်ပြောဝန်ခံလို့မရတဲ့ နောင်တဝေဒနာတွေနဲ့ ဘဝဟာ





ဒီအတိုင်း အဆုံးသတ်သွားရတော့မယ်လို့ ထင်ထားခဲ့တာ။

ခုတော့ မမျှော်လင့်ဘဲ ခရမ်းပြာဆီ ဖွင့်ပြောခွင့်ရခဲ့တယ်။ ဒါပေမယ့်··သိပ်ကို တရားမမျှတတဲ့ အခြေအနေအခွင့်အရေးတစ်ခု အနေနဲ့ပါ။

စိတ်ဆင်းရဲသောကတွေ ပြေပျောက်သွားစေချင်ပါတယ် ခရမ်းပြာ။ တတ်နိုင်သမျှ ကိုယ့်ကိုယ်ကို စိတ်ချမ်းသာအောင် ပျော်အောင်နေပါ။ ခရမ်းပြာအတွက် ခေါင်တစ်ယောက်လုံး အမြဲတမ်းရှိနေမှာပါ။

ခေါင် မကြာမကြာ စာရေးပါ့မယ်။ ခေါင့်စာတွေလက်ခံမယ့်သူမရှိလို့ စာတိုက်က ပြန်ရောက်မလာဘူးလို့မျှော်လင့်ပါတယ်။ ခေါင့်ကို သူငယ်ချင်းမိတ်ဆွေတစ်ယောက်လို သဘောထားနိုင်သေးတယ်ဆိုရင် ခေါင့်ဆီလည်း စာပြန်ရေးလိုက်ပါဦး။

စိတ်မကောင်းခြင်းများစွာဖြင့်
ခေါင်

×××



www.burmeseclassic.com

www.burmeseclassic.com

"မ စာပြန်လိုက်ရောလားဟင်"

မိပေါက်ထံမှ အရင်ဆုံး အသံထွက်လာသည်။ သူမ က အသံလေးထွက်အောင် ပြုံးလိုက်မိကာ

"ဘယ်လိုထင်လဲ၊ မှန်းကြည့်လေ"

"ပြန်လိုက်မှာပါ၊ ဟုတ်တယ်မဟုတ်လား၊ မ က ကိုခေါင့်ကို ဘယ်တုန်းကမှ မုန်းနိုင်ခဲ့တာမှ မဟုတ်ဘဲ"

ကြည်ပြာ့အမြင် ဖြစ်သည်။ ကြည်ပြာက သိမ်မွေ့နူးညံ့ကာ မိန်းကလေးပီသသူမို့ သူ့အမြင်သူ့အတွေးကလည်း ပျော့ပျောင်းနူးညံ့လေ့ရှိသည်။

စန္ဒာကတော့ ယောကျ်ားဆန်သူပီပီ ကြည်ပြာ့အမြင်ကို မကြည်လင်ဟန် ရှိနေလေသည်။





"ဟုတ်တယ်၊ နောက်ဆုံးတော့ မ စာပြန်ဖြစ်ခဲ့တယ်၊ ပထမကတော့ မပြန်ဘဲနေမလို့ဘဲ၊ ခေါင့်ကို နာကြည်းလို့တော့ မဟုတ်ပါဘူး၊ အဲဒီအချိန်မှာ မ,က မုဆိုးမ တစ်ယောက်ဖြစ်သွားပြီလေ၊ အစစအရာရာမှာ အနေအထိုင် ဆင်ခြင်ရတော့မယ်၊ မ,ကို ခေါင်တစ်မျိုးတစ်မည် အထင် အမြင်သေးသွားမှာ စိုးလို့ပါ၊ နောက်ဆုံးတော့ ခေါင် မ ကို နားလည်မှာပါပဲလေဆိုပြီး ခေါင့်ဆီ စာပြန်ဖြစ်ခဲ့တယ်၊ ခေါင့် စာထဲကလို မိတ်ဆွေသူငယ်ချင်း တစ်ယောက်လို သဘော ထားပြီးတော့ပေါ့"

သုံးယောက်ထံမှ ပြိုင်တူပင့်သက်ရှိုက်သံကြားရသည်။

"အဲဒီနောက်ပိုင်း ခေါင်နဲ့မ စာအဆက်အသွယ် ရှိခဲ့ကြတယ်၊ ခေါင့်စာတွေ ခေါင့်ဆီက အင်အားတွေကြောင့်ပဲ ဘဝကို အရှုံးမပေးဖြစ်ခဲ့တာ၊ ဒီအခြေရောက်အောင် အားမွေး နိုင်ခဲ့တာပေါ့"

"ဒါဆို မ,က ကိုခေါင့်ကို ဘာလို့ စာအဆက် အသွယ် ဖြတ်လိုက်ရတာလဲဟင်"

စန္ဒာက သူ မရှင်းသည်ကို ဝင်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြီးပြီလေကွာ၊ ဒီအတိုင်းဆက်သွားရင် မနဲ့ ခေါင် သံယောဇဉ်ပြန်ငြိသွားကြမှာ သေချာတယ်လေ၊ မ,က အဲဒီလို အဖြစ်မခံနိုင်ဘူး၊ ခေါင် မ,ကို ဖွင့်ပြောတော့မယ် ဆိုတာ မ,သိတယ်၊ ဒါကြောင့်မို့ မ အဆက်အသွယ်ဖြတ် လိုက်တာ၊ မ,အိမ်လည်း ပြောင်းသွားတယ်လေ၊ ဒီလိုလုပ်မှပဲ မတို့နှစ်ယောက် ပြတ်နိုင်ကြတော့မှာလေ"

"အဲဒီတော့ မ မခံစားရဘူးလားဟင်၊ မ ကိုခေါင့်ကို ချစ်နေတာပဲ မဟုတ်လား"

"ခံစားရတာပေါ့၊ ခေါင့်ကိုလည်း မ,ချစ်တာပဲ၊ ဒါ ခုမှမှမဟုတ်တာ၊ ဟိုးအရင်ကတည်းက ချစ်ခဲ့တာ၊ ဘယ် တုန်းကမှလည်း မမုန်းခဲ့ဘူးလေ၊ နောင်လည်း အမြဲချစ်နေ ဦးမှာပဲ၊ ဒါပေမယ့် ခေါင့်ကို မ,မပိုင်ဆိုင်ချင်တော့ဘူး၊ မပိုင် ဆိုင်ရက်တော့ဘူး၊ မ စိတ်ထဲမှာ ဒီအတိုင်း သူ့ကို ချစ်နေ ရရင် ပြီးပြီ၊ မ,က သူ့ကို ချစ်တယ်၊ သူလည်း ဒီလောကကြီး ထဲမှာ ရှိနေတယ်၊ ဒါဆိုရင် ပြီးပြီပေါ့၊ သူ ရှိနေတယ်ဆိုတဲ့ အသိကလေးနဲ့တင် မ ကျေနပ်နေတတ်နိုင်တယ်"

ကိုယ့်ရင်ထဲမှ ခံယူချက်လေးကို လေသံပြတ်ပြတ် လေးနှင့် မျက်နှာလေးမော့၍ ပြောလိုက်ပြီးချိန်မှာ ကလေး





မလေးသုံးယောက်၏ အံ့ဩနားမလည်သော၊ ဝေခွဲရခက်သော အကြည့် တွေတွေလေးတွေကို စုပြုံရရှိလိုက်ပါသည်။

"မ,အချစ်ကို ကျွန်တော်တော့ နားမလည်နိုင်ဘူး"

စန္ဒာက သူ့အမြင်ကို ဖွင့်ဖွင့်လင်းလင်း ပြောသည်။

"ကြည်ပြာကတော့ နားလည်ပါတယ်၊ ကိုခေါင့် အပေါ်ထားတဲ့ မ,ရဲ့အချစ်က အချစ်ဆိုတာထက် ကျော်သွား ပြီ၊ ပိုင်ဆိုင်ခြင်းတွေ ရယူခြင်းတွေ မရှိတော့ဘူး၊ ချစ်သူကို မဖြူစင်တဲ့ဘဝကိုလည်း မပေးချင်တော့ဘူး၊ အဖြူရောင် သက်သက် သံယောဇဉ်ဖြစ်သွားပြီ၊ ဘယ်လိုပြောရမလဲ.. အငွေ့အချစ်ပေါ့"

သူမက ခံစားနားလည်နိုင်စွမ်းသော ကြည်ပြာလေး ကို အထင်ကြီးသောအကြည့်နှင့် ကြည့်လိုက်မိပါသည်။

"ဒါထက် ကိုခေါင့်စာထဲမှာပါတဲ့ ဘိုဘိုနဲ့သူ နိုင်ငံ ခြားမှာ ပြန်တွေ့ပြီး စကားတွေ ပြောဖြစ်ကြတယ်ဆိုတာ၊ အဲဒါဘာတွေလဲဟင်၊ အဲဒီတော့မှ မ,အပေါ် အထင်လွဲနေ တာတွေ မှားမှန်းသိတယ်ဆိုတော့..၊ ကိုခေါင်က မ,ကို ဘာ တွေအထင်လွဲနေခဲ့တာလဲ၊ အဲဒါ သိချင်တယ်"

မိပေါက်က သူသိချင်သောအချက်ကို မရဲတရဲမေး



www.burmeseclassic.com

www.burmeseclassic.com



မေးလာလေသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူတို့နှစ်ယောက် ဘာတွေ ပြောဖြစ်ကြတာလဲဟင်"

ထိုအကြောင်းကို ပြောမည်ဆိုတော့ သူမ မျက်နှာပေါ် နာကျင်ရိပ်ပါးပါးလေး ယှက်သန်းထင်ဟပ်လာရ ပြန်ကာ....

"ပတ်ဝန်းကျင်ဆိုတာ သိပ်ကြောက်စရာကောင်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုပဲ ညီမလေးတို့ရဲ့၊ မရဲ့ အဲဖြစ်အပျက်ကို ကြည့်ပြီး သင်ခန်းစာယူဖို့ ကြိုးစားကြ၊ ဒီလို မ,ပြောပြမယ်"

"ဘိုဘိုနဲ့ မက တစ်ရပ်ကွက်တည်းသား သူငယ်ချင်းတွေ၊ မကို ကြိုက်တဲ့သူ ပိုးပန်းသူတွေများတာလည်း ကြည့်မရကြဘူး၊ တချို့သမီးရှင် မိဘတွေပေါ့၊ ဘိုဘိုနဲ့မ ရည်းစားဖြစ်တော့ ဘယ်အထိအောင် သွားပုပ်လေလွင့် ပြောလာကြလဲဆိုရင် ဘိုဘိုနဲ့မ ခိုးရာတောင် လိုက်ပြေးဖြစ်ပါတယ်လို့ ပြောကြတယ်တဲ့၊ ဖြစ်ချင်တော့ အဲဒီနွေရာသီမှာ မ,လည်း တောင်ငူကအဖိုးကို ပြုစုဖို့သွားခဲ့ရသလို၊ ဘိုဘိုကလည်း သူ့ဆွေမျိုးတစ်ယောက်ဆီ ခရီးထွက်သွားတယ်





လေ၊ သွားတဲ့နေရာချင်းက တခြားစီပေမယ့် မတို့နှစ်ယောက်လုံး ပျောက်သွားတာကိုကြည့်ပြီး သူတို့လိုရာ ဆွဲတွေးလိုက်ကြတာ၊ ဒါတွေကို မ,ပြန်မကြားခဲ့ပေမယ့် မတို့ အနားမှာနေတဲ့ ခေါင့်သူငယ်ချင်းက ပြန်ကြားတယ်လေ၊ အဲဒါက တစ်ချက်ပေါ့"

"ပြောရက်လိုက်ကြတာနော်"

"နောက်တစ်ချက်က မ,ဆယ်နှစ်သမီးလောက်ကပဲ ပထွေးနဲ့ နေခဲ့ရတယ်၊ ဖေဖေဆုံးသွားတော့ မေမေလည်း အားကိုးအားထားရှာရင်း နောက်အိမ်ထောင်ပြုတယ်လေ၊ မမေမေ့ကို အပြစ်မတင်ပါဘူး၊ ဖေဖေဆုံးတဲ့အချိန်မှာ မေမေက အသက်သုံးဆယ်ကျော်အရွယ်ပဲ ရှိသေးတော့ သူလည်း သူ့ဘဝသူ ဆက်ရှင်သန်ချင်ဦးမှာပေါ့၊ ပထွေးကလည်း မတို့မောင်နှမတွေအပေါ် ကောင်းပါတယ်၊ မကောင်းပြန်တာက ပတ်ဝန်းကျင်ပဲ၊ မကို ပထွေးနဲ့မလွတ်ကင်းဘူးလို့တောင် ပြောကြတယ်တဲ့"

ထိုစကားနေရာမှာ အချိန်ကာလများစွာ ကြာသွားသည့်တိုင် မရိုးနိုင်သော ရှက်ရွံ့သိမ်ငယ်ခြင်းဖြင့် သူမ အသံလေး တိမ်ဝင်သွားရသလို စကားအဆုံးမှာ ကလေးမ သူ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ တအုံတသြ ယူကျုံးမရ ရှေ့ရွတ်သံလေးတွေက ကပ်ပါထွက်ပေါ်လာကြလေသည်။

"ဟယ်…၊ ရက်စက်လိုက်ကြတာ"

"အတော် အားလျှားနေတဲ့လူတွေပဲနော် မ၊ သူတို့မှာ ဒီအလုပ်ကလွဲပြီး တခြားအလုပ် မရှိတော့ဘူးထင်တယ်"

"ဟုတ်ပါ့၊ သူများသားသမီးကိုများ ရက်ရက် စက်စက်၊ ဝဋ်လည်မှာ မကြောက်ကြဘူးလားမသိဘူး"

"အဲဒါလည်း မ,ပြန်မသိပါဘူး၊ မ,က ပတ်ဝန်း ကျင်ကို ဂရုမစိုက်တတ်တဲ့သူလေ၊ ဒါပေမယ့် မ အကြောင်း ကို ပတ်ဝန်းကျင်မှာ စုံစမ်းနေတဲ့ ခေါင့်သူငယ်ချင်းကတော့ ကောင်းကောင်း ပြန်ကြားနေတာပေါ့၊ ဒါကြောင့်လည်း ဒီ သတင်းတွေနဲ့ ခေါင် မ,အပေါ်တွေဝေလာနေတာလေ၊ မကို ထုတ်မမေးတော့ မ ဘက်ကလည်း ဖြေရှင်းခွင့်မကြုံခဲ့ဘူး ပေါ့"

"ဒီလိုနဲ့ မ မေမေရဲ့ကျန်းမာရေး ပြဿနာပေါ်လာ တယ်၊ မ,ကို အိမ်ထောင်ချပေးတော့မယ်ဆိုတော့ လူတွေက ဘယ်လို ပြောကြပြန်သလဲဆိုတော့ မ မှာ ပထွေးနဲ့ရတဲ့ ကိုယ်ဝန်ရှိနေလို့ ယောကျ်ားရှာပေးစားတော့မယ်ပေါ့"





"အို…အို…"

ကြည်ပြာတို့ သုံးယောက်ထံမှ မခံမရပ်နိုင်သော ညည်းညူသံလေးများ ထွက်ပေါ်လာပါသည်။

"ဒါကြောင့် မ ခေါင့်ကို အားကိုးတကြီး ခေါ်ပြော တဲ့အခါ ခေါင် ရက်ရက်စက်စက် ငြင်းခဲ့တာကိုး၊ တချို့က ဘိုဘိုနဲ့ရသလိုလို ပြောကြသေးသတဲ့ မ အိမ်ထောင်ပြုရတော့ မယ်ကြားတော့ ဘိုဘိုက မကိုလာပြီး လက်ထပ်ခွင့် တောင်း ခဲ့ပါသေးတယ်၊ ဒါပေမယ့် ခေါင့်မျက်နှာကို မြင်ယောင်ပြီး မ,လက်မခံခဲ့ပါဘူး၊ မ,သာ ဘိုဘို့ကိုလက်ခံလိုက်ရင် မ, အပေါ် တစ်သက်လုံး အမြင်စောင်းခဲ့တဲ့ ခေါင့် စွပ်စွဲချက်တွေ ကို အတည်ပြုခွင့်ပေးလိုက်သလို ဖြစ်သွားမှာပေါ့၊ ကိုယ့် အပေါ် သတ္တိနည်းတဲ့ ချစ်သူကို နော[illegible]ဆုံးအချိန် ထိ မ,က သစ္စာရှိပြချင်သေးတယ်လေ"

"မ,ကိုခေါင့်ကို တော်တော်ချစ်တာပဲနော်"

စန္ဒာ့သုံးသပ်ချက်ကို သူမက ပြုံး၍ ခေါင်းညိတ်ပြ ကာ…

"အဲဒါကတော့ တစ်သက်စာအတွက် နောင်တမဲ့တဲ့ သစ္စာတရားပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ပြိုင်တူ သက်ပြင်းချကြပါသည်။

"တော်ပြီ၊ စောစောက ဒီအကြောင်းတွေမသိခဲ့လို့ ကိုခေါင့်ကို မ,နဲ့ သဘောတူနေတာ၊ ဒီအချိန်ကစပြီး မကို ကိုခေါင်နဲ့ သဘောမတူတော့ဘူး၊ ကိုခေါင် ပြန်ပရိုပို့စ်လုပ်လာလည်း ပြန်လက်မခံနဲ့တော့ မ၊ သိလား၊ ချစ်သူအပေါ် ဒီလောက်သံသယများပြီး၊ သတ္တိနည်းတဲ့ယောကျ်ားမျိုးကို ပတ်ဝန်းကျင်က ဘာတွေ ဘယ်လောက်ပဲပြောပြော မကို သူပြန်မေးရမှာပေါ့၊ ခုတော့ ချစ်သူထက်ပဲ ပတ်ဝန်းကျင်ကို ယုံနေတာ၊ ဒီလောက် အတ္တကြီးပြီး ရက်စက်တဲ့ချစ်သူမျိုး ကျွန်တော်သာဆိုရင်တော့ လုံးဝ လှည့်မကြည့်တော့ဘူး၊ ဘဝထဲကကို အပြီးအပိုင် ဆွဲထုတ်ပစ်လိုက်မှာ"

လူတိုင်းက ဩဇာဝဖန်သလိုပဲ သူမကို အားမလို အားမရ အပြစ်တင်ခဲ့ကြသည်။ တကယ်ပဲ သူမ ကိုယ်တိုင်လည်း ခုချိန်ထိအောင် နားမလည်နိုင်။ ခေါင့်ကို ဘာကြောင့်များ မမုန်းနိုင် မမေ့နိုင်ခဲ့သလဲ။

အတိတ်ဘဝက ဝဋ်ကြွေးတစ်ခုပဲ ထင်သည်။

နေပူပူအောက်မှာ လှိုင်းလေငြိမ်သက်နေသော ပင်လယ်ပြင်ကြီးကို မှန်သားချပ်မှကျော်ကာ ငေးမျှော်ကြည့်





ရင်း သူမက တစ်ယောက်တည်း ပြောနေသလို စကားလုံး တစ်ချို့ကို ရေရွတ်လိုက်မိသည်။

"ဘဝမှာ အရာရာရဲ့ အဦးအဖျားမှ ဖြစ်ချင်တဲ့သူ၊ အင်မတန် အဖြူအစင်အသန့်အပြန့်ကြိုက်ပြီး သဝန်တိုကြောင့်ကြများလွန်းတဲ့ အုံ့ဖွယ်ခေါင်ဆိုတဲ့ လူတစ်ယောက်က လား ဒီလိုအချိန်မျိုးမှာ ခရမ်းပြာကို ပြန်ပရိုပို့စ်လုပ်မယ်ဆိုတာကွယ်.."

×××



www.burmeseclassic.com

www.burmeseclassic.com

"ဟတ်ချိုး…၊ ဟတ်ချိုး…"

"ဟော…ပြာ အအေးမိနေပြီထင်တယ်"

နှာခေါင်းနှင့် ပါးစပ်ပေါ် လက်ကိုင်ပဝါလေးအုပ်ကာ နှစ်ချက်ဆက်တိုက် ချေလိုက်မိသော သူမကို ခေါင်က စိုးရိမ်ပူပန်စွာ ပြောလာပါသည်။

တကယ်ပဲ သူမ အအေးမိနေပြီ ဖြစ်သည်။ လည်ချောင်းတွေလည်း နာကျင်ကာ ပူတူတူရှိန်းဖိန်းဖိန်းနှင့် ဖျားချင်သလိုလိုပင် ဖြစ်နေရသည်။

"နေ့လည်က ရေထဲဆင်းလိုက်လို့များလား၊ တစ်ခါမှ ရေမစိမ်ဘူးဘဲနဲ့လေ၊ မျက်နှာကလည်း ရွှမ်းနေတယ်၊ ဖျားများနေလား"





ခေါင်က တဖျစ်တောက်တောက်နှင့် ပြောပြောဆိုဆိုပင် သူမနဖူးကို လက်ဖမိုးဖြင့် အသာအယာ လာရောက်ထိစမ်းကြည့်သည်။

"အသားလည်း နွေးတယ်၊ ပြာ အအေးမိပြီထင်တယ်၊ ဆေး ကြိုသောက်ထားရင် ကောင်းမယ်၊ မနက်ဖြန်မနက်လည်း ခရီးသွားရဦးမှာ မဟုတ်လား"

အလာကတည်းက နှစ်ညအိပ်သုံးရက်ခရီး စီစဉ်လာခဲ့တာမို့ မနက်ဖြန်မနက်ဆိုလျှင် သူမတို့ ပြန်ကြတော့မည် ဖြစ်သည်။

"အခန်းပြန်ရောက်တော့ သောက်လိုက်ပါ့မယ်၊ ခေါင်တို့ရော မပြန်သေးဘူးမဟုတ်လား"

"ပြန်မယ်လေ၊ ပြန်တော့မှာပေါ့၊ ခေါင်တို့က ပြာတို့ထက် ကြိုရောက်နေတာပဲ၊ ပြာတို့လည်း အဖော်ရအောင် အတူတူပဲ ပြန်လိုက်ကြတာပေါ့"

"ပြာတို့နဲ့ အဖော်လုပ်ဖို့တော့ မပြန်ပါနဲ့၊ ခေါင့်သူငယ်ချင်းတွေ ဆန္ဒလည်းမေးပါဦး၊ သူတို့နေချင်ရင် နေဦးမှာပေါ့"

"သူတို့က ချောင်းသာကို ချောင်းပေါက်နေပြီ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို သက်သက်လိုက်ပို့ကြတာ၊ ခေါင် ပြန်ချင်တဲ့နေ့ ပြန်လို့ရတယ်''

''ခေါင်က ပြန်ချင်ပြီမို့လို့လား''

ခေါင်က သူမကို အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့်ကြည့်ကာ

''ပြန်ချင်ပြီပေါ့''

ဟု ဖြေသည်။ မျက်နှာမှာ မဖော်ပြသော်လည်း သူမ စိတ်ထဲမှာတော့ ပျော်ရွှင်ကျေနပ်သွားမိသည်။ ခေါင်နှင့်အတူ တစ်ခရီးတည်း ပြန်ရတော့မည်မဟုတ်လား။

''ဒါဆို ပြာ ရေထဲဆင်းလို့ မရတော့ဘူးပေါ့''

''အင်းလေ၊ ဘယ်လိုလုပ် ဆင်းတော့မလဲ''

''ဒါဆို ခေါင်လည်း ပြာ့ကို အဖော်လုပ်တော့မယ်''

''မဟုတ်တာ၊ ခေါင့်ဘာသာ ခေါင်သွားပါ၊ ပြာ ထိုင်နေမှာပေါ့၊ မပျင်းပါဘူး''

ခေါင်က လက်မခံပါ။

''ခေါင်လည်း မဆင်းချင်တော့ပါဘူး၊ ဒီမှာပဲ ထိုင်စကားပြောနေကြတာပေါ့''

နှစ်ယောက်သား နေရိပ်ထဲမှာ ထိုင်ခုံတစ်လုံးစီယူကာ ထိုင်နေဖြစ်ကြသည်။

အုန်းစိမ်းရည် မှာသောက်ကြသည်။ ပုစွန်ကင်စားကြသည်။ ငါးကင် စားကြသည်။ ခေါင် ယူလာသည့် ဗီဒီယိုကင်မရာလေးဖြင့် ရေထဲမှ အုပ်စုတွေကို မှတ်တမ်းတင်ကြသည်။

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ရယ်မောစ,နောက်ရင်း လိုက်ရိုက်ကြသည်။

တစ်ချက်တစ်ချက်မှာ ခေါင်ကား သူမကို ငေးပြီး ကြည့်နေတတ်ပြန်သည်။

ညဘက် ထမင်းစားပြီး၍ တည်းခိုရာဘန်ဂလိုသို့ ပြန်ကြရာ လမ်းမှာ နှစ်ယောက်တည်း နောက်မှာ ကျန်ရှိခိုက် ခေါင်က ခပ်တိုးတိုး ပြောလာသည်။

''မနက်ကျရင် နှင်းတွေကြားထဲမှာ လမ်းထလျှောက်ရအောင်နော် ပြာ''

တဲ့…။

သူမ အလွယ်တကူ ခေါင်းညိတ်ပြလိုက်မိစဉ် အရောင်တောက်ပသွားသော ခေါင့်မျက်ဝန်းအစုံကို ညရောင်ထဲမှာ မြင်လိုက်ရပါသည်။




စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အိပ်ရာဝင်ခဲ့သော်လည်း အိပ်မပျော်နိုင်သေးသည့် ညဥ့်ယံမှာ ခေါင်းတို့ဘက်ခြမ်းမှ ဂစ်တာသံကို နားဆင်နေခဲ့မိသည်။

ထိုညအတွက် ခေါင်းဆိုသော သီချင်းက သူမရင်တစ်ခုလုံးကို ဖြောင်းဆန်အောင် ကိုင်လှုပ်သွားစေသည့် ခိုင်ထူး၏ 'သိလား' ဆိုသော သီချင်းဖြစ်သည်။

'နေ့ရက်အချိန်လေးတွေ×× ပြောင်းပေမယ့်×× နှလုံးသားထဲမှာ×× အချစ်ဆုံးကို×× ဘယ်လိုမှမမေ့နိုင်×× သိလား၊ အိပ်မက်ချိန်ထဲမှာ တွေ့ပေမယ့်×× တစ်ရေးနိုးတဲ့ အခါ×× ကွယ်ပျောက်သွားမှာ×× တကယ်နှမြောမိတယ်×× သိလား×× ချစ်ရတဲ့သူ့ကို×× ဒါတွေသာ×× ပြောခွင့်ရ ရင်×× အကြင်နာရမလား×× ရင်နာရမလားကွယ်×× သိလား'

'သူ့ရဲ့အသံလေးတွေ×× ကြားနေဆဲ×× နားထဲမှာ×× အချစ်ဆုံးရယ်×× ဘယ်လိုမှမပျောက်နိုင်×× သိလား၊ အထီးကျန်ဇာတ်လမ်းကို×× ဆက်ချင်လည်း×× သူ့စိတ်ထဲမှာ×× ဘယ်လိုရှိမယ်×× ကြိုတင်မတွေးရဲပါ×× သိလား×× သူ့တစ်ယောက်ကလွဲရင်×× ဘယ်သူမှ×× ချစ်လို့မရပါ×× သူသိသားနဲ့×× နေနိုင်လားအချစ်ရယ်×× သိလား'





'ကိုယ်ဆိုတဲ့သီချင်းသံကြားရင်×× သူ×× ဒီသီချင်းအဓိပ္ပာယ်သိပါစေ×× ကိုယ်ဆိုတဲ့သီချင်းသံကြားရင်×× သူ×× ရည်ရွယ်တဲ့အကြောင်းကို×× သူမြန်မြန်သိပါစေ×× သူမြန်မြန်ကြားပါစေ×× '

'သိလား×× ချစ်ရတဲ့သူ့ဆီ×× လိုချင်တာ×× တောင်းခွင့်ရရင်×× အကြင်နာသစ်ဆု×× အကြင်နာသစ်ဆုကို×× တောင်းမယ်×× '

သီချင်းအဆုံးမှာ ခရမ်းပြာ မျက်ရည်များ စီးဆင်းကျလာသည်။

ကြည်နူးခြင်းကြောင့်လား··၊ ကြေကွဲခြင်းကြောင့်လား··၊ မရေရာ။

×××



www.burmeseclassic.com

www.burmeseclassic.com

မနက်စောစော နှင်းတောထဲဆုံကြသောအခါ ခရမ်းပြာတစ်ယောက် ဖျားနေပြီမှန်း ခေါင် သိလိုက်ရတော့သည်။

ခရမ်းပြာ လက်ဖျားကလေးကို သတိလက်လွတ်နိုင်စွာ ဆုပ်ကိုင်မိရာမှ အေးစက်နေရမည့်အစား ပူစွေးနေသော လက်ဖဝါးလေးကို စမ်းသပ်မိသောကြောင့်ဖြစ်သည်။

"ပြာ…ဖျားနေတာလား၊ မှန်းစမ်း"

ခေါင်က ပြာပြာသလဲ နဖူးကို အဖျားစမ်းသည်မှာပဲ ချောင်းက တဟွတ်ဟွတ်ဆိုးတော့သည်။ ဖျားပြီမှန်းကို တစ်ရေးနိုးကတည်းကပင် သိခဲ့သည်။

ဆေးထသောက်ဖို့ စဉ်းစားသော်လည်း အစာတစ်ခုခု ခံသောက်ဖို့ အဆင်မပြေတာနှင့်ပဲ ဒီအတိုင်းပြန်အိပ်ခဲ့တာမို့





ခေါင်နှင့် ချိန်းထားသည့်အတိုင်း ထွက်လာခဲ့သည့်အချိန်မှာတော့ အပူရှိန်က အတော်ပင် ပြင်းထန်နေရပြီဖြစ်သည်။

ခေါင်က လှမ်းလက်စ ခြေအစုံကို ရပ်ပစ်ကာ…

"ကျွတ်…၊ ပြာကလည်းကွာ၊ အဲဒါဆိုလည်း ဘာဖြစ်လို့ လမ်းလျှောက်ထွက်လာသေးလဲ"

ဟု ကရုဏာဒေါသဖြင့် အပြစ်တင်သည်။

"ခေါင်ပဲ ထွက်လာခဲ့ဆို"

"ခေါင်က ထွက်လာဆိုတာ၊ ပြာ ဖျားနေမှန်းမသိဘဲ၊ သိရင် ခေါ်ပါ့မလား၊ မလာဘဲ နေလိုက်ရောပေါ့"

သူမက ဆူပူခံရသော ကလေးငယ်တစ်ယောက်လို ခေါင်းလေးငုံ့ထားရာမှ မရဲတရဲလေသံလေးနှင့်

"ခေါင် စောင့်နေမှာစိုးလို့ပါ"

ဟု ဖြေမိသည်။

"ပြာရယ်…"

ခေါင့်ညည်းတွားသံက နှင်းထုကြားမှာ တုန်ခါနေခဲ့သည်။ မျက်နှာချင်းဆိုင်အနေအထားမှာ လက်နှစ်ဘက်ကို ခေါင့်လက်များ လာရောက်ဆုပ်ကိုင်သည်ကို မရှန်းဖယ်မိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအနေအထားအတိုင်း တစ်ယောက်မျက်နှာကို တစ်ယောက် ကြာမြင့်စွာငေးကြည့်နေမိကြသည်မှာ ဘယ်လောက်ကြာသည် မပြောတတ်နိုင်ပါ။ လှိုင်းတွေ နှင်းတွေနှင့်အတူ ပင်လယ်ထဲ မျောလွင့်သွားနေကြသလား မသိ။

ခေါင် တစ်ခုခုပြောမည်ဟု ထင်သော်လည်း ခေါင်မပြောပါ။ နှုတ်ဖျားမှ ထွက်ကျလာလုလု စကားတစ်ခွန်းကို မျိုချပြီး တကယ်တမ်း ခေါင့်နှုတ်ဖျားမှ ထွက်ပေါ်လာသည်က..

"ပြန်ကြရအောင်နော် ပြာ"

ဟု ဖြစ်သည်။

ဟိုတယ် စားသောက်ခန်းမှာ မနက်စာမှာထားခိုက် ခေါင်က ဆေးပါတစ်ခါတည်း သွားဝယ်ပြီး သူမကို ကော်ဖီဖြင့် ဆေးသောက်စေသည်။

"ဒီနေ့ ပြန်လို့ဖြစ်ပါ့မလားဟင်"

ခေါင်က မေးခြင်းဖြစ်သည်။

"ပြန်မှ ဖြစ်မယ်၊ မင်္ဂလာဆောင်တစ်ခု ပြင်ဖို့ ချိန်းထားတာ ဖျက်လို့မဖြစ်ဘူး၊ ဆေးသောက်လိုက်ရင် သက်





သာသွားမှာပါ"

ခေါင်က တွေ၍ငြိမ်းစားနေပြီး...

"ဒီလိုလုပ်၊ ပြာ့ကားကို ခေါင် လိုက်မောင်းပေးမယ်၊ ပြာ ကားမောင်းလို့တော့ ဖြစ်မှာမဟုတ်ဘူး၊ အဲဒါတော့ လက်ခံမှဖြစ်မယ်၊ ဟုတ်ပြီနော်"

"ဒါပေမယ့် ခေါင့်ကားက..."

"ခေါင့်သူငယ်ချင်းတွေအားလုံး ကားမောင်းတတ်တယ်၊ နိုး ပရော်ပလမ်"

ခေါင်က လက်ညှိုးတစ်ချောင်းထောင့်ယမ်းရင်း ရှေ့ဆက် စောဒကမတက်တော့ဖို့ အဆုံးအဖြတ်ပေးသည့်ဟန်ဖြင့် ပြောသည်။

ဒါ ခေါင့်ပင်ကိုယ်ဟန်ပဲ။ ခရမ်းပြာပေါ် လွှမ်းမိုးခဲ့ဖူးသည့် အံ့ဖွယ်ခေါင်၏ မူလစရိုက်မှန်ပဲလေ။

ကြည်နူးစရာတော့ ကောင်းသားပဲ။ ခေါင်နှင့်အတူ နှစ်ယောက်ကားတစ်စီးထဲအတူ ခရီးလမ်းတစ်လျှောက် ပြန်ကြရမည့်အဖြစ်လေ။

မနက်ပိုင်း ရေထဲဆင်းသူတွေဆင်းပြီး ရေမိုးချိုး



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲပြီးသောအခါ အထုတ်အပိုးတွေပါ ကားပေါ် အပြီးတင်ပြီးနောက် ဟိုတယ်မှာပင် နေ့လယ်စာစားလိုက်ကြသည်။

ပြီးလျှင် ခေါင် အစီအစဉ်ဆွဲထားသည့်အတိုင်းပင် ခေါင်က သူမ၏ကားကို မောင်းကာ၊ ခေါင့်သူငယ်ချင်းတွေက နောက်မှ ကားတစ်စီးဖြင့်လိုက်ကာ ချောင်းသာကမ်းခြေမှ စထွက်လာခဲ့ကြပါသည်။

သူမ ရင်ထဲမှာတော့ တဖိုဖို၊ တရွေးရွေး။ ခေါင်မောင်းသော ကားနံဘေးမှာ ထိုင်မလိုက်ရသည်မှာ နှစ်ပေါင်း ဘယ်လောက်ကြာခဲ့ပြီလဲ။

ဘယ်လောက်ကြာခဲ့သည့်တိုင် အတိတ်တုန်းက ခံစားချက်မျိုးက ရင်မှာ ခိုဝင်အမှတ်ရလာစေသည်။

တောင်တက်လမ်းတွေကို ခေါင်က ကျွမ်းကျင်စွာ မောင်း၏။ သူမဘက်သို့လည်း မကြာခဏ လှည့်ကြည့်ရင်း

"နေကောင်းရဲ့လား၊ သက်သာရဲ့လား၊ မူးနေပြီလား"

မကြာခဏ ဂရုတစိုက်မေးနေသည်။





သူမကတော့ လမ်းတစ်လျှောက် စတီယာရင်ပေါ်မှ ခေါင့်လက်ချောင်းသွယ်လျှမျှားကို ငေးမောကြည့်ကာသာ လိုက်ပါလာခဲ့မိသည်။

ခေါင့်လက်ချောင်းများကား ယောကျ်ားတန်မဲ့လှပ ကြည့်ကောင်းလှသည်။

ခေါင် ကားမောင်းတိုင်း စတီယာရင်ပေါ် ကျွမ်းကျင်စွာ ကိုင်တွယ်လှုပ်ရှားနေသော ခေါင့်လက်ချောင်းများကို ကြည့်ကောင်းကောင်းနှင့် ငေးကြည့်တတ်ခဲ့စမြဲ။

တောင်ဆင်းလမ်းကျော်လာသောအခါ ကားနှစ်ဦး အပြိုင်အဆိုင် ယှဉ်မောင်းလာခဲ့ကြသည်။ သူတို့ကျော်လိုက်… ကိုယ်ပြန်ကျော်လိုက်။

သူမတို့ကားမှ ကျော်သွားတိုင်း စံကြီး၊ ကြည်ပြာနှင့် မိပေါက်တို့သုံးယောက်က 'ဟေး' ခနဲ ထအော်သလို သူတို့ကားက ကျော်သွားတော့လည်း ခေါင့်သူငယ်ချင်းအုပ်စုက 'ဝါး' ခနဲ့ အော်ဟစ်နောက်ပြောင်သွားကြသည်မှာ ပျော်စရာ။

ဇက်ကူးပြီးနောက် ပုသိမ်မြို့ပေါ်ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဘုရားဝင်ဖူးကြသည်။

ပုသိမ်မြို့ထဲမှ ပြန်ထွက်လာကြသောအခါ မွန်းမလွဲ သုံးနာရီခန့် ရှိသွားပြီမို့ နေပူရှိန်မပြင်းတော့။

တဖြည်းဖြည်း ညနေစောင်းလာသောအခါ အနောက်ဘက်မှာ စကားတပြောပြောနှင့် ပါလာကြသော စန္ဒာ၊ ကြည်ပြာနှင့် မိပေါက်တို့သုံးယောက် ငိုက်မြည်း အိပ်ပျော်ကုန်ကြသည်။

"ပြာရော…အိပ်လိုက်ပါလား၊ နေမကောင်းတာ နုံးနေမှာပေါ့"

ခေါင်က သူမကို ကြင်ကြင်နာနာ ငဲ့ကြည့်ရင်း ပြော လာပါသည်။

"ဟင့်အင်း…ပြာ မအိပ်ချင်ပါဘူး၊ ပြာက ခရီး ထွက်ရတာ၊ ဟိုင်းဝေးကားမောင်းရတာ သိပ်သဘောကျတာ၊ ဒီအချိန်လေးကို အိပ်ပြီးတော့ မဖြုန်းပစ်ချင်ပါဘူး"

အထူးသဖြင့် ခေါင်နံဘေးမှာရှိနေသော အချိန်လေး မှာပေါ့လေ။ ဘယ်လောက်အဖိုးတန်လှသည့် လက်ဆောင် မျိုးလဲ။





ချစ်သူနှင့်အတူ ခရီးလမ်းတစ်ခုတည်းမှာ အတူရှိ နေရသောအဖြစ်။ ချစ်သူမောင်းသောကားပေါ်မှာ နံဘေးမှာ အတူရှိနေရသော အခွင့်အရေးလေ။

တစ်သက်မေ့လို့ရမည်မထင်။

"ဒါပေမဲ့ မိန်းကလေး ဟိုင်းဝေးမောင်းရတာတော့ သိပ်မကောင်းပါဘူး၊ ပင်ပန်းတာပေါ့၊ ပြီးတော့ အန္တရာယ် လည်း များတယ်"

သည်လို ပူပန်ကန့်ကွက်တတ်သည်မှာ ခရမ်းပြာ ရဲ့ အံ့ဖွယ်ခေါင်ပါပဲ။

"မပင်ပန်းပါဘူး ခေါင်ရဲ့၊ ပြာသဘောအကျဆုံး စိတ်အပန်းဖြေနည်းပဲ၊ ပြီးတော့ ပြာက ကားမောင်းကျွမ်း ပါတယ်၊ မယုံရင် ခေါင်စီးကြည့်လေ"

ခေါင်က ပြုံးရင်း ခေါင်းခါပြသည်။

"ဒါပေမယ့် ခေါင်ကတော့ စိတ်ပူတယ်"

မျက်နှာနှစ်ခု အလယ်ကို အနည်းငယ်တွန့်ရှုံ့လျက် လေသံတည်နှင့်ပြောသံမှာတော့ လွှမ်းမိုးတားမြစ်လိုသော မနှစ်မြို့ဟန်က သိသိသာသာပင် ပါဝင်နေတာကို ခေါင့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ကြေညက်ခဲ့ပြီးသား သူမက ရိပ်မိနားလည်နိုင်လိုက်ပါသည်။

ဒါကြောင့်မို့လည်း ရှေးအခါများကလိုပဲ စာဒက မတက်ဘဲ နှုတ်ဆိတ်ငြိမ်သက်နေလိုက်သည်။

"ပြာ...ဒီကားသော့လေးက ခေါင် ပို့ပေးထားတာလေးပဲလား၊ ပြာ ကားစမောင်းပြီဆိုတုန်းကလေ"

ခေါင်က သူမကားမှ ကားသော့လေးကို သတိထားမိသွားကာ မေးလာသည်။ သူမက အားတက်သရော ခေါင်းညိတ်ပြမိရင်း...

"ဟုတ်တယ်လေ၊ အဲဒီတုန်းက ခေါင့်သူငယ်ချင်းလူကြုံက လာပို့ပေးသွားတာ"

"တော်တော်ခံတာပဲနော်၊ ပြာက ခုထိမပျောက်အောင် သိမ်းထားနိုင်သေးတယ်၊ တော်တယ်"

သူမက ချီးမွမ်းမြှောက်စားခံရသော ကလေးတစ်ယောက်လို ပြုံးနေလိုက်မိသည်။

"ခေါင့်သော့ချိတ်လေးက အကောင်းစားကြေးပြားအထူလေးကို၊ အကြာကြီးခံတာပေါ့"





"ပြာ ကားမောင်းကတည်းက ဒီကီးချိန်းပဲသုံးတာလား"

"အင်း.."

သူမက ခေါင်းညိတ်ဝန်ခံလိုက်သည်။ ခေါင်က သူမကိုကြည့်သည်။ ခေါင့်မျက်ဝန်းတွေက နူးညံ့ရွှန်းလက်နေကြသည်။

အဲသည်ကတည်းက ခေါင်သည် သူမ ကားမောင်းမည့်ကိစ္စကို စိတ်ပူကြောင်း မကြာခဏ ထည့်ရေးတတ်သည်။ ကားမောင်းရင် ဘယ်လိုဘယ်လို မောင်းဖို့တွေကို စာထဲမှ လှမ်းဆရာကြီးလုပ်တတ်၏။

ကားတစ်စီးနှင့်လျှောက်သွားနေလျှင် နောက်မှ ပိုးသူပန်းသူတွေ လိုက်လာမည့်အရေး စိတ်ပူပန်တတ်ခဲ့သည်။

"ကျန်တဲ့ ခေါင့်ပစ္စည်းလေးတွေရော"

လူကြုံနှင့် အရင်ကထည့် ထည့်ပေးတတ်သမျှ ပစ္စည်းလေးများကို မေးခြင်းဖြစ်သည်။

"အားလုံးရှိတာပေါ့၊ ပြတိုက်တစ်ခုလုပ်မလို့ သိမ်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ…နှလုံးသားပြတိုက်လား"

နှစ်ယောက်သား ရယ်မောမိကြသည်။

"ခေါင် ရန်ကုန်ရောက်ရင် ပြဲ့ဆီ လာလည်လို့ ရမလားဟင်"

သူမက အနည်းငယ်စဉ်းစားလိုက်ကာ..

"ရပါတယ်၊ လာလည်လေ၊ ဒါပေမယ့် ပြဲ့ဆိုင်က အမျိုးသမီးသီးသန့်နော်"

"ခြွင်းချက်အဖြစ်ရော မရဘူးလား"

"ရတယ်၊ ဒါပေမယ့် ဆယ်နှစ်အောက်ပဲ၊ သူငယ်ချင်းတွေရဲ့သားတွေလေ၊ တူလေးတွေ တစ်ခါတလေပါလာရင် ညှပ်ပေးတာ"

ခေါင်က ရှေ့ဆံပင်တွေထဲ လက်ထိုးသွင်းရင်း ရယ်မောနေသည်။ သူမ မိန်းမူးတွေဝေသွားခဲ့ရမြဲ ခေါင့် အမူအရာများထဲမှ တစ်ခုဖြစ်သည်။

"ဒါဆိုလည်း စကားပြောဖို့ပဲ လာပါတော့မယ်"

"ခေါင်ရော ဒီမှာကြာဦးမှာလားဟင်"

မရဲတရဲမေးမိသည်။ နေစေချင်သော်လည်း တားပိုင်





ခွင့်မရှိပါ။ ကံကြမ္မာက ဆန္ဒရှိသလောက်သာ တွေ့ဆုံခွင့်ရမည်ဆိုတာ နားလည်ထားပြီးဖြစ်ပါသည်။

ခေါင်က ခဏစဉ်းစားနေပြီးမှ…

"နည်းနည်းတော့ ကြာဦးမှာပါ၊ ချက်ချင်းကြီးတော့ မပြန်ဖြစ်သေးပါဘူး၊ ဒီမှာ လုပ်စရာကိစ္စလေးတွေ ရှိသေးတယ်"

"ခေါင်..ဟိုမှာပဲ အပြီးနေတော့မှာလားဟင်"

"မနေပါဘူး၊ ပိုက်ဆံဝအောင်ရှာပြီးရင် ပြန်လာမယ်၊ အလုပ်မလုပ်နိုင်တော့ဘဲ ထိုင်စားရမယ့်အချိန်ကျရင်ပေါ့၊ ပါလာတဲ့ပိုက်ဆံတွေနဲ့ ဒီမှာ အလှူအတန်းတွေလုပ်မယ်၊ ဆေးရုံတို့ ပရဟိတကျောင်းတို့၊ ဘိုးဘွားရိပ်သာတို့ ဘုရား..ကျောင်း…တန်ဆောင်းတွေ လှူမယ်၊ ကုသိုလ်အလုပ်တွေလုပ်မယ်၊ ကိုယ့်တိုင်းပြည်မှာ ခေါင်းချမယ်၊ အဲဒီလိုစိတ်ကူးထားခဲ့တာ"

"အဲဒါလည်း ကောင်းတာပါပဲ"

"ဒါပေမယ့် ခုတော့ အဲဒီစိတ်ကူးက မသေချာတော့ဘူးဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

ခေါင်ကမဖြေဘဲ အသိရခက်စွာ ပြုံးနေသည်။ ပြီးမှ…

"မိန်းမယူရင် ကောင်းမလားလို့ပါ"

ဟု ရယ်ရိပ်ရိပ်နှင့် ဖြေသည်။

"ကောင်းတာပေါ့၊ အဲဒါလည်းကောင်းတာပဲ ခေါင်ရဲ့"

သူမက တကယ့်စိတ်ရင်းနှင့် ပြောမိသည်။

"ပြာက အားပေးတယ်ပေါ့"

"အားပေးတယ်၊ လူဆိုတာ ဘဝလက်တွဲဖော်လိုတယ်လေ"

"ဒါဆိုရင် ပြာကရော၊ ဒီအတိုင်းနေသွားတော့မှာလား"

"ဟုတ်တယ်၊ ဒီအတိုင်းပဲ နေသွားတော့မယ်၊ မဖြစ်မနေ ယောက်ျားတစ်ယောက်ကို ယူရစရာအကြောင်းလည်း မရှိတော့ဘူး၊ ပြီးတော့ ဘယ်ယောက်ျားကိုမှလည်း လက်ထပ်ဖြစ်လောက်အောင် နောက်ထပ်ချစ်ဖြစ်တော့မှာမှမဟုတ်ဘဲ၊





ဒါကြောင့် ပြာကတော့ ဒီအတိုင်းပဲနေသွားတော့မှာ သိပ်သေချာတယ်"

နှစ်ယောက်သား အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားခဲ့မိကြသည်။

ချစ်ခဲ့ဖူးတဲ့…ချစ်နေဆဲ…ချစ်နေဦးမယ့် ယောက်ျားတစ်ယောက်နဲ့လည်း ဘယ်သောအခါမှ ဆုံစည်းပေါင်းဖက်ဖို့မှ မဖြစ်နိုင်တော့ပဲလေ..။

×××



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းမြည်သံလေးကြောင့် အိပ်ပျော်နေရာမှ နိုးသွားရသည်။ နာရီကိုလှမ်းကြည့်မိတော့ မနက် ရှစ်နာရီပင် ရှိနေပြီ။

အိပ်ရာထနေမြင့်နေပြီဖြစ်ပေမယ့် မနေ့ညက ခရီးပင်ပန်းခဲ့တာမို့ အိပ်ရေးမဝနိုင်သေး။ ပြီးမှပင် ဖုန်းပြန်ခေါ်တော့မည်ဟု စဉ်းစားပြီး ပြန်အိပ်မည်စဉ်းစားပြီးမှ ခေါင်များဖြစ်နေလျှင်··ဟူသော အတွေးဝင်လာတာမို့ ခုတင်ဘေးစားပွဲပေါ်မှ ခေါက်ဖုန်းလေးကို လှမ်းယူနားထောင်လိုက်ပါသည်။

"ဟဲလို"

"ဟဲလို··မလား၊ ခေးပါ၊ မ···အိပ်ရာက နိုးပြီ





လားဟင်"

အသံချိုသွက်သွက်လေးနှင့်အတူ မျက်နှာနုဖူးလေးကိုပါ တွဲမြင်လိုက်သည်။

"ဩော်··ခေး··အင်း···နိုးပြီပဲဆိုပါတော့"

"ဟယ်···မ အိပ်တုန်းလား၊ ဆောရီးနော် မ၊ ဆိုးဆောရီးပဲ၊ ခေး နောက်မှပြန်ဆက်လိုက်မယ်နော်"

"ရတယ်၊ ပြောပါ၊ မ, နိုးပါပြီ"

"အားနာလိုက်တာ၊ မ·· ဒီနေ့ဆိုင်ဖွင့်ပြီလားဟင်"

"မဖွင့်ဘူး ခေးရဲ့၊ ဒီနေ့တော့ အနားယူလိုက်ဦးမယ်"

"ဟုတ်လား"

စိတ်ပျက်အားလျော့သံလေး ဖြစ်သည်။

"ဘာဖြစ်လို့လဲ၊ ခေး ဘာလုပ်ချင်လို့လဲ"

"ခေး မိတ်ကပ်လာလိမ်းချင်လို့၊ ဆံပင်လည်းလျှော်ပြီး ပုံနည်းနည်းသွင်းချင်လို့၊ ကိစ္စရှိလို့၊ နည်းနည်းအရေးကြီးလို့ပါ၊ ဒါပေမယ့် မ,က အနားယူမှာဆိုတော့"

"မနက်ဖြန်မှ လာလို့မဖြစ်ဘူးလား ခေးရဲ့၊ တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



လေး အောင့်လိုက်ပေါ့၊ ဒါမှမဟုတ် ခေါင်းလျှော်ပြီး ဒီအတိုင်းလေးပဲသွား၊ လှနေမှာပဲကို"

"ဟင့်အင်း…မတူဘူး မရဲ့၊ မဆီလာမှ ပိုလှသွားတာ၊ မ,လက်ကလေးတွေနဲ့ ကိုင်လိုက်ရင်ကို အလိုလို စိတ်တိုင်းကျသွားတာ၊ ရက်ရွေ့လို့လည်းမရဘူး မ,ရဲ့၊ ဟဲဟဲ‥သိတယ်မဟုတ်လား…ချိန်းထားလို့၊ ဒီညနေ အိမ်လာပြီး နားဖောက်ကြမှာမို့လို့ပါ မ,ရဲ့"

အသံချွဲချွဲလေးမှာ ကြည်နူးရိပ် ရှက်သွမ်းရိပ်တွေ ပါဝင်နေသည်။

ကောင်မလေး…သူပြောပြောနေသော ကိုကိုဆိုသူနှင့် ချိန်းထားခြင်းဖြစ်မည်။ သူမ သိရသလောက် ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံရခြင်းဖြစ်မည်မို့ သည်းသည်းလှုပ် လှချင်နေရှာမှာပင်။

"ဒါဆိုလည်း လာခဲ့လေ၊ မ,လုပ်ပေးလိုက်ပါမယ်၊ ခေး ဘယ်အချိန်လာမှာလဲ"

"ညနေလောက်မှပါ မ,ရဲ့၊ မ,ရောက်ပြီလားလို့ ကြိုဖုန်းဆက်ထားကြည့်တာ၊ ခေး လာပြီး ဖုန်းဆက်ရှိုး





သလို ဖြစ်သွားတာ ဆော်ရီးနော် မ၊ ခေးဖို့ လက်ဆောင်ပါရဲ့လား"

"အေး…ပါတာပေါ့"

"သင့်ခ်ယူနော်…မ၊ စီးယူ၊ ဘိုင့်…"

ခေး ဖုန်းချသွားပါသည်။ ချစ်သူနှင့်တွေ့ရမည်မို့ ငှက်ကလေးတစ်ကောင်လို မြူးပျော်နေသော ခေးအသံလေးကို နားထောင်ကာ ကိုယ်တိုင်ပါ ကူးစက်ကြည်နူးမိသည်မို့ အိပ်ပျက်သွားတာကိုပင် စိတ်ညစ်ဖို့မေ့လျော့ကာ ပြုံးပြုံးလေး ဖြစ်ကျန်ခဲ့မိပါသည်။

ဆက်လည်းမအိပ်ချင်တော့သည်မို့ အိပ်ရာမှထလိုက်တော့သည်။ အိမ်နောက်ဖေးမှာတော့ မိပေါက်နှင့် ကြည်ပြာတို့နှစ်ယောက် အဝတ်လျှော်စက်တစ်လုံးဖြင့် အလုပ်ရှုပ်နေကြသည်။

စံကြီးကတော့ အောက်ထပ်ဆင်းကာ ဆိုင်သွားရှင်းနေလောက်ပြီ။

"မ, နိုးပြီလား၊ အိပ်ဦးလေ၊ အေးအေးဆေးဆေး အနားယူပါ၊ ပေါက်တို့ စကားများနေလို့ နိုးသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူမကို မြင်မြင်ချင်း မိပေါက်က လှမ်းပြောသည်။

"အေးလေ..မ၊ မနေ့ကလည်း ခရီးပန်းထားတာကို၊ အဖျားရှိသေးလား၊ ဘယ်လိုနေလဲ မ"

"ကောင်းနေပါပြီ၊ အခန့်မသင့်လို့ ဖျားသွားတာပါ၊ ဒီနေ့တစ်ရက်လောက် အနားယူလိုက်ရင် ကောင်းသွားမှာပါ၊ သမီးတို့ ဘယ်အချိန်ကတည်းက ထ,အလုပ်လုပ်နေကြလဲ၊ အဝတ်တွေ လျှော်လို့မကုန်နိုင်သေးဘူးလား"

"ဒါ နောက်ဆုံးအသုတ်ပဲ မ၊ ပြီးတော့မှာပါ၊ မ.. မနက်စာ ဘာစားမလဲ၊ ပေါင်မုန့်လေး ကြက်ဥလေးပဲစားရင် ကောင်းမယ်ထင်တယ်နော်"

"အေး...စားတာပေါ့ပဲ"

"ဒါဆို ခဏလေးနော်၊ ပေါက် လုပ်လိုက်မယ်၊ မြန်တယ်"

"ရတယ်၊ အေးဆေးလုပ်၊ မ,မျက်နှာသစ်ဦးမှာ"

သူမ မျက်နှာသစ် အဝတ်အစားလဲပြီးသောအခါ သူမအတွက် ပူနွေးလတ်ဆတ်သော မနက်စာက ထမင်းစားပွဲပေါ် အသင့်ရောက်နေပြီဖြစ်သည်။





"သမီးတို့ရော စားပြီးကြပြီလား"

"ပြီးပြီ..မ၊ မုန့်ဟင်းခါးဝယ်စားတယ်"

"အေး၊ အေး"

"မ...ပြီးရင် ဆေးသောက်လိုက်ဦးနော်၊ ဆေးခန်းလည်း သွားလိုက်ရင် ကောင်းမယ်၊ ဆေးလေးဘာလေး ထိုးလိုက်ရင် မြန်မြန်သက်သာတာပေါ့၊ ကြည်ပြာ အဖော်လိုက်ပေးမယ်လေ"

"နေပါစေ ကြည်ပြာရယ်၊ မ..သက်သာပါတယ်၊ ညနေ ခေါင်လာမယ်ပြောတယ်၊ အဲဒီတော့မှ အခြေအနေ ကြည့်ပြီး သွားလိုက်တော့မယ်"

ကြည်ပြာတို့နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြကာ စပ်ဖြဲဖြဲလေးတွေ ဖြစ်သွားကြသည်ကို ကိုယ်တိုင် မလုံလဲစွာနှင့် သူမက မမြင်ချင် ယောင် ဆောင်နေလိုက်ရသည်။

ခဏနေသောအခါ စန္ဒာ ပြန်တက်လာသည်။

"ဟော...မ၊ နေကောင်းသွားပြီလား"

သူမ မနက်စာစားနေသည်ကိုမြင်လျှင် လှမ်း



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်သတင်းမေး၏။

““ကောင်းနေပြီ၊ ကောင်းနေပြီနော်၊ မကောင်းလည်း ညနေကျတော့ ဆေးခန်းလာပြပေးမယ့် သတင်းလာမေး မယ့် လူရှိတယ်၊ နင် ပူမနေနဲ့””

ကြည်ပြာက ဆီးကြို၍ ပြုံးစေ့စေ့နှင့် ခပ်ထေ့ထေ့ ပြောလျှင် အကင်းပါးသော စံကြီးက ချက်ချင်းသဘော ပေါက်ကာ....

““တယ်ဟုတ်ပါလား...မ၊ မဟုတ်မှလွဲရော... မနေ့ ကတည်းက ဘွတ်ကင်လုပ်သွားတာဖြစ်မယ်””

““ကောင်မလေးတွေနော်၊ ဘယ်လိုဖြစ်နေကြတာ လဲ””

သူမ ရှက်ပြုံးပြုံးနှင့် ပြောမိသည်။

““ဘယ်လိုမှမဖြစ်ပါဘူး မ..ရယ်၊ မ..အတွက် ဝမ်းသာလို့ပါ၊ ကျွန်တော်တို့အစ်မ ဒီလိုမပြုံးတာ မပျော်တာ ကြာပြီမဟုတ်လား””

““လျှောက်ပြောနေပြန်ပြီဟယ်၊ မ...ဘယ်တုန်းက များ စိတ်ဆင်းရဲနေလို့လဲ””





““စိတ်တော့မဆင်းရဲဘူးပေါ့ မရယ်၊ ဒါပေမဲ့ ပျော်ရွှင်တာတောင် အချစ်ကြောင့်ပျော်တဲ့အပျော်နဲ့ တခြား အပျော်နဲ့မတူဘူးလေ၊ အရမ်းကွာတယ်၊ အချစ်ကြောင့် မ..မပြုံးရ မပျော်ရတာ ကြာပြီမဟုတ်လား””

ဘုရားရေ...သူမပုံစံက ဒီလောက်ပဲ သိသာနေရော့ သလားကွယ်။

““ပေါက်ကရတွေ လျှောက်ပြောမနေစမ်းပါနဲ့ စံကြီး ရယ်၊ မွန်မွန်တို့သုံးယောက်ဆီ ဖုန်းဆက်ပြီးပြီလား၊ မ... တို့ ပြန်ရောက်ပြီလို့””

သူမက စကားလမ်းကြောင်း လွှဲပစ်လိုက်ရသည်။

““ဆက်ပြီးပြီ မ..၊ မနက်ဖြန် ဆိုင်ဖွင့်မယ်၊ ကိုးနာရီ အရောက်၊ တစ်ယောက်မှ နောက်မကျစေနဲ့လို့၊ နောက်ကျ တဲ့လူ ဝယ်လာတဲ့လက်ဆောင် မရဘူးလို့ပြောလိုက်လို့ အားလုံး ကိုးနာရီအရောက် လာကြလိမ့်မယ်””

““အေး..ကောင်းတယ်၊ ဒါနဲ့ စံကြီးရေ၊ သုံးနာရီ လောက်ကျရင် ဆိုင်တံခါး တစ်ချက် သွားဖွင့်ပေးထားနော်၊ ကောင်မလေးတစ်ယောက် လာလိမ့်မယ်၊ ခရီးမထွက်ခင်က



www.burmeseclassic.com

www.burmeseclassic.com



လာဖြောင့်သွားတဲ့ ခေး ဆိုတဲ့ ကောင်မလေးလေ”

“သိတယ်…မ၊ ဖြူဖြူချောချောလေးလေ”

“အေး…သူလာရင် မကိုခေါ်ပေးနော်”

“ဘာဖြစ်လို့လဲ မ၊ ဘာလုပ်ဖို့လဲ”

“မိတ်ကပ်လိမ်းချင်လို့တဲ့”

“မ,ကလည်း ဒီနေ့ဆိုင်ပိတ်တယ်လေ၊ နောက်နေ့မှ လာခိုင်းလိုက်ပေါ့”

“အရေးကြီးလို့ပါ၊ မ,လုပ်ပေးမယ်လို့ ပြောထားတယ်”

“မ,ကလည်း အရေးမပါတာ၊ သူက ဘာမို့လို့လဲ၊ မ,နေလည်းမကောင်းဘူး၊ ပင်လည်းပင်ပန်းနေတာကို၊ ပြောပြီးပြီဆိုရင်လည်း ကျွန်တော်ပဲ လုပ်ပေးလိုက်မယ်၊ မ,နေမကောင်းလို့ အိပ်နေတယ်လို့ ပြောလိုက်မယ်”

“ရပါတယ် စန္ဒာရယ်၊ မ,ကိုယ်တိုင် လုပ်ပေးမယ်လို့ ပြောထားပြီးနေပြီ၊ သူနဲ့စေ့စပ်မယ့် အမျိုးသားဘက်က အိမ်ကိုလာကြမှာမို့လို့တဲ့၊ သူလည်း လှချင်မှာပေါ့ဟယ်၊ ကိုယ်ချင်းစာပါတယ်၊ ပြီးတော့…ဘာဖြစ်လို့မှန်းမသိဘူး၊





အဲဒီကောင်မလေးကို မ,မြင်မြင်ချင်းချစ်လို့…လုပ်လည်းလုပ်ပေးချင်လို့ပါ၊ ဟိုကလာရင်သာ မျက်နှာကြီးပုပ်မထားနဲ့ဦး၊ ကြားလား”

မကျေမနပ် ရှုပုပ်ပုပ်ဖြစ်နေသော စန္ဒာ့နှုတ်ဖူးကို လက်ညှိုးဖြင့် ချစ်စနိုးတွန်းပစ်ခဲ့ပြီး ထမင်းစားပွဲမှ သူမ ထွက်လာခဲ့တော့သည်။

အိပ်ခန်းတွင်းမှာ ခရီးသို့ယူသွားသော အလှပြင်ပစ္စည်းတွေကို မှန်တင်ခုံမှာနေရာပြန်ချ၍ ရှင်းလင်းသိမ်းဆည်းပြီးသောအခါ ဧည့်ခန်းဆီထွက်ခဲ့သည်။

ညနေဘက်လောက်ကို အိမ်လည်းရောက်ဖူးအောင် ခေါ်လာမည်ဟုပြောသွားခဲ့တာမို့ ကိုယ့်အိမ်ခန်းလေးကို ပိုသပ်သပ်ရပ်ရပ် ကြည့်ကောင်းနေအောင် ပြင်ဆင်ဖို့စိတ်ကူးမိသည်။

မနက်စောစောက မိပေါက်တို့ လှဲကျင်းထားပြီးဖြစ်သည့်တိုင် ဖုန်စုပ်စက်ယူကာ တစီစီနှင့်စုပ်မည်ပြင်တော့ စန္ဒာက ပြေးလာကာ သူမလက်မှ လာလုသည်။

ခန်းဆီးတွေကိုဖြုတ်၍ အသစ်လဲ၏။ အိမ်နံရံကို



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းပြာနုရောင်လေး သုတ်ထားသည်မို့ ခန်းဆီးတွကိုလည်း အလားတူစပ်ဟပ်မည့် အဆင်အသွေးတွေကိုပင် ရွေးချယ်ထားဖြစ်သည်။

ဆိုဖာဆက်တီတွေကလည်း ရှားရှားပါးပါး ခရမ်းပြာရောင်။ တစ်အိမ်လုံးရှိ အသုံးအဆောင်ပစ္စည်းမှန်သမျှသည်လည်း တတ်နိုင်သမျှ ခရမ်းပြာနုရောင်များသာ။

"မောက်ပိရေ…ဒီနားဈေးလေးပြေးပြီး မ,ကို ဘုရားပန်းလေး ဝယ်ပေးပါဦး၊ သစ္စာပန်း ခရမ်းပြာရောင်လေးရရင် ကောင်းမယ်ဟယ်"

မလန်းဆန်းချင်တော့သော ဘုရားပန်းတွေကို အသစ်လဲလှယ်ချင်တာမို့ မိပေါက်ကို ဈေးလွှတ်ဖို့စဉ်းစားရသည်။

"ဝယ်ခဲ့ပြီးပါပြီ၊ မ‥အကြိုက် သစ္စာပန်းခရမ်းပြာရောင် ရခဲ့ကြောင်းပါ၊ ပေါက်‥မအားသေးလို့၊ ခုပဲ လဲတော့မလို့"

"ဟုတ်လား‥နေ…နေ၊ မ‥ကိုယ်တိုင်ပဲ လဲလိုက်တော့မယ်"

ကိုယ်တိုင်ပဲ ဘုရားပန်း လဲလှယ်လိုက်သည်။ သစ္စာ





ပန်း ခရမ်းပြာလေးတွေရသည်မို့ စိတ်ထဲအတော်ကျေနပ်သွားမိသည်။

ဆက်တီအလယ် မှန်စားပွဲပေါ်မှ အလှတင်သောပန်းစိုက်အိုးလေးကိုလည်း အသစ်လဲလှယ်ထားလိုက်၏။

သူမ အိမ်ရှင်းလင်းနေသည်ကို ကူညီရင်း ကြည်ပြာနှင့်စန္ဒာကား မချိုမချဉ်ပြုံးစစ မျက်နှာလေးတွေကိုယ်စီနှင့်။

အိမ်ကို စိတ်တိုင်းကျ ရှင်းလင်းပြင်ဆင်ပြီး ရေမိုးချိုး ထမင်းစားကြသည်။ မိပေါက်နှင့်ကြည်ပြာက သူမကို ထမင်းမစားစေဘဲ ကြက်သားခေါက်ဆွဲပြုတ် လုပ်ပေးကြသည်။

ထမင်းစားပြီး၍ အိပ်ခန်းထဲ တစ်ရေးတမော နားပြီးသောအခါ အောက်ထပ်ဆိုင်ကို ဆင်းခဲ့သည်။

ဆိုင်ကိုလည်း နံရံမှအစ အသုံးအဆောင်ပစ္စည်း အဆုံး 'ခရမ်းပြာ' ဟူသော ဆိုင်နာမည်နှင့်လိုက်အောင် ခရမ်းပြာရောင်များနှင့်သာ လွှမ်းခြုံအလှဆင်ထားသည်။

ယုတ်စွအဆုံး ကက်စတန်မာအတွက်သုံးသော မျက်နှာသုတ်ပဝါလေးများအားလုံးသည်ပင် ခရမ်းပြာရောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။

ခေါင် တွေ့လျှင်တော့ 'ပြာက သိပ်စိတ်ကူးယဉ် ဆန်တာပဲ' ဟု ပြောဦးမှာသေချာသည်။

ဆိုင်သန့်ရှင်းရေးကို စိတ်တိုင်းကျ မကျ စစ်ဆေးပြီး သန့်ဘက်ခါ shopping အထွက်မှာ ဝယ်ရမည့် လိုအပ်သော ပစ္စည်းများစာရင်းကို ပြုစုသည်။

လက်ရှိ အပြင်အဆင်အနေအထားထက် ဆိုင်ကို ဘယ်လိုမွမ်းမံပြင်ဆင်ရလျှင် ကောင်းမည်လဲဟု အအားမနေဘဲ မှန်းဆတွေးတောကြည့်သည်။

ပြီးလျှင်တော့ ဘေးတစ်ဖက်ခန်းမှ 'ခရမ်းပြာ-၂' ဖက်ရှင်ဒီဇိုင်းဆိုင်ဘက်သို့ ကူးခဲ့သည်။

ဆိုင်နှစ်ခုလုံး ပြိုင်တူပိတ်ထားခဲ့သည်ဖြစ်ရာ ဆိုင်အပြင်အဆင် အခင်းအကျင်း၊ အထည်များ ဖြည့်တင်ဖို့အနေအထား၊ ချုပ်ပြီးသားအင်္ကျီဒီဇိုင်းများ၏ အရှည်အသွေးနှင့် စာရင်းအင်းများကို စစ်ဆေးလေ့လာပြီး နောက်ထပ်အသစ်ချုပ်ရမည့် ဒီဇိုင်းပုံစံကို ကတ်တလော့စာအုပ်လှန်ကာ ရှာဖွေစိတ်ကူးဆဲမှာပဲ ဆိုင်ရှေ့သို့ ခေး၏ကားအနီလေး ထိုး





ဆိုက်လာခဲ့တော့သည်။

ခေး ကားလေးကိုမြင်သည်မို့ အင်္ကျီဆိုင်ထဲမှ ထွက်ပြီး ဟစ်ဖက်ဆိုင်ဆီသို့ ကူးလာခဲ့သည်။

"မ··က ဒီဘက်ရောက်နေတာကိုး၊ ဒီမှာကြည့်ပါဦး၊ ခေး ဝတ်ထားတာ လှရဲ့လားလို့၊ မရဲ့ဒီဇိုင်းလေ"

ခေးက သူ့ကိုယ်လေးကို လှည့်ပတ်ပြပါသည်။ မြန်မာချိတ်လေးကိုမှ နောက်ခွဲစကတ်အရှည်လေးနှင့် လက်ပြတ်အင်္ကျီခါးတင်လေးကို ပုံပန်းကျနစွာ ချုပ်လုပ်ထားသော ဖက်ရှင်ဒီဇိုင်းလေးသည် ခေး၏ မော်ဒယ်ဆန်ဆန် ခန္ဓာကိုယ်လေးမှာ အချိုးကျပြေပြစ်စွာ တင့်တယ်နေပါသည်။

လက်ကိုင်အိတ်လေးကို ထိုအဝတ်ပိတ်သားနှင့်ပင် ဆင်တူချုပ်ကိုင်ထားပြီး စီးကွင့်တွေသီထိုးထားသော မြန်မာပုံတော်ဖိနပ်လေးစီးထားရာ ခေးပုံစံလေးက ယဉ်ကျေးသိမ်မွေ့စွာနှင့် ခေတ်မီလှပနေပါသည်။

"ခေးက လှလိုက်တာ၊ ဒီဝတ်စုံလေးနဲ့ အရမ်းကို ကျက်သရေရှိတာပဲ၊ တကယ်···"

"မ,လောက်တော့ မလှပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မ,ထက် အများကြီးပိုလှတာပါ၊ ခေး သတို့သားလောင်းတွေ့ရင် ကြွေသွားလိမ့်မယ် တကယ်..၊ မ,တောင် အရမ်းချစ်နေပြီ"

ခေးက သဘောလေးကျသွားပါသည်။ လက်ကလေးကိုက်ကာ ကြည်နူးပြုံးလေးပြုံးရင်း 'Thank you မ' ဟုဆိုသည်။

"ခေး...ခေါင်းလျှော်လာသေးလား"

"မလျှော်လာဘူး မ..၊ လျှော်မှာ.."

"ဒါဆို ခဏလေးနော်"

သူမက အိမ်ပေါ်ထပ်သို့ အပေါ်အောက်ပြောသည့် ဖုန်းလေးဖြင့် လှမ်းပြောလိုက်သည်။

"စံကြီးဖြစ်ဖြစ်..ကြည်ပြာဖြစ်ဖြစ် တစ်ယောက် ဆင်းခဲ့ပါကွယ်"

ကြည်ပြာ ဆင်းလာသည်။ ခေးကို ခေါင်းလျှော် ပေး၏။

"ခပ်ဖွဖွပဲ လျှော် ကြည်ပြာ၊ ပျော့ဆေးများများ သုံး"





"ဟုတ်၊ မ...ဆေးသောက်ပြီးပြီလား၊ အဖျားရော တိုင်းဖြစ်သေးရဲ့လား"

"နေ့လယ်ဆေးတော့ သောက်ထားပြီးပြီ၊ အဖျားက ဟန်ဒရက်လောက်တော့ ရှိသေးတယ်"

"မ...ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား"

သူမတို့ပြောသော စကားများကိုကြားက ခေးက ခေါင်းလျှော်နေရာမှ ခေါင်းလေးလှည့်ကာ မေးလာသည်။ သူမ ချောင်းတစ်ချက်နှစ်ချက် ဆိုးလိုက်မိရင်း...

"နည်းနည်းပါ ခေးရယ်၊ ချောင်းသာမှာ ရေမစိမ်စဖူး စိမ်လိုက်လို့လားမသိပါဘူး၊ အပူရှပ်တာလား၊ အအေးမိတာလား မသိဘူး၊ ဖျားလာတာလေ..."

ခေး အလွန်အမင်း အားနာသွားလေတော့သည်။

"ဖြစ်မှဖြစ်ရလေ မရယ်၊ မ,နေမကောင်းတာ ခေး မသိလို့ပါ၊ မ,ကလည်း မပြောဘူး၊ သိရင် ခေး မလာပါဘူး၊ ခုတော့ မ...ကို ဒုက္ခပေးသလိုဖြစ်နေပြီ၊ အရမ်းအားနာဖို့ ကောင်းတာပဲ"

"ရပါတယ် ခေးရဲ့၊ မ,ကပဲ တမင်မပြောတာပါ

www.burmeseclassic.com

www.burmeseclassic.com



ခေး ဒီနေ့သိပ်လှချင်နေမယ်ဆိုတာ ကိုယ်ချင်းစာလို့၊ ဟုတ်ပြီလား…”

“ခေး…ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ မ,ကို အရမ်းကျေးဇူးတင်ပါတယ်နော်”

“ရပါတယ်ကွာ၊ ပြီးရင်သာ‥ဒီနေ့သိပ်ပျော်ခဲ့တဲ့ အကြောင်းကို မတို့ကို ပြောပြဖို့မမေ့နဲ့ဦး”

“စိတ်ချ‥မ၊ ပြောပြမှာ”

ခေါင်းလျှော်ပြီးသွားသော ခေးကို ကြည်ပြာက ဒရိုင်ယာဖြင့် မခြောက်တခြောက် မှုတ်ပေးပြီးနောက် သူမက မိတ်ကပ်စလိမ်းဖို့ ပြင်ဆင်လိုက်သည်။

“မ‥ပါးပါးလေး မသိမသာလုပ်ပေးလိုက်မယ်နော်၊ ခေး…ဝတ်စုံက ဘာအရောင်ဝတ်မှာလဲ”

“ခေးလား…အဖြူများများပဲ ဝတ်မယ်‥မ”

“ဟုတ်ပြီ…မ,လိုက်အောင် ပြင်ပေးလိုက်မယ်နော်”

ခေး မျက်နှာလေးက ခြယ်သရ အဆင်ပြေသော မျက်နှာလေးပါပင်။ ဘာမှ ထူးထူးထွေထွေ ပြုပြင်စရာမလို





ပေ။ မျက်လုံး၊ မျက်ခုံးလေးတွေ နှာတံနှင့် နှုတ်ခမ်းလေးတွေကလည်း အလိုလိုလှပြီးသားမို့ အလှပေါ် အယဉ်ဆင့်ရုံပင်။

“ခေးမှာလေ အလှပြင်ပစ္စည်းတွေတော့ အစ်မတစ်ဝမ်းကွဲ နိုင်ငံခြားကပို့ထားတာ အများကြီးပဲ သိလား၊ ခေးက ပြင်ကိုမပြင်တတ်တာ၊ တော်ရုံအပြင်ထွက်ရင် နို့ရည်နဲ့ တူးဝေးလေးလောက်ပဲ ပါးပါးလိမ်းသွားတာဆိုတော့ မိတ်ကပ်တွေဆို နှစ်ချီဖြစ်ကုန်ပြီ၊ လိမ်းလည်း မလိမ်းတတ်ဘူးလေ”

“အခုလိုနေရာမျိုးကျတော့ မိတ်ကပ်လေးလိမ်းတော့ ပိုလှတာပေါ့၊ မလိမ်းတတ်ရင် မ,လိမ်းတာကို ကြည့်ထား၊ မိန်းကလေးတစ်ယောက်က အပြင်ထွက်ရင် မိတ်ကပ်ပါးပါးလေးတော့ လိမ်းသင့်တယ်”

ခေးက သူမ မိတ်ကပ်လိမ်းသည်ကို အသေအချာ လေ့လာရှာပါသည်။

“ဒါပေမယ့် ခေးလိမ်းရင် လှမှာမဟုတ်ပါဘူး၊ မ,ပဲ ပြင်ပေးရမှာ၊ ခေး လက်မှတ်ထိုးရင်၊ မင်္ဂလာဆောင်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မ,ပဲပြင်ပေးရမယ်နော်၊ ဘယ်လိုလဲ''

''ပြင်ပေးမှာပေါ့ ခေးရဲ့၊ ခေးက နီးပြီမို့လား၊ မ,ကို ကြိုတော့ပြောနော်''

''အင်း…ဒီည သိရမှာပဲ၊ ခေး စိတ်ထင် တစ်လ အတွင်းတော့ဖြစ်မယ်ထင်တယ်၊ ကိုကိုက ပြန်ရဦးမှာဆို တော့လေ၊ ပြီးတော့ မေမေကလည်း သူ့မျက်စိရှေ့မှာပဲ ခေး မင်္ဂလာဆောင်တာကို မြင်ချင်တာ၊ ဒါ့ကြောင့် စေ့စပ်တာနဲ့ လက်ထပ်တာက တစ်ပတ်လောက်ပဲ ခြားလို့ရမှာ''

ခေးအသံလေးက စိတ်လှုပ်ရှားတက်ကြွစွာဖြင့် ရွှင် ကြည်နေပါသည်။

''ဒါပဲနော်၊ ခေး စေ့စပ်ပွဲနဲ့ လက်မှတ်ထိုးတဲ့နေ့ ဝတ်ဖို့ ဝတ်စုံကို မ,ကိုယ်တိုင်စီစဉ်ပေးရမယ်''

''တကယ်..''

''တကယ်ပေါ့၊ မ,အရင်ဒီဇိုင်းဆွဲ၊ ဘယ်လိုပုံစံလေး ဘယ်လိုအသားမျိုး သင့်တော်မယ်ဆိုတာ၊ ပြီးရင်..မနဲ့ခေး သွားဝယ်ကြမယ်၊ ဒီအတွက် မ,ကို လုံးဝယုံတယ်၊ ဘယ် လိုလဲ…၊ မ,ကူညီမှာလားဟင်၊ ကူညီပါနော် မ''





သူမလက်ကို ဆုပ်ကိုင်လှုပ်ရမ်းရင်း ယုံကြည် အားကိုးတကြီး အကူအညီတောင်းခံလာနေသူလေးကို ကြည့် ပြီး သူမ အလိုအလျောက် ခေါင်းညိတ်ပြီးလျက်သား ဖြစ် သွားရသည်။

''ဝမ်းသာလိုက်တာ…မရယ်၊ ခေး ဖုန်းဆက်မယ် နော်၊ ဘယ်နေ့သွားကြမယ်ဆိုတာ၊ လိုက်ဝယ်ပေးဖို့ကို မ, အားရောအားမှာလား၊ မ,အားတဲ့နေ့ သောကြာဆို ကောင်း မယ်နော်၊ ခေးဘာသာဆို ဝယ်တတ်မှာမဟုတ်လို့ပါ မရယ်၊ ခေးမှာက အားကိုးစရာအစ်မတွေ ဘာတွေလည်း မရှိဆို တော့..၊ ပြီးတော့ မ,ကိုလည်း မြင်မြင်ချင်း အစ်မ တစ် ယောက်လို ယုံကြည်အားကိုးလို့၊ တကယ်ပြောတာ၊ မကို မြင်မြင်ချင်း အစ်မတစ်ယောက်လို ချစ်တယ်…သိလား၊ ခေး ပြောတာ ယုံလားဟင်''

''ယုံပါတယ် ညီမရယ်၊ မလည်း ခေးကို မြင်မြင် ချင်း ချစ်ပါတယ်၊ ဒါကြောင့် ကူညီပေးပါမယ်လို့ ကတိ ပေးပါတယ်၊ ခေး အဆင်ပြေမယ်ဆိုရင် လာမယ့် သောကြာ နေ့ပဲ သွားကြတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဒီကော…ခေး လာခေါ်မယ်၊ တစ်ခါတည်း ချိန်းလိုက်ပြီနော်၊ မနက် ဆယ်နာရီလောက်ဆို အဆင်ပြေမယ် ထင်တယ်နော်…မ၊ မကို အဲဒီနေ့ ခေးက နေ့လယ်စာ ကျွေးမယ်၊ မ,စားချင်တဲ့ Restaurant မှာစား"

"ရပါတယ်ကွာ၊ မလိုပါဘူး"

"လိုတယ်…၊ မသိဘူး၊ မကို ကျွေးရမှာကျေနပ်မှာ၊ ခေးကို အလှဆုံးဖြစ်အောင်တော့ စီစဉ်ပေးရမယ်နော်"

"စိတ်ချပါ၊ မ…ကိုယ်တိုင်အတွက်လိုကို သဘောထားပြီး အကောင်းဆုံးစီစဉ်ပေးပါ့မယ်"

သူမက စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်မိခြင်းဖြစ်သည်။ သူမဘဝမှာ လှပခမ်းနားစွာ မင်္ဂလာမဆောင်ဖြစ်ခဲ့။

ကိုစောဦးနှင့်လက်ထပ်ဖြစ်ခဲ့စဉ်က မေမေ့ဆန္ဒကို လိုက်လျောဖြစ်ဖို့သာ အဓိကလိုရင်းမို့ အိမ်မှာ လူကြီးစုံရာရှေ့ လက်မှတ်ထိုးရုံ၊ မင်္ဂလာဆွမ်းကျွေးရုံသာ လုပ်ဖြစ်ခဲ့ရတာ။

ထိုအချိန်မှာ သူမကိုယ်တိုင်ကလည်း တခမ်းတနားလူသိရှင်ကြား မင်္ဂလာဆောင်လိုစိတ် ရှိမနေခဲ့ပေ။ အကျဉ်း





ရုံးလေး ကြေကွဲရသက်သာလေဟုသာ ခံယူထားခဲ့မိတာ။

နောက်ပိုင်းမှာတော့ မင်္ဂလာဆောင်အခမ်းအနားတွေ သွားတိုင်း သတို့သားနှင့်သတို့သမီးတို့ကို ပွဲထုတ်လာသည့် အခါတော်ပေး မင်္ဂလာတေးသွားသံကိုကြားတိုင်း အားကျကြည်နူးစိတ်၊ ဝမ်းနည်းကြေကွဲစိတ်တို့ဖြင့် မျက်ရည်ဝဲခဲ့ရသည်။

သူမဘဝမှာ သည်လိုမင်္ဂလာဆောင်ခွင့်မျိုး ဘယ်တော့မှ ရမလာနိုင်တော့ဘူး မဟုတ်လား။

ခေးကို သူမ အားကျစာနာမိလှပါသည်။ ခေးသည် ခရမ်းပြာ၏ စိတ်ကူးယဉ်အိပ်မက်ထဲမှ သတို့သမီးလောင်းလေး ဖြစ်သွားပေပြီ။ ကိုယ့်စိတ်ဆန္ဒများကို ခေးထံမှာ ပုံးကပ်ဝင်စားကာ ခေးကို အလှဆုံးသတို့သမီးလေးဖြစ်အောင် ဖန်တီးခြယ်မှုန်းဖို့ သူမ စိတ်ကိုင်းဖြတ်လိုက်မိတော့သည်။

"မ‥စကားကိုကြားရတာ ခေးတော့ အရမ်းကို အားရှိပြီး စိတ်ချမ်းသာသွားရပြီ၊ ဒါနဲ့ မရော မင်္ဂလာမဆောင်သေးဘူးလား၊ မမှာ ချစ်သူမရှိဘူးလား"

သူမက ပြုံးနေလိုက်မိတော့ ခေးက ထပ်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"မက ဒီလောက်လှတာ...ချစ်သူတော့ရှိမှာပါ၊ ဝိုင်းဝိုင်းတောင်လည်နေဦးမယ်၊ တမင်လက်မထပ်သေးတာလား၊ ဒီအတိုင်းတော့ အပျိုကြီးမလုပ်ပါနဲ့နော်...မ၊ မ.. အလှတွေကို ခေး နှမြောလွန်းလို့"

သူမက တည်ငြိမ်ရင့်ကျက်စွာ ပြုံးမိကာ...

"ခေးက မကို အပျိုလို့ ထင်လို့လား၊ မက အပျိုမဟုတ်ပါဘူး ခေးရယ်၊ အသက် နှစ်ဆယ့်နှစ်နှစ်အရွယ်လောက်က အိမ်ထောင်ကျခဲ့ဖူးတဲ့ မုဆိုးမတစ်ယောက်ပါ"

ခေးက မယုံနိုင် အံ့ဩသောမျက်ဝန်းများဖြင့် သူမကို မော့ကြည့်ပါသည်။

"အံ့ဩသွားလား ခေး၊ မ တကယ်ပြောနေတာ၊ မ အသက်[illegible]ယ့်နှစ်နှစ်လောက်က အမေက သူဆုံးခါနီး [illegible] ယောကျ်ားပေးစားခဲ့တယ်၊ ခြောက်လလောက်ပဲ [illegible]ပြီး မ ခင်ပွန်း ဆုံးသွားခဲ့တယ်၊ အဲဒီကတည်းက မ ဒီအတိုင်းနေလာတာ၊ နောက်ထပ်လည်း မ အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိတော့ပါဘူး"

ထိုစကားကိုပြောစဉ်မှာတော့ ခေါင့်မျက်နှာကို





ဖျတ်ခနဲ မြင်ယောင်မိသည်။

"ဒါဆို မမှာ ချစ်သူမရှိခဲ့ဘူးလား ဟင်"

သူမက ခပ်ယဲ့ယဲ့ပြုံးမိကာ...

"ရှိတာပေါ့ ခေးရဲ့၊ မ့ဘဝမှာ သိပ်ကိုချစ်ရတဲ့ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ ဒါပေမယ့် သူက သတ္တိမရှိခဲ့ဘူးလေ၊ မ့ကို လက်ထပ်ယူဖို့ ငြင်းခဲ့တယ်၊ မ့ကို အခြေအမြစ်မရှိတဲ့ သံသယတွေနဲ့ ရက်ရက်စက်စက် စွန့်ပစ်ခဲ့တယ်"

"ဟယ်...ဒီလောက်လှတဲ့ မ့ကိုများလေ၊ မုန်းစရာကောင်းလိုက်တာ၊ သူက ဘယ်လောက်များ ကြီးကျယ်ခမ်းနားနေလို့လဲဟင်..မ.."

"သူကလား...အရာရာမှာ အဦးအဖျားမှဖြစ်ချင်တဲ့လူ၊ ချစ်သူအပေါ် သိပ်သဝန်တိုတတ်ပြီး သံသယကြီးလွန်းတဲ့သူ၊ ပတ်ဝန်းကျင်ကို ရှေ့တန်းတင်ပြီး ဖြူစင်အပြစ်ကင်းမှုကို တန်ဖိုးထားတတ်တဲ့သူလေ၊ မ့အတွက် သူက အချစ်ဦးပေမယ့် ရည်းစားဦးမဖြစ်ခဲ့ရဘူး၊ ပြီးတော့ မ့က ပိုးသူပန်းသူတွေများတယ်၊ လူသိများတယ်၊ နောက်..မ့က



www.burmeseclassic.com

www.burmeseclassic.com



ပတွေးနဲ့နေရတယ်၊ မြေနိမ့်ရာ လှံစိုက်တတ်တဲ့ ပတ်ဝန်းကျင်ရဲ့ သွားပုပ်လေလွင့်စကားတွေကို သူကယုံတယ်၊ ဖိုန်းကလေးတစ်ယောက်ရဲ့ ရင်ထဲက စစ်မှန်တဲ့အချစ်ကိုတော့ လျစ်လျူရှုခဲ့တယ်၊ ဒါပေမဲ့ နောက်တော့ သူမှားမှန်း သူပြန်သိပါတယ်၊ ဒါပေမယ့် အရာရာက over ဖြစ်သွားပြီလေ”

ခေးက နှာခေါင်းရှုံ့ပါသည်။

“ခေး အမုန်းဆုံးယောကျာ်းမျိုးပဲ၊ မ,သူ့ကို သိပ်မုန်းသွားမှာပဲနော်”

သူမက ပြုံးပြုံးလေး ခေါင်းခါပြသောအခါ ခေး မျက်မှောင်ကုတ်၍ ကြည့်ပါသည်။

“မ,သူ့ကို ဘယ်တုန်းကမှ မုန်းလို့မရခဲ့ဘူး၊ သူ့အပြင်လည်း နောက်ထပ်ချစ်လို့မရတော့ဘူး၊ ခုထက်ထိလည်း မနဲ့သူ အဆက်အသွယ်ရှိနေကြတယ်၊ တစ်ယောက်ကို တစ်ယောက် နားအလည်ဆုံး အကောင်းဆုံး မိတ်ဆွေတွေ အဖြစ်ပေါ့”

“သူရော အိမ်ထောင်မပြုသေးဘူးလား”

“ဟင့်အင်း”





“မ…သူ့ကိုချစ်နေတုန်းပဲလား”

“အင်း”

သူမက ပေါ့ပါးစွာဖြင့် မဆိုင်းမတွ အဖြေပေးလိုက်ပါသည်။ သူမကိုကြည့်သော ခေးအကြည့်မှာ အလိုမကျရိပ်တွေ ကပ်ငြိနေကြသည်။

“သူကလည်း ခုထိအိမ်ထောင်မပြုသေးတာ မ,ကို စောင့်နေတာလားမှမသိတာ၊ တကယ်လို့ သူက ပြန်ပရိုပို့စ်လုပ်ရင် မ, ပြန်လက်ခံမှာလားဟင်”

ဒီတစ်ခါတော့ သူမက ဖြည်းလေးတည်ငြိမ်စွာပင် ခေါင်းခါပြလိုက်ပါသည်။

“ကမ္ဘာပေါ်မှာ ဆုံစည်းဖို့မဖြစ်နိုင်ဆုံး လူ နှစ်ယောက်ရှိတယ်။ အဲဒါ သူနဲ့မ…ပဲ၊ မ..မပိုင်ချင်တော့ဘူး၊ မပိုင်ဆိုင်ရဲတော့ဘူး၊ မပိုင်ဆိုင်ရက်တော့ဘူး၊ လောကကြီးရဲ့ ဘယ်နေရာမှာ..ဘယ်လိုပုံစံမျိုးနဲ့ပဲ သူရှိနေနေ မအတွက်က ပြည့်စုံပြီ၊ ကျေနပ်ပြီ၊ နေတတ်ပြီ၊ မ,ရင်ထဲက အကြောင်းအရာတွေအားလုံးကိုလည်း သူနားလည်ပါတယ်၊ ဘာလိုသေးလဲ၊ လူအားဖြင့် မပေါင်းစပ်ရပေမယ့် စိတ်ချင်း

၀



www.burmeseclassic.com

www.burmeseclassic.com



က ပေါင်းစည်းပြီးသားပဲ၊ နောက်ထပ် ခွဲခွာခြင်းတွေ၊/၊ မျက်ရည်တွေ၊ သောကတွေမရှိတဲ့ ပေါင်းစပ်ခြင်းမျိုးလေ”/

ဆေးထံမှ သက်ပြင်းချသံလေး ကြားရပါသည်။

“မ,က တော်တော်အချစ်ကြီးတာပဲနော်၊ ချစ်တတ်တဲ့ မိန်းမတွေကျတော့ ကံမကောင်းဘူး၊ အဲဒီလူက တော်တော်မိုက်မဲတဲ့လူပဲ၊ သူ့နာမည်က ဘယ်သူတဲ့လဲဟင်၊ ဆေးမှတ်ထားချင်လို့”

“နာမည်ကလား…၊ နာမည်တော့ မသိချင်ပါနဲ့ ဆေးရယ်၊ သူ့ဘက်ကို ငဲ့ညှာသောအားဖြင့် မ,လျှို့ဝှက်ထားလိုက်ပါရစေ၊ ဒါတွေတောင် ဆေးကို ကိုယ့်ညီမလေးလို သဘောထားလို့ ပြောပြမိတာ..”

“ဆောရီးနော်..မ၊ ဆေး မေးမိတာ မ,စိတ်မကောင်းဖြစ်သွားရရင်..၊ ဆေး တကယ်မသိလို့ပါ၊ ဆေး တကယ်စိတ်မကောင်းဘူး”

ဆေး မျက်နှာလေး ညှိုးရော်ကာ တကယ်ပဲ သူမအတွက် စိတ်မကောင်းဖြစ်နေဟန်ရှိပါသည်။

“ရပါတယ် ညီမရယ်၊ ကဲ..ကဲ…မျက်လုံးလေး





မှိတ်လိုက်ပါဦး၊ မျက်ခွံ လိုင်နာခြယ်ရအောင်”

ဆေးက နာခံစွာ မျက်လုံးလေးမှိတ်လိုက်ပါသည်။

အတော်အတန်ကြာ၍ အလှဆုံးမျက်နှာလေးနှင့် ဆေးနှုတ်ဆက်ပြန်သွားချိန်မှာ မိန်းမသားနှစ်ယောက်သည် အရင်ကထက် ပိုမိုရင်းနှီးကျွမ်းဝင်နေကြတော့သည်။

ထိုနေ့ညနေက ခေါင် ရောက်မလာပါ။ ညဘက်တော်တော်မိုးချုပ်မှ သူမ၏ ခေါက်ဖုန်းလေးဆီ ဖုန်းဆက်လာခဲ့သည်။

ဖုန်းထဲမှ ခေါင့်အသံသည် ပင်ပန်းနွမ်းနယ်နေ၏။ အိမ်ကိစ္စတစ်ခု လိုက်လုပ်ပေးနေရတာမို့ မလာဖြစ်သည့်အကြောင်း ခေါင်က တောင်းပန်သည်။

“ရပါတယ် ခေါင်ရဲ့၊ လာဖို့မလိုပါဘူးလို့ ပြောပြောသားပဲ၊ မိသားစုနဲ့ဆိုတုန်း ခေါင် အလုပ်ရှုပ်နေမယ်ဆိုတာ ပြာ သိပါတယ်”

ဘာမှမဖြစ်သည့်လေသံနှင့် ကြည့်ကောင်းအောင်လိမ်ညာရသည်။ တစ်မနက်လုံး တရှူရှူနှင့် အိမ်ရှင်းနေတာ၊ တစ်ညနေလုံး လည်ပင်းတရှည်ရှည်နှင့် မျှော်နေမိတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါင် မြင်တာမှမဟုတ်ဘဲ။

ပြီးတော့··ချိန်းထားပြီး မလာရကောင်းလားဆိုကာ စိတ်ဆိုးစိတ်ကောက်ပိုင်ခွင့်ရှိသော ချစ်သူရည်းစားတွေမှ လည်း မဟုတ်ဘဲကွယ်။

"ပြာ နေကောင်းရဲ့လား၊ ဆေးခန်းသွားလိုက် သေးလား"

"ကောင်းပါတယ်၊ မလိုဘူးထင်လို့ ဆေးခန်းတော့ မသွားလိုက်တော့ဘူး"

"အဖျားကျသွားပြီလား"

"အင်း···ကျပါတယ် ခေါင်ရဲ့၊ ခေါင် ဘာဖြစ်နေ လဲ၊ ခေါင့်အသံက တစ်မျိုးပဲ"

ပြောမိပြီးမှ အကျင့်မပျောက်နိုင်သေးသော ကိုယ့် ကိုယ်ကို ကျိန်ဆဲလိုက်မိသည်။ ခေါင့်အရိပ်အကဲကို အမြဲ နားလည်ခံစားတတ်နေသော အကျင့်လေ။

ခေါင်က တစ်ချက်ရယ်မောလိုက်ကာ···

"ဘာမှမဖြစ်ပါဘူး၊ ကားမောင်းရတာ နည်းနည်း ပင်ပန်းသွားလို့ဖြစ်မယ်၊ ပြာ စောစောအနားယူလိုက်တော့





လေ၊ ဒါပဲနော်၊ စီးယူ···၊ ဂွဒ်နိုက်"

"ဂွဒ်နိုက်··ခေါင်"

ခေါင် ဖုန်းချသွားပါသည်။ အတွေးများစွာနှင့် သူမ လည်း အိပ်ရာဝင်ခဲ့သည်။

ညသည် ပို၍လုံခြုံနွေးထွေးနေသလို၊ ချစ်သူအနား မှာရှိနေသည်ဆိုသောအသိကြောင့် ဖြစ်မည်ထင်သည်။

×××



www.burmeseclassic.com

www.burmeseclassic.com

"မ…အပြင်မှာ ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

သီရိက အနားနားရပ်ကာ ပြောလာတာမို့ ကောင်တာမှာထိုင်ရင်း တပည့်မလေးတွေ အသီးသီး၏ လှုပ်ရှားမှုအားလုံးကို စောင့်ကြည့်အကဲဖြတ်နေရာမှ သူမ ထိတ်ခနဲ ဖြစ်သွားရပါသည်။

ခေါင်များလား‥ဟူသော အတွေးနှင့် ဖြစ်ပါသည်။

"ဘယ်သူလဲ၊ ယောကျ်ားလား…မိန်းမလား"

"ယောကျ်ားတစ်ယောက်ပဲ…မ၊ မ‥အသိနဲ့ထင်တယ်"

သူမ ကမန်းကတန်းပင် ထိုင်ခုံမှဆင်းကာ ဆိုင်





အပြင်ဘက်သို့ ထွက်သွားလိုက်ပါသည်။

ဆိုင်အပြင်မှာရပ်နေသူက ခေါင်တော့ မဟုတ်။ ခေါင့်သူငယ်ချင်း ညီညီ ဖြစ်သည်။ ခေါင့်သူငယ်ချင်းများထဲမှာ သူမနှင့်အရင်းနှီးဆုံးသော သူငယ်ချင်းဖြစ်သည်။ သူမတို့ဇာတ်လမ်းမှာ ခေါင့်နံဘေးနား အစဆုံးပါဝင်ခဲ့သူလည်း ဖြစ်၏။

"ကိုညီပါလား၊ ကိစ္စရှိလို့လားဟင်"

ကိုညီညီ့ကိုမြင်ရတိုင်း ခေါင်နှင့်ပတ်သက်သော ပြဿနာတစ်ခုခု ရင်ဆိုင်ကြားသိနေရမြဲမို့ အခုလည်း သူမ အနည်းငယ်တော့ တုန်လှုပ်၍သွားမိပါသည်။

မျက်မှန်ထူထူအောက်မှ ငြိမ်သေသော သူ့မျက်လုံးအစုံသည် သူမထံသို့ ဝမ်းနည်းကြေကွဲမှုများကို ယူဆောင်လာခဲ့နေကျဖြစ်သည်။

ညီညီက မပြောင်းလဲသော သူ့ပုံစံအတိုင်း ခေါင်းကို ငုံ့လိုက်ပြီး သူ့မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ကာ…

"ခရမ်းပြာ…အချိန်များ နည်းနည်းရမလားမသိဘူး၊ အလုပ်ချိန်ကြီး လာနှောင့်ယှက်ရတာတော့ အားနာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် ကျွန်တော်လည်း ဒီအချိန်ပဲ အဆင်ပြေလို့ပါ”

“အို…ရပါတယ်၊ အိမ်ပေါ်သွားရအောင်လေ၊ ဒီလှေကားက တက်ပါ”

သူမက ကိုညီညီ့ကို အိမ်ပေါ်ထပ်သို့ ခေါ်လာခဲ့သည်။ အိမ်ပေါ်မှာ တစ်ယောက်မှမရှိတာမို့ စကားပြော၍လည်း လွတ်လပ်ပေလိမ့်မည်။

သူမ၏ ခရမ်းပြာရောင်ဧည့်ခန်းထဲမှာ ထိုင်မိလျှင် ကိုညီညီက ဟိုကြည့်ဒီကြည့် ကြည့်၏။ ပြီးလျှင် ခေါင်းတစ်ညိတ်ညိတ်လုပ်ကာ…

“ခရမ်းပြာက တော်တော်စိတ်ကူးကောင်းတာပဲနော်၊ ဒါနဲ့ ဒီကို ဖိုးခေါင် ရောက်လာပြီးပြီလား”

“ဟင့်အင်း…မရောက်သေးပါဘူး၊ မနေ့ညကတော့ ဖုန်းဆက်ပါတယ်၊ သူ့အိမ်ကိစ္စတွေ လိုက်လုပ်နေရလို့တဲ့”

“ဪ”

“ကိုညီ…ကိစ္စတစ်ခုခုများရှိလား၊ အအေး သုံးဆောင်မလား၊ အပူပဲလား၊ ပြာ သွားယူလိုက်ပါဦးမယ်”

ကိုညီညီက လက်ကာပြပါသည်။





“ဘာမှမလုပ်ပါနဲ့ ခရမ်းပြာ၊ ကျွန်တော် စကားပြောချင်လို့ လာခဲ့တာပါ”

သူမက ခရမ်းပြာနုရောင် အသည်းနှလုံးပုံ ဖက်အုံးလေးကို ရင်ခွင်မှာပိုက်ရင်း ကိုညီ့ထံမှ စကားကို ငံ့လင့်နေလိုက်ပါသည်။

“ဒီလိုပါ ခရမ်းပြာ၊ ခရမ်းပြာသိတဲ့အတိုင်း…ကျွန်တော်လာပြီဆိုကတည်းက ခေါင်နဲ့ပတ်သက်တဲ့ကိစ္စပြောဖို့ပါပဲ၊ တကယ်တော့ ခေါင် မြန်မာပြည်ကိုပြန်လာဖြစ်တဲ့အကြောင်းရင်းက..သူ့အိမ်ကစီစဉ်တဲ့ ကိစ္စတစ်ခုကို လက်သင့်ခံ အကောင်အထည်ဖော်ဖို့ပါ၊ အိမ်က သဘောတူထားတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ပဲဆိုပါတော့”

ဘာမပြော ညာမပြော အရိုက်တည့်တည့် ထိုးချလိုက်သော လက်သီးချက်တစ်ချက်ကို ခံလိုက်ရသလို သူမ ‘အင့်’ခနဲ ဖြစ်သွားရပါသည်။

အကြောင်းအရာကို တုန်လှုပ်တာထက် ခေါင်က ဘာမှပြောမပြထားခဲ့တာကြောင့်ဖြစ်သည်။

“ဒါပေမဲ့ ဒီရောက်တော့ ခေါင် သဘောထားပြောင်းသွားတယ်၊ ပိုပြီးတိကျအောင်ပြောရရင် ခရမ်းပြာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာမှာ ပြန်တွေ့လိုက်ရကတည်းကပဲ ဆိုပါတော့"

"ရှင်..."

"ဟုတ်ပါတယ် ခရမ်းပြာ၊ အစကတော့ ဖိုးခေါင်က ခရမ်းပြာနဲ့လည်း အဆက်အသွယ်ပြတ်တာကြာပြီဆို တော့ ခရမ်းပြာလည်း နောက်အချစ်သစ်တွေ့ပြီး သူ့ကို မေ့သွားပြီလို့ထင်ခဲ့တာ၊ ဒါကြောင့်လည်း သူ့အိမ်ရဲ့အစီအစဉ်ကို အဘိုးကြီး အဘွားကြီးတွေ စိတ်ချမ်းသာပါစေဆိုပြီး လက်ခံခဲ့တာ၊ ဒီရောက်ပြီး မမျှော်လင့်ဘဲ ချောင်းသာမှာ ခရမ်းပြာနဲ့ ပြန်ဆုံလိုက်ရတော့ ခရမ်းပြာဟာ အရင်အတိုင်းပဲဆိုတာ သူသိလိုက်ရတယ်၊ အဲဒီမှာ သူလည်း သူ့စိတ်ကိုသူ မထိန်းနိုင်တော့ဘူးလေ"

သူမ ရင်ထဲတစ်ဆို့ကာ မျက်ရည်များ ရစ်ဝဲလာရပါတော့သည်။ ချောင်းသာမှ ပုံရိပ်များကို ရုပ်ရှင်ပြကွက်များလို အာရုံထဲ ပြန်မြင်ယောင်လာမိသည်။

"ဒီရောက်တော့ သူ့မိဘတွေစီစဉ်ထားတဲ့ အစီအစဉ်ကို လက်မခံနိုင်တော့ဘူး ဖြစ်လာတယ်၊ ဒီမှာ အားလုံးကလည်း စကားလွန်ထားပြီးပြီလေ၊ မင်္ဂလာရက်တွေ ဘာတွေတောင် သတ်မှတ်ထားပြီးနေပြီ၊ ခရမ်းပြာ ဒီလိုရှိနေရက်နဲ့





ခရမ်းပြာရှေ့မှာ သူလက်ထပ်လိုက်ရင် သူ့လောက် ခရမ်းပြာအပေါ် မတရားတဲ့လူ ရှိတော့မှာမဟုတ်ဘူးတဲ့၊ သူနဲ့ဆုံရသမျှဟာ ခရမ်းပြာအတွက် နှစ်နာစရာတွေချည်း ဖြစ်နေမယ်တဲ့၊ သူ ဒီလိုမလုပ်ရက်ဘူးလို့ပြောတယ်၊ ခရမ်းပြာကိုပဲ သူလက်ထပ်မယ်၊ အိမ်ကိုဖွင့်ပြောပြီး အတိုက်အခံလုပ်မယ်လို့ ပြောနေတယ်၊ မနေ့ညကလည်း ကျွန်တော့်အိမ်မှာပဲ၊ တအားမူးနေတာနဲ့ အိမ်ပြန်မပို့ဘဲထားထားတာ၊ ခုတောင်...သူ မသိအောင် ထွက်လာတာ..."

ကိုညီက မောပန်းနွမ်းနယ်သွားသလို စကားကို ရပ်နားလိုက်ကာ မျက်နှာကို လက်ကိုင်ပဝါဖြင့် ပွတ်သပ်နေသည်။

ကိုညီညီ့ကိုကြည့်ရင်း အသက်မဲ့သော အရုပ်တစ်ရုပ်လို သူမ တွေဝေမိန်းမောနေမိပါသည်။ ရင်ထဲမှာတော့ ခံစားချက်တို့က ဗလောင်ဆူနေကြသည်။ နောက်ဆုံးတော့လည်း ဝမ်းနည်းကြေကွဲမှုများသာ သူမဆီ ရောက်လာခဲ့တာပဲမဟုတ်လား။

"ခရမ်းပြာနဲ့ ဖိုးခေါင်တို့ရဲ့ ခံစားချက်ကိုလည်း ကျွန်တော် ကိုယ်ချင်းစာပြီး နားလည်ပါတယ်၊ ခရမ်းပြာ



www.burmeseclassic.com

www.burmeseclassic.com



သိတဲ့အတိုင်း ခရမ်းပြာတို့နှစ်ယောက်ဇာတ်လမ်းမှာ အစအဆုံး ပါဝင်ထားရတဲ့ လူတစ်ယောက်ဆိုတော့ ကာယကံရှင်တွေပြီးရင် နားအလည်ဆုံးက ကျွန်တော်ပဲဖြစ်မှာပါ၊ ဒီတော့ ခရမ်းပြာကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ မေးပါရစေ၊ ဖိုးခေါင်ကို ပြန်လက်ခံစိတ်ကူးများ ခရမ်းပြာဆီမှာ ရှိလား”

သူမက အလန့်တကြား ကိုညီ့ကို မော့ကြည့်လိုက်မိသည်။ ပြီးတော့ ခေါင်းကို ကမန်းကတန်း ခါယမ်းပြလိုက်မိကာ…

“ဟင့်အင်း…မရှိဘူး၊ ခေါင်ကလည်း ပြာ့ကို ဘယ်လိုမှ ကမ်းလှမ်းမလာသေးပါဘူး”

“ကမ်းလှမ်းလာခဲ့ရင်ရော ခရမ်းပြာသဘောထားက ဘယ်လိုရှိမလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါ ခရမ်းပြာ၊ ကျွန်တော့်ကို အားနာစရာမလိုပါဘူး”

“ပြာ…ပြာ ငြင်းမှာပါပဲ၊ ခေါင်နဲ့ပြန်တွေ့ရလို့ ဝမ်းသာပေမယ့် ပြာ့ရပ်တည်ချက်ကတော့ ပြောင်းမသွားပါဘူး၊ ပြာ သူ့ကို ပိုင်ဆိုင်ဖို့ ဘယ်တော့မှ ကြိုးစားမှာမဟုတ်ဘူး၊ အဲဒါကို ခေါင်လည်းသိမှာပါ”

“သူသိပါတယ်၊ ဒါပေမဲ့ သူ့ဘက်ကတော့ ကြိုးစား





မှာပဲ၊ သူက ပေးဆပ်ဖို့ပျက်ကွက်ခဲ့သူကိုး၊ ခရမ်းပြာနဲ့ပတ်သက်ပြီး အပြစ်ရှိသူလို့ တစ်သက်လုံးခံစားနေခဲ့ရတဲ့သူပဲလေ…”

“အဲဒီတော့ ပြာက ဘာလုပ်ပေးရမှာလဲ”

“ခရမ်းပြာကို ကျွန်တော် ဘာမှမလုပ်ခိုင်းချင်ပါဘူး၊ ဖိုးခေါင် ရင်ဆိုင်နေရတဲ့ အခက်အခဲကို ခရမ်းပြာသိရအောင် လာပြောပြတာပါ၊ ကျွန်တော့်အနေနဲ့ကတော့ အားလုံးကို အဆင်တပြေပဲ ဖြစ်စေချင်ပါတယ်၊ ဘယ်သူ့ဘယ်သူမှ မထိခိုက် မနစ်နာစေချင်ပါဘူး”

“ခေါင်က အခု သူ့အိမ်ကို ဖွင့်ပြောပြီးပြီလား”

“မပြောသေးပါဘူး၊ ပြောဖို့တော့ ဆုံးဖြတ်ထားပြီးပါပြီ၊ ပြောတာနဲ့တစ်ပြိုင်နက်လည်း စိတ်မချမ်းသာစရာကိစ္စတွေ ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ လူကြီးတွေဘက်ကလည်း ဘယ်လိုမှအလျှော့ပေးနိုင်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခေါင်က စပြောကတည်းက ငြင်းထားရင်တစ်မျိုးလေ၊ ခုတော့ သဘောတူပါတယ်ဆိုလို့ အားလုံးပြောဆိုစီစဉ်ပြီးကာမှဆိုတော့…၊ ပိုပြီးခက်တာက ကောင်မလေးကလည်း တခြားလူမဟုတ်ဘူး၊ သူတို့ချင်း သိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ငယ်သူငယ်ချင်းရဲ့သမီး၊ အဖေဆုံးသွားတာ သိပ်မကြာသေးဘူး၊ ပစ္စည်းဥစ္စာတွေနဲ့ သားအမိနှစ်ယောက်တည်း မလည်မဝယ် ကျန်ခဲ့တော့ မိသားစုချင်းစောင့်ရှောက် ကူညီတဲ့အနေနဲ့ သားသမီးချင်းပေးစားဖို့ စီစဉ်တာ၊ ကောင်မလေးက ခေါင့်ထက် ဆယ်နှစ်လောက် ငယ်ပါတယ်၊ ခေါင့်ကိုလည်း ချစ်ရှာတယ်၊ အဖေဆုံးလို့ ပူဆွေးလို့မှမဆုံးခင် သမီးအတွက် တစ်ခါအရှက်ရရမယ်ဆိုရင်၊ ဒီအဖြစ်မျိုးကို သားသမီးအပေါ် သိပ်သြဇာကြီးပြီး စည်းစနစ်ကြီးတဲ့ ခေါင့်အဖေက ခွင့်ပြုမယ် မထင်ဘူး၊ ကျွန်တော်တော့ မတွေးရဲဘူး…"

"နေပါဦး…၊ ခေါင်နဲ့လက်ထပ်မယ့် မိန်းကလေး နာမည်က ဘယ်သူ…"

ကိုညီက ခပ်ကြောင်ကြောင်ဖြစ်သွားပြီးမှ…

"ဂုဏ်မြင့်သူ ဆိုလား၊ ကျွန်တော်တို့ကတော့ ခေး ဆိုလို့ပဲသိတယ်၊ ချောချောလေးပဲ၊ ခေါင်တို့နဲ့ ငယ်ငယ်ကတည်းက သိကြတာ၊ ဒါပေမယ့် အသက်ချင်းကွာတော့ တရင်းတနှီးမရှိကြဘူးပေါ့"

ဘုရားရေ…။

သူမက စိတ်ထဲမှ ဘုရားတ,လိုက်မိပါသည်။





ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါလားကွယ်။ ဒါမှမဟုတ် သူမအတွက်ပဲ လောကကြီးက ကျဉ်းကြပ်လွန်းတာလား။

ခေး ပြောနေသော ခေးနှင့်လက်ထပ်မည့် ကိုကို ဆိုတာ အံ့ဖွယ်ခေါင်ဟုခေါ်သော သူမ၏ ခေါင်ပဲပေါ့။

သူမသည် နာကျင်ကြေကွဲရမည့်အစား အော်ဟစ်၍ ရယ်မောပစ်ချင်လာသည်။ စိတ်ထဲမှာ ဘာကို ဘယ်လို ခံစားရမှန်းပင်မသိတော့။

သူမက ရုတ်တရက် ကိုယ်ကိုမတ်မတ်ပြင်ထိုင်လိုက်ကာ…

"ဟုတ်ပြီလေ ကိုညီညီ၊ ပြာ အားလုံးနားလည်သဘောပေါက်သွားပါပြီ၊ ပြာ ဘာလုပ်သင့်တယ်ဆိုတာ အမြန်ဆုံးစဉ်းစားပါ့မယ်၊ ကိုညီညီ ပြန်ပါတော့…"

ကိုညီညီက ထိုင်ရာမှ ထရပ်ပါသည်။ ပြီးတော့ ခရမ်းပြာရောင် ဧည့်ခန်းအတွင်းမှ ဖြည်းလေးစွာ ပြန်လည်ထွက်ခွာသွားတော့သည်။

ဧည့်ခန်းတွင်းမှာ သူမ တစ်ဦးတည်းသာ ကျန်ခဲ့သည်။ တစ်လောကလုံးမှာ ကိုယ့်ဖာစ်ယောက်တည်း ကျန်



www.burmeseclassic.com

www.burmeseclassic.com



ရစ်သလို ခံစားရသည်။

အထီးကျန်ခြောက်သွေ့ခြင်းသည် ရှုးသွပ်သွေးပျက် သွားမတတ် ဖုံးလွှမ်းလိုက်စားလာခဲ့တော့သည်။

×××



သူမက ခေါင့်ကို အိမ်ကိုလာခဲ့ဖို့ ဖုန်းဆက်ချိန်းဆို ထားသောအချိန်မှာ ဧည့်ခန်းအတွင်းမှာ သူမနှင့်အတူ ကိုထွန်း လည်း ရှိနေခဲ့သည်။

တံခါးဘဲလ်သံကြောင့် သူမ တံခါးသွားဖွင့်ပေးလိုက် ချိန်မှာ တံခါးချပ်နောက်ကွယ်မှာ ပေါ်လာခဲ့သော ခေါင့် အသွင်က ကြေကွဲဖွယ်ရာကောင်းလှသည်။ အရည်လက် သော မျက်ဝန်းများနှင့် အတောက်ပဆုံး ပြုံးနေဟန်သည် ကံကြမ္မာကို ကြိုမသိသော ကလေးငယ်တစ်ယောက်လို သနားစရာ အပြစ်ကင်းစင်နေခဲ့ပါသည်။

ခွင့်လွှတ်ပါ ခေါင်ရယ်…။

သူမက ရင်တွင်း အနက်ရှိုင်းဆုံးတစ်နေရာမှ တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



လေး တောင်းပန်မိသည်။ အိမ်ထဲဝင်မိသောအခါ ဧည့်ခန်းအတွင်းမှာ ရောက်နှင့်နေသော နောက်ထပ် ဧည့်သည်တစ်ဦးကိုပါ ခေါင် သတိပြုမိတော့သည်။

သည်မှာတင် ခေါင်က မျက်နှာစတင်ပျက်ကာ သူမကို လှမ်းကြည့်လာသည်။ သူမက ကျွမ်းကျင်အလွတ်ရနေသော ခေါင့်အရိပ်အကဲကို မသိကျိုးကျွံပြုရင်း...

"ခေါင်..ထိုင်လေ"

ဟု ကိုထွဋ်နှင့် မျက်နှာချင်းဆိုင်မှ ဆိုဖာမှာ ခေါင့်ကို နေရာချထားပေးလိုက်သည်။

"ခေါင် ဘာသောက်မလဲ၊ အပူလား..အအေးလား၊ ပြီးမှ မုန့်စားကြတာပေါ့၊ ပြာကိုယ်တိုင် ကြာဆန်ဟင်းခါး ချက်ထားတယ်"

သူမ စကားကို ခေါင် စိတ်ဝင်စားဟန်မတူ။ ခေါင့်မျက်လုံးများက စားပွဲပေါ်မှ လက်စွပ်ဘူးအနီလေးနှစ်ခုဆီမှာ အာရုံကျရောက်နေသည်။

"ဩော်...အင်း"

"ကော်ဖီယူခဲ့မယ်နော်"





သူမက ခေါင့်အတွက် ကော်ဖီတစ်ခွက်ယူလာခဲ့သည်။

"ခေါင့်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက...ကိုထွဋ်တဲ့၊ ကိုထွဋ်မြတ်က ကားစင်းလုံးငှားကုမ္ပဏီ ဖွင့်ထားတယ်၊ ကိုထွဋ်...သူက ခေါင်လေ၊ ပြာ့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေပေါ့၊ နိုင်ငံခြားက ခဏပြန်ရောက်နေတာ"

ယောကျ်ားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လက်ဆန့်ပေးရင်း လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ထွဋ်မြတ်ပါ ခင်ဗျ"

"အံ့ဖွယ်ခေါင်ပါ၊ တွေ့ရတာဝမ်းသာပါတယ်"

ပြီးလျှင်တော့...ကိုထွဋ်က အနည်းငယ် လည်ချောင်းရှင်းလိုက်ကာ...

"ကိုအံ့ဖွယ်ခေါင် အကြောင်းကိုတော့ ခရမ်းပြာက မကြာခဏပြောလို့ နာမည်နဲ့တော့ ရင်းနှီးနေတာကြာပါပြီ၊ လူချင်းကတော့ ခုမှပဲဆုံဖြစ်ကြတော့တယ်၊ ဒါနဲ့ ချောင်းသာမှာ ဆုံလာခဲ့ကြတာဆို"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်က ခပ်တိုတိုသာဆိုသည်။ ပြုံးထားသော်လည်း ခေါင့်အပြုံးက အသက်မဲ့လာပြီ။

"အဲဒါသာကြည့်..ကိုခေါင်ရေ၊ ကျွန်တော်သိရင် ကားလိုက်မောင်းပေးမှာစိုးလို့ ကျွန်တော့်ကိုမပြောဘဲ ခိုးထွက်သွားကြတာ၊ ကျွန်တော်သိရင် ဘယ်တော့မှ သူတို့ကို ဒီအတိုင်းမလွှတ်ဘူး၊ ကားမောင်းဘယ်လောက်ကျွမ်းကျွမ်း ဟိုင်းဝေးခရီးဆိုတာ မိန်းကလေးနဲ့ မသင့်တော်ဘူးလေ၊ ကျွန်တော်ကတော့ စိတ်ပူတယ်"

ခေါင်က အလိုက်သင့်ပြုံး၍ ခေါင်းညိတ်သည်။ ခေါင့်မျက်ဝန်းမှာတော့ သံသယရိပ်တွေဖြင့် မှိုင်းညို့နေခဲ့ပြီဖြစ်သည်။

"ကိုထွဋ်ကလည်း တော်လောက်ပါပြီ၊ ပြန်ရောက်ကတည်းက တွေ့သမျှလူရှေ့မှာ ဆူနေရတာ မမောသေးဘူးလားမသိဘူး၊ နောက်တစ်ခါ မသွားတော့ဘူးလို့ ပြောပြီးသွားပြီပဲ"

"ဆူတာမဟုတ်ပါဘူး ခရမ်းပြာရယ်၊ အန္တရာယ်ဖြစ်မှာစိုးလို့ စိုးရိမ်လို့ပြောပြတာပါ"





ခေါင် ခေါင်းငုံ့ထားရင်း နှစ်ဖက်ယှက်ထားသည့် သူ့လက်ချောင်းများကို သူငုံ့ကြည့်နေသည်။

သူမက ခေါင့်ကိုကြည့်ရင်း ဝမ်းနည်းကြေကွဲလာသည့်စိတ်ကို တင်းကာ…

"ခေါင့်ကို ခေါ်လိုက်တာ ကိုထွဋ်နဲ့မိတ်ဆက်ပေးချင်လို့လေ၊ ပြီးတော့ ခေါင်က ပြာ့ရဲ့အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်ဆိုတော့ ကိစ္စတစ်ခုလည်း အသိပေးချင်လို့ပါ"

ခေါင်က မျက်လွှာပင့်၍ သူမကိုကြည့်သည်။ ဘာမှန်း မသေချာ မသဲကွဲသည့်တိုင် တစ်ခုခုကိုတော့ ရိပ်မိသိရှိနေသည့်မျက်ဝန်းများဖြစ်သည်။

ထိုမျက်ဝန်းများအောက်မှာ ပြာသည် ဟန်ချက်ပျက်မသွားဖို့ကို အတော်ပင် ကြိုးစားအားထုတ်ရ၏။

"ကိုထွဋ်နဲ့ပြာ လက်ထပ်ကြတော့မယ့် အကြောင်းပါ"

ခေါင့်မျက်ဝန်းထဲမှ သနားဖွယ်ရာ အံ့သြတုန်လှုပ်မှုသည် သူမဆီသို့ ဝမ်းနည်းကြေကွဲမှုအဖြစ် ကူးစက်ရောက်ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ အေးအေးဆေးဆေးမှပဲလို့ သဘော ထားခဲ့တာ၊ ခုတော့ နယ်က ကိုထွဋ်ဖေဖေက ကျန်းမာရေး အခြေအနေ သိပ်မကောင်းတော့တာနဲ့ သူ့သားကို သူကိုယ် တိုင် လက်ထပ်ပေးသွားချင်တယ်ဆိုလို့ အမြန်စီစဉ်လိုက်ရ တာလေ၊ ရှေ့တစ်ပတ်ထဲပဲ ပြာတို့ နယ်မှာသွားပြီး လက် မှတ်ထိုးရမယ်၊ အကျဉ်းရုံးပါပဲ၊ ရန်ကုန်မှာတော့ အဲဒီက ပြန်လာပြီးမှပဲ အေးအေးဆေးဆေး လုပ်တော့မလားလို့၊ အဲဒီ အခါကျမှပဲ ခေါင့်ကိုဖိတ်တော့မယ်နော်၊ ခေါင် ရှိနေဦးမယ် မဟုတ်လား"

"သြော်…အင်း…၊ ရှိချင်ရှိနေဦးမှာပါ၊ ပြောလို့တော့ မရဘူး"

"ရှိရင်တော့ ပိုကောင်းတာပေါ့ဗျာ"

ခေါင်က ကြိုးစားပြုံးသည်။ သို့သော် ကြေကွဲ တုန်လှုပ်မှုကို ဖုံးဖိမရသော မျက်လုံးတွေကြောင့် အပြုံးက မပီပြင်တော့။

ခေါင် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ခေါင့်ကို ကြည့်ရသည်မှာ ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးလိုပင်။





နောက်ဆုံးတော့ ခေါင် ထရပ်လိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး၊ သွားစရာကိစ္စလေး တစ်ခု ခုမှသတိရလာလို့ပါ၊ ခရမ်းပြာ…ခေါင်သွားမယ်"

သူမ ဘာတစ်ခွန်းမှမပြောနိုင်သေးခင် ခေါင်က ခရမ်းပြာရောင်ညှော့ခန်းအတွင်းမှ ခြေလှမ်းကျဲကြီးများနှင့် အပြင်သို့ အလျင်စလို ထွက်ခွာသွားတော့သည်။

တိုက်ရှေ့က ဝေါခနဲ မောင်းထွက်သွားသော ခေါင့် ကားသံ နားထဲမှပျောက်ကွယ်သွားလျှင်တော့ ဆိုဖာပေါ် အတောင့်သားထိုင်နေမိရာမှ လက်ဝါးနှစ်ဖက်ထဲ မျက်နှာ အပ်ကာ 'အင့်'ခနဲ ရှိုက်ငိုချလိုက်မိတော့သည်။

အငိုတိတ်ဖို့ ကိုထွဋ်က မချော့မော့ပါ။ သူ့အနေနှင့် မစွမ်းဆောင်နိုင်မှန်း ကိုထွဋ် သိထားသောကြောင့်ဖြစ်သည်။ ချစ်သူနှစ်ဦး၏အဖြစ်ကိုကြည့်ပြီး စိတ်မချမ်းမြေ့စွာ သက်ပြင်း ချရုံမှလွဲ၍ ကိုထွဋ် ဘာမှမတတ်နိုင်။

အငိုတိတ်လျှင်တော့ ခရမ်းပြာထံမှ စကားတစ်ခွန်း ကြားရဖို့ရှိပါသည်။ အဲဒါကတော့…

"အခုလိုကူညီတဲ့အတွက် ကိုထွဋ်ကို ပြာ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



အများကြီးတင်ပါတယ်''

ဆိုသော စကားပင်...။

×××



ညနေစောင်းခါစအချိန်ဖြစ်သည်၊ ကိုထွဋ်လည်း ပြန်သွားပြီ။ အသိစိန်ဆိုင်မှ ငှားလာသော လက်ထပ်လက်စွပ် နှစ်ဘူးကိုလည်း ဆိုင်ပြန်ပို့ဖို့ ယူသွားပြီဖြစ်သည်။

ဧည့်ခန်းအတွင်း ဆိုဖာတစ်လုံးပေါ်မှာ မျက်ရည်လည်ရွဲနှင့် သူမတစ်ယောက်တည်း ကျန်ခဲ့ချိန်ဖြစ်၏။

ခေါက်ဖုန်းလေးမှ မြည်လာသည်မို့ လေးဖင့်စွာဖြင့် ကောက်ယူကာ ထူးလိုက်ပါသည်။

''ဟဲလို''

''ပြာ...ကိုယ် လမ်းထိပ်မှာစောင့်နေတယ်၊ ခု ချက်ချင်း ထွက်လာခဲ့ပါ''

ပြောပြီးပြီးချင်း ခေါင် ဖုန်းပြန်ပိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက် ဘာလုပ်ရမှန်းမသိ။ မသွားဘဲ ဒီအတိုင်းနေလိုက်ရမည်လား။

မဖြစ်နိုင်ပါ။ ရှိနေမှန်းသိလျက်နဲ့တော့ ရှောင်၍ရမည်မဟုတ်။ ပြီးတော့… အမှန်ကိုဝန်ခံရလျှင် သူမကိုယ်တိုင်ကလည်း ခေါင့်ကို မတွေ့ဘဲ မနေချင်။

နောက်ပြီး ရှောင်စရာ ဘာလိုလို့လဲ၊ မသိချင်ယောင်ဆောင်ပြီး သွားတွေ့ရုံပင်။ တစ်ခုပဲ စိုးရိမ်သည်။ ခေါင့်ပေါက်ကွဲမှုတွေကို သူမ မမြင်တွေ့မခံစားရက်တာပဲဖြစ်သည်။

ခေါင့်အသံကား အေးစက်မာကျောလျက်ရှိသည်။ နေ့လယ်ကကိစ္စနှင့်ပတ်သက်ပြီး ခေါင် အကြီးအကျယ်နာကျင်ပေါက်ကွဲခံစားနေရပြီဆိုတာ မသိရက်ရက် သိနေပါသည်။

ကမန်းကတန်း မျက်နှာသစ်၊ အဝတ်အစားလဲပြီးနောက် မိပေါက်တို့ကို အပြင်ခဏသွားဦးမည်ဟုမှာကြားကာ ကားမယူဘဲ လမ်းထိပ်ကို ထွက်လာခဲ့သည်။

CYGNUS အမည်းရောင်ကြီး လမ်းထိပ်မှာ ရပ်တန့်





ထားသည်။ သူမ အနားရောက်သွားသောအခါ ကားတံခါးက ပွင့်ကျလာသည်။ သူမ ကားထဲဝင်ထိုင်မိသောအခါ ခေါင်က ကူရှင်ခုံကို နောက်လှန်မှီလျှောထိုင်နေရာမှ ပြန်မတ်ပြီး သူ့မျက်လုံးများကိုဖုံးကွယ်ဖို့ နေကာမျက်မှန်အနက်ကို တပ်လိုက်သည်။

ပြီးသည်နှင့် ကားကို ငြိမ့်ခနဲနေအောင် ခပ်ကြမ်းကြမ်း မောင်းထွက်လိုက်ပါသည်။

လမ်းတစ်လျှောက်လုံး ခေါင် စကားမပြော။ ကားကိုသာပဲ သဲသဲမဲမဲ ဖိမောင်းနေသည်။ ကားက ပြည်လမ်းမကြီးပေါ် ရောက်လာသည်။

"ခေါင်…ဘယ်သွားမလို့လဲဟင်"

"ခေါင် ဘယ်သွားသွား ခရမ်းပြာ မလိုက်နိုင်ဘူးလား"

"ဘာပြောတာလဲ ခေါင်ရဲ့၊ ခေါင် ဘယ်သွားချင်လို့လဲ"

"ခေါင်…ပြာ့ကို ခိုးပြေးလာတာ"

သူမ တကယ်ပဲ ထိတ်လန့်သွားပါသည်။ ထွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာမိတာ မှားသွားပြီလားဟု နောင်တရလိုက်မိသည်။ သို့သော်လည်း ထိုစိုးရိမ်ပူပန်စိတ်ကို ချက်ချင်းပင် မျိုသိပ်ပစ်လိုက်ကာ…

"ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ခေါင် ဘယ်သွားရမှန်းမသိရင် ပြာ ပြောရမလား၊ အင်းလျားကန်ပေါင်ပေါ်သွားရအောင်လေ၊ အဲဒီမှာ ကျောင်းတုန်းကလို မုန့်တီသောက်ပြီး အကြော်စားမယ်၊ ပြီးရင် လမ်းလျှောက်ကြမယ်လေ၊ မကောင်းဘူးလား၊ ပြာ အဲဒီကိုမရောက်တာကြာပြီ ခေါင်ရ၊ ခေါင်ဆို ပိုကြာရောပေါ့၊ မသွားချင်ဘူးလားဟင်"

ခေါင် ဘာမှပြန်မပြော။ သို့သော်လည်း ခေါင့်ကားက အင်းလျားဘက်သို့ ဦးတည်နေသည်မို့ သူမ စိတ်အေးသွားရသည်။

ခေါင်က တကယ်ပဲ ကန်ပေါင်ဆီသို့ မောင်းပါသည်။ ကန်စပ် အားပုလျှာပူဆိုင်လေးမှာထိုင်၍ ရခိုင်မုန့်တီနှင့် အကြော်စုံမှာယူသည်။ ခေါင်စပ်လျှင် အစပ်ပြေသောက်ဖို့ အအေးပုလင်းပါ ကြိုမှာထားလိုက်၏။

ခေါင်က သူမနှင့်မျက်နှာချင်းဆိုင်မှာထိုင်ကာ သူမ





လုပ်သမျှ ငေးကြည့်နေ၏။ ပြီးမှ…

"ပြာ…ခေါင့်ကို ဘာလို့ညာရတာလဲ"

"ဘာလဲ ခေါင်၊ ဘာညာလို့လဲ"

"ပြာ လက်မထပ်တော့ဘူးပြောတာလေ၊ ပြာ ဒီတစ်သက် ဒီအတိုင်းပဲနေတော့မယ်ဆို၊ အဲဒီ ကိုထွန်းဆိုတာက ဘယ်ကပေါ်လာတာလဲ"

"ဪ…ဒါလား၊ ကိုထွန်းနဲ့ပြာ သိတာကြာပါပြီ၊ ပြာတို့ဆိုင်ကအဖွဲ့တွေ ခရီးသွားဖို့ ကားငှားရင်းက သိခဲ့တာ၊ ကိုထွန်းက ပြာ့ကို ပရိုပိုစ်လုပ်ထားတာ ကြာပါပြီ၊ ပြာကသာ အချိန်ယူစဉ်းစားနေတာ"

"ဒါဆိုလည်း ဒီလောက်တော့ ခေါင့်ကိုအသိပေးတားဖို့ကောင်းတယ်၊ အဲဒီလောက်သိထားရင် ခေါင် ဖြေသာသေးတယ်၊ နေ့လယ်က ပြာလုပ်လိုက်တဲ့အလုပ်က အရမ်းဆိုးတယ်ကွာ၊ တကယ်ဆို ဖုန်းထဲမှာဖြစ်ဖြစ် ခေါင့်ကိုခေါ်ရတဲ့အကြောင်းကို ကြိုပြောသင့်တယ်၊ ခေါင် ဘာမှန်းမသိဘဲလာတယ်၊ မမျှော်လင့်တဲ့စကားကို ကြားလိုက်ရတယ်။ ခေါင် ဘာဖြစ်သွားမယ်ထင်လဲ၊ ပြာ့ကို ခေါင် ဘယ်လိုမှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မလည်နိုင်တော့ဘူး၊ မျက်လှည့်ပြလိုက်သလိုပဲ၊ ချောင်းသာက ပြာနဲ့ အခု ပြာ လုံးဝမတူတော့ဘူး"

ခေါင် ဆံပင်တွေထဲကို လက်ချောင်းများထိုးသွင်းကာ ခေါင်းငိုက်စိုက်ချထားလိုက်သည်။ သူမ ရင်ထဲ ဆို့တက်ကာ ကြေကွဲလာရသည်ကို နှုတ်ခမ်းကိုက်ကာ ထိန်းချုပ်ထားရသည်။

"ဟုတ်တယ်နော်၊ အဲဒီတုန်းကတော့…ခေါင့်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ အားလုံးကိုမေ့သွားတာနေမှာ၊ အဲဒီမှာ ပြာ တကယ့်ကို စိတ်လွတ်လက်လွတ် နေခဲ့မိတယ်၊ ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းဆိုတာကိုလည်း မေ့ထားလိုက်မိတယ်။ အခုတော့ ပြာတို့ တကယ့်လက်တွေ့ဘဝထဲ ပြန်ရောက်ပြီလေ"

ခေါင်က သူမကို မော့ကြည့်သည်။

"လက်တွေ့ဘဝထဲ‥ဒါဆို ချောင်းသာမှာတုန်းက စိတ်ကူးယဉ်အိပ်မက် မက်ခဲ့တာပေါ့၊ ဟုတ်လား"

"ပြာ အဲဒီလိုဆိုလိုတာမဟုတ်ပါဘူးခေါင်ရယ်၊ အဲဒီမှာတုန်းက ပြာနဲ့ခေါင်နှစ်ယောက်တည်းပဲ ရှိတယ်လေ၊ အခု





ပြာတို့နှစ်ယောက်တည်း မဟုတ်တော့ဘူး၊ လက်တွေ့ဘဝအသီးသီးထဲမှာ ထည့်တွက်ငဲ့ညှာထောက်ထားရမယ့်သူတွေရှိလာပြီ၊ ခေါင်ဆိုရင်လည်း‥ခေါင့်ဘဝ ခေါင်ဆက်လျှောက်ရဦးမယ်၊ တစ်နေ့နေ့မှာ အိမ်ထောင်ပြုရဦးမယ်၊ ပြာ့အနေနဲ့လည်း ဒီလိုပဲပေါ့၊ မိန်းမသားတစ်ယောက်တည်း ဘဝဟာ အရှည်မှာ မတင့်တယ်ဘူး၊ သင့်တော်မယ့် အိမ်ထောင်ဖက်တစ်ယောက်တော့ ပြာ ရှာရဦးမှာပဲ၊ ကိုထွန်းကို ပြာ အကဲခတ်လာတာ ကြာပါပြီ၊ သူက ပြာ့အတွက် အသင့်တော်ဆုံးပဲ၊ ဒါပေမယ့် ဒီလောက်မြန်ဖို့ မဟုတ်ပါဘူး၊ ဒါကြောင့်မို့ ခေါင့်ကိုတောင် အေးအေးဆေးဆေးမှ အသိပေးမလို့၊ မမျှော်လင့်ဘဲ သူ့အဖေရဲ့ကျန်းမာရေးကိစ္စက ပေါ်လာတော့၊ အဲဒါကြောင့်ပါ ခေါင်‥၊ နေ့လယ်ကလုပ်ရပ်က ခေါင့်အပေါ် ရိုင်းစိုင်းရာ ရက်စက်ရာကျသွားတယ်ဆိုရင် ပြာတောင်းပန်ပါတယ်"

"ပြာ သူ့ကိုချစ်လား"

"ပြာ့ဘဝမှာ အိမ်ထောင်ရေးနဲ့အချစ်ဆိုတာ ဘယ်တုန်းက ထပ်တူကျခဲ့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင် ငိုင်သွားပြန်ပါသည်။

"ခေါင် မှားခဲ့ပါတယ် ပြာ၊ အဲဒီအပြစ်တွေကို ခေါင် ပြန်ပေးဆပ်ချင်ပါတယ်၊ ခေါင့်ကို ခွင့်ပြုပါလား၊ ခေါင့်ကို ပြာ လက်ထပ်ခွင့်မပေးနိုင်ဘူးလား"

"ဘုရားရေ…အံ့ဖွယ်ခေါင်က ခရမ်းပြာကို လက်ထပ်ခွင့်တောင်းတယ်တဲ့လား၊ ပြာ..အိပ်မက်များ မက်နေတာလားဟင်၊ အပျိုဘဝမှာတောင် မသေချာတဲ့ သံသယလေးတစ်ခုနဲ့တင် လက်ထပ်ဖို့ မရဲခဲ့တဲ့သူက အခုလို ဘဝမျိုးမှာ ပြာ့ကို ပြန်လက်ထပ်ယူဦးမတဲ့လား၊ ပြာ အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်…"

ခေါင်က သူမကို တအံ့တဩ မော့ကြည့်သည်။ ခေါင့်မျက်ဝန်းထဲမှာ အံ့ဩရိပ်၊ နာကျင်ရိပ်၊ ပြီးတော့ တစ်စုံတစ်ခုကို နောက်ကျစွာသဘောပေါက်လိုက်ရသည့် ကြေကွဲဝမ်းနည်းရိပ်များ။

"ပြာ…ကိုယ့်ကို ကလဲ့စားချေလိုက်တာလား ဟင်"

သူမက အသာအယာရယ်မောမိကာ…

"မချေပါဘူး ခေါင်ရယ်၊ အဲဒီသဘောဖြစ်ခဲ့ရင်





လည်း ဒါက ကံကြမ္မာကပေးတဲ့ အတုံ့အလှည့်ဆိုတာမျိုးပဲဖြစ်မှာပါ၊ တစ်ချိန်က ခေါင့်ကိုလက်ထပ်ချင်တဲ့ မိန်းကလေးတစ်ယောက်ကို ခေါင်က ငြင်းပစ်ခဲ့ဖူးတယ်၊ အခု ခေါင့်ကို လုံးဝလက်မထပ်ရဲတော့တဲ့ မိန်းမတစ်ယောက်ကို ခေါင်က လက်ထပ်ချင်နေပြန်တယ်၊ သံသရာဆိုတာ လည်နေတာပဲ ခေါင်ရဲ့"

ခေါင် ခေါင်းငိုက်စိုက်ကျသွားပြန်ပါသည်။

"ဟုတ်ပါတယ်၊ ခေါင် ဝဋ်လည်နေတာပါ၊ ခရမ်းပြာအပေါ် တင်ခဲ့တဲ့ အပြစ်အကြွေးတွေအတွက် ဘယ်အချိန်မှာများ တစ်လှည့်ပြန်ခံစားရမလဲလို့ ဘဝတစ်လျှောက်လုံး တထိတ်ထိတ်နဲ့ စောင့်နေခဲ့တာကြာပါပြီ၊ ဒါကြောင့်လည်း ခု ချိန်ထိ ဘယ်မိန်းကလေးနဲ့မှ မပတ်သက်မိအောင် နေခဲ့တယ်။ လည်မယ့်လည်တော့လည်း ခရမ်းပြာဆီကိုမှ တည့်တည့်မတ်မတ် ပြန်ရောက်လာခဲ့တာပဲ၊ ခေါင် ကျေနပ်ပါတယ်လေ၊ ခေါင် အကြွေးတင်ခဲ့တဲ့သူဆီမှာပဲ ခေါင့်အပြစ်တွေကို ပြန်ပေးဆပ်ခွင့်ရလို့…၊ ပြာ ကျေနပ်တယ်မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လာခဲ့သော ခေါင့်မျက်ဝန်းတွေမှာ မျက်ရည်ကြည်တွေ ရစ်ဝဲလို့..။ မမြင်ရက်စွာ သူမ ခေါင်းကို အသာအယာ ခါယမ်းမိသည်။ သူမလုပ်ရပ်က ခေါင့်ကို ဝဋ်လည်ပေးဆပ်စေဖို့ ဖြစ်သွားခဲ့သလား။

မရည်ရွယ်ပါဘူး ခေါင်ရယ်..။ ခွင့်လွှတ်ပါ။ ပြာ ဆုံးဖြတ်ခဲ့တာ ခေါင့်အတွက်ပါ။ ခေါင့်ကို သိပ်ချစ်လွန်းလို့ပါ။ ပြာတို့နှစ်ယောက်မှာ ဒီဘဝအတွက် ပေါင်းစပ်ဖို့ ကံကြမ္မာ မပါလာခဲ့ဘူးလေ။

"ခေါင့်ကို ပြာ ဘယ်တုန်းကမှ အပြစ်မယူခဲ့သလို ပြန်ပေးဆပ်ရပါစေဆိုတဲ့ စိတ်ထားမျိုးလည်း ဘယ်တုန်းကမှ မထားခဲ့ပါဘူး ခေါင်ရယ်၊ ခေါင့်ကို ပြာ ဘယ်တုန်းကမှ မမုန်းခဲ့သလို မေ့လည်းမမေ့ရက်ခဲ့ပါဘူး၊ ခုထိလည်း ချစ်နေတုန်းပါပဲ၊ ဒါပေမယ့် အဲဒီအချစ်က ရယူပိုင်ဆိုင်လိုမှုတွေ၊ ပတ်သက်ပျော်ဝင်လိုမှုတွေ မပါတော့တဲ့ အငွေ့သက်သက် ချစ်ခြင်းပဲ၊ ခေါင် ဘယ်ဘဝပဲရောက်ရောက် ဘယ်နေရာမှာပဲရှိနေနေ ပြာ အမြဲချစ်နေနိုင်တယ်၊ လေလိုပဲပေါ့... မမြင်တွေ့နိုင်ပေမယ့် နေရာတိုင်းမှာ ရှိနေနိုင်တယ်လေ"





သူမကို ငေးစိုက်ကြည့်နေသော ခေါင့်မျက်ဝန်းများ တဖြည်းဖြည်းကြည်လင်လာပါသည်။

"ခေါင်နဲ့ပြာဟာ အမြဲတမ်း အရင်းနှီးဆုံးမိတ်ဆွေတွေပဲ၊ ဟုတ်တယ်နော်၊ တစ်ယောက်ကိုတစ်ယောက် နားအလည်ဆုံး လူသားနှစ်ယောက်၊ ပြာတို့နှစ်ယောက် ဘယ်တော့မှမဝေးဘူး ခေါင်၊ ခွဲခွာရှုတ်ဆက်ခြင်းဆိုတာ ပြာတို့ကြားထဲမှာ ဘယ်တော့မှမရှိဘူး၊ ခေါင် နားလည်တယ်နော်"

ခေါင်က သူမကို ငေးငေးကြီး ခွေးမြည့်စွာကြည့်နေပါသည်။ ပြီးတော့မှ မျက်လုံးစုံမှိတ်ရင်း ဖြည်းညင်းစွာ ခေါင်းညိတ်သည်။ ခေါင့်မျက်ဝန်းစပ်မှ မျက်ရည်စများကို သူမက အသာအယာဖယ်ရှားပေးလိုက်သည်။

"ပြီးရင်...ပြာတို့ ဟိုးအရင်က ခုံတန်းလေးမှာ သွားထိုင်ရအောင်နော်"

ခေါင်က တုံ့ပြန်မှုမဲ့စွာဖြင့် သဘောတူပါသည်။

ဆိုင်မှထွက်သောအခါ ကန်ပေါင်တစ်လျှောက် လမ်းလျှောက်လာခဲ့ကြသည်။ မှောင်ရီပျိုးပြီမို့ လောကကြီးတစ်ခုလုံး ချမ်းမြမြဖြစ်လာသည်။ မြူတွေဆိုင်းနေသော [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြင်သည် ကောင်းကင်အရောင်နှင့်လိုက်ကာ မှုန်ပြပြဖြစ်နေသည်။

လျှပ်စစ်မီးရောင်စုံတို့ လင်းလက်ကာ ပြည်လမ်းမကြီးတစ်လျှောက် အမျှင်မပြတ် ပြေးလွှားနေသော ကားရောင်စုံတန်းကြီးကို အပေါ်စီးမှမြင်တွေ့နေရသည်။

သူမတို့ထိုင်နေကျ ခုံတန်းလေးမှာ ထိုင်ဖြစ်ကြသည်။ စကားမဆိုဖြစ်ကြ။ တစ်ယောက်လက်ကို တစ်ယောက်တော့ တင်းကြပ်စွာ ဆုပ်ကိုင်ထားမိကြသည်။ ခေါင့်ပခုံးပေါ် ခေါင်းလေးမှီခွဲ့သောအခါ ခေါင်က သူမဦးခေါင်းကို သူ့ပါးပြင်နှင့် ထိကပ်ထား၏။

ချစ်သူနှစ်ဦးအတွက် နောက်ဆုံးအတူရှိနေခွင့်ရသော အချိန်ကလေးဖြစ်ပါသည်။

ကျေးဇူးပြု၍ အချိန်တွေရယ်...မကြွေပါနဲ့ဦးနော်။

မိုမို(အင်းလျားသို့လ်)




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပိုပို

(ဒေးတက္ကသိုလ်)



ဆုံမှတ်မဲ့ မျဉ်းနှစ်ကြောင်းရဲ့ ပုံပြင်

www.burmeseclassic.com